# ကြားဖြတ်အစီရင်ခံစာ

Asian Network for Free Elections

IEOM TO THE 2020 Myanmar General Elections

## Table of Content


| | |
|---|---|
| နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ (IEOM) ၏နောက်ခံအကျဉ်း | ၁ |
| အစီရင်ခံစာ အနှစ်ချုပ် | ၃ |
| ရွေးကောက်ပွဲနေ့ | ၇ |
| ကြိုတင်မဲပေးခြင်း | ၁၄ |
| မဲဆွယ်စည်းရုံးမှုပတ်ဝန်းကျင် | ၂၂ |
| ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများ | ၃၅ |
| နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်း | ၄၁ |
| ဥပဒေမူဘောင် | ၄၅ |
| ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေး | ၅၂ |
| မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့်ရွေးကောက်ပွဲလေ့လာခြင်း | ၅၇ |
| ဘေးဖယ်ချန်ထားခြင်းခံရသောလူ့အဖွဲ့အစည်းများ၏ပါဝင်မှု | ၆၁ |
| သတင်းမီဒီယာအခင်းအကျင်း | ၆၇ |

# နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ (IEOM) ၏နောက်ခံအကျဉ်း

မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကိုလေ့လာရန် လွတ်လပ်သောရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL) ၏ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ (IEOM) ကို ၂၄ ရက် တိုင်တိုင် ဖြန့်ကျက်လေ့လာမည့် ကာလရှည်လေ့လာသူ (LTOs) ၁၃ ဦး၊ ၈ ရက် တိုင်တိုင်ဖြန့်ကျက်လေ့လာမည့် ကာလတို လေ့လာသူ (STOs) ၈ ဦး၊ ရွေးကောက်ပွဲနေ့၌ လေ့လာမည့်သူ နောက်ထပ် (၃) ဦး၊ ရန်ကုန်တွင် အခြေစိုက်သည့် ပင်မအဖွဲ့တစ်ဖွဲ့အပြင် ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်သူ (၄) ဦး (ရန်ကုန်တွင် ၁ ဦးနှင့် အဝေးရောက် ဆောင်ရွက်မည့်သူ ၃ ဦး)တို့ဖြင့် ဖွဲ့စည်းထားသည်။ ANFREL သည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုအနက် ၁၃ ခုတွင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများကို စေလွှတ်နိုင်ခဲ့ပါသည်။

နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့သည် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာကြိုတင်ပြင်ဆင်မှုများ၊ မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးခြင်း၊ မဲဆွယ်စည်းရုံးမှုကို ရပ်နားရသည့် ကာလ(Cooling Period) နှင့် ရွေးကောက်ပွဲနေ့ဆောင်ရွက်မှုများကို လေ့လာခဲ့ကြပါသည်။ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်ကဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်လောင်းများနှင့်ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရဲဝန်ထမ်းများ၊ မဲရုံဝန်ထမ်းများ၊ မီဒီယာအဖွဲ့အစည်းများနှင့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများအပါအဝင် နိုင်ငံတဝှမ်းရှိ မတူညီသော ရွေးကောက်ပွဲတွင် ဆက်စပ် ပတ်သတ်နေသူများအား အင်တာဗျူးရာပေါင်းများစွာဖြင့် အတွင်းကျကျ မေးမြန်းခဲ့ပါသည်။

ANFREL ၏ရွေးကောက်ပွဲလေ့လာသူများက ကြိုတင်မဲပေးသည့်ကာလတွင် မဲရုံပေါင်း (၂၀၅) ရုံသို့သွားရောက် လေ့လာနိုင်ခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် နောက်ထပ်မဲရုံပေါင်း (၂၆၇) ရုံသို့ သွားရောက်ခဲ့ကြသည့်အတွက် မဲရုံဖွင့် ချိန်မှစ၍ မဲရေတွက်သည့်အချိန်တိုင် တစ်နေ့တာလုံးတွင် မဲရုံလုပ်ငန်းစဉ်တစ်ခုလုံးကို ရှုထောင့်ပေါင်းစုံက လွှမ်းခြုံ နိုင်ခဲ့ကြပါသည်။

ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများနှင့် ကူညီပံ့ပိုးသူဝန်ထမ်းများ (ဘာသာပြန်များနှင့် ကားဆရာများ) အားလုံးအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို ဆောင်ရွက်နေစဉ်တလျှောက်၌ သက်ဆိုင်ရာဒေသသို့ ရောက်ရှိ ချိန်တွင် မဖြစ်မနေ ကွာရန်တင်းဝင်ခဲ့ကြသည့် ဖြစ်ရပ်အချို့အပါအဝင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ အားလုံးနှင့် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ တင်းကျပ်သောလုပ်ထုံးလုပ်နည်းများကို လိုက်နာခဲ့ကြသည်။ ဝန်ထမ်းတစ်ဦးချင်းစီသည် ကိုဗစ်-၁၉ ရောဂါပိုးစစ်ခြင်းကို အနည်းဆုံးတစ်ကြိမ်စစ်ခဲ့ကြရပြီး အားလုံးတွင် ရောဂါပိုးမရှိကြောင်းအဖြေထွက်ခဲ့ပါသည်။

ဤကြားဖြတ်အစီရင်ခံစာတွင် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့၏ ရွေးကောက်ပွဲကျင်းပသည့်နေ့ (၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ရက်နေ့) အထိ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် လုပ်ရှားဆောင်ရွက်မှုအားလုံးအတွက် ကနဦးဆန်းစစ်သုံးသပ်ချက်များပါဝင်ပါသည်။ ANFREL အနေဖြင့် ရွေးကောက်ပွဲအပြီး ၂ လ အတွင်း ပြီးပြည့်စုံသော အပြီးသတ်မစ်ရှင်အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်သွားမည်ဖြစ်ရာ ဤကြားဖြတ် အစီရင် ခံစာတွင်ပါဝင်သည့် သတင်းအချက်အလက်များကို ချဲ့ထွင်တင်ပြသွားမည်ဖြစ်ပြီး ရလဒ်ထုတ်ပြန်ကြေညာ မှုအပေါ်အကဲဖြတ်ဆန်းစစ်မှု၊ ရွေးကောက်ပွဲအလွန်ကာလ၊ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုကို ဖြေရှင်းခြင်းအပြင်

မြန်မာနိုင်ငံ၏ လာမည့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုတိုးတက်စေရန် လုပ်ဆောင်သင့်သည့် အကြံပြုချက်အစုံအလင်တို့ ပါဝင်မည်ဖြစ်ပါသည်။

ANFREL ၏ နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးဆိုင်ရာကြိုးပမ်းအားထုတ်မှုများသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ICCPR)၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် ဒီလီ အညွှန်းကိန်းများကဲ့သို့သော နိုင်ငံတကာနှုန်းစံများနှင့်စာချုပ်စာတမ်းများတွင် ဖော်ပြထားသည့် နည်းစနစ်များကို လိုက်နာကျင့်သုံးထားပါသည်။ ANFREL သည် နိုင်ငံတကာရွေးကောက်ပွဲလေ့လာခြင်းနှင့် လိုက်နာအပ်သည့် ကျင့်ဝတ်နှင့်မူများဆိုင်ရာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

# အစီရင်ခံစာ အနှစ်ချုပ်

ခက်ခဲသည့် အခြေအနေများကြားမှ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် မြန်မာပြည်သူ/သားများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သိန်းဂဏန်းမျှသော မဲရုံဝန်ထမ်းများအားလုံးအတွက် ANFREL က ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။ ထပ်မံ၍ ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူများအားလုံး အထူးသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အားလည်း တက်ကြွအားကောင်းသော ရွေးကောက်ပွဲအခင်းအကျင်းတစ်ရပ်ဖြစ်အောင် ပံ့ပိုးကူညီခဲ့ခြင်း၊ အလွန်တရာလိုအပ်သော မဲဆန္ဒရှင်အသိပညာပေးခြင်း၊ အရေးဆိုတင်ပြဆွေးနွေးမှုများနှင့် ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

ရွေးကောက်ပွဲနေ့တွင် ပြဿနာကြီးကြီးမားမားမရှိလှဘဲ နိုင်ငံတဝှမ်းလုံး တည်ငြိမ်အေးချမ်းပြီး အစီအစဉ်တကျဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ မဲဆန္ဒလာရောက်ပေးသူများစွာရှိခဲ့ပြီး ကိုဗစ် ၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများကြောင့် မဲပေးသည့် လုပ်ငန်းကြန့်ကြာခြင်း၊ တခါတရံ ရှည်လျားကြာမြင့်စွာတန်းစီရခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း မဲဆန္ဒရှင်များအားလုံး မဲပေးခွင့်ရရှိခဲ့ကြပါသည်။ မဲပေးသည့်လုပ်ငန်းစဉ်များတွင် ကွဲလွဲသည့်ဖြစ်စဉ်အချို့ကို တွေ့ရှိရသည်ဟု ANFREL ရွေးကောက်ပွဲလေ့လာသူများက အစီရင်ခံခဲ့ကြသော်လည်း မဲပေးသည့်လုပ်ငန်းစဉ်၏ သမာသမတ်ဖြစ်မှုကို ထိခိုက်စေလောက်အောင်မဖြစ်ခဲ့ပါ။ လူအုပ်ကြီးမားပြီး များပြားလွန်းလှခြင်း နှင့်/သို့မဟုတ် နေရာအခက်အခဲရှိခြင်းတို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ တန်းစီခြင်းကို နေရာတော်တော်များများတွင် လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြသော်လည်း မဲပေးသည့်လုပ်ငန်းနှင့် မဲရေတွက်သည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ကြပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ယေဘုယျအားဖြင့် ကောင်းမွန်စွာ အကောင်အထည် ဖော်နိုင်ခဲ့ကြပါသည်။

ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း မဲဆန္ဒရှင်များ၏ပါဝင်မှု တိုးမြင့်စေရန်အလို့ငှာ UEC က ယခင်ရွေးကောက်ပွဲများနှင့် ခြားနားစွာ ကြိုတင်မဲပေးသည့်လုပ်ငန်းစဉ်အတွက် ကြီးမားသော အပြောင်းအလဲများပြုလုပ်ပေးခဲ့ပါသည်။ ဤတွင် သက်ကြီးရွယ်အိုမဲဆန္ဒရှင်များအား နေအိမ်မှ မဲပေးခွင့်ပေးခြင်း၊ quarantine centre များတွင် မဲရုံများပြုလုပ်ပေးခြင်း၊ ခရီးသွားလာရေးဆိုင်ရာ အကန့်အသက်များကြောင့် သက်ဆိုင်ရာမဲဆန္ဒနယ်သို့ မပြန်နိုင်သည့်သူများအတွက် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခွင့်ကို တိုးချဲ့ဖော်ဆောင်ပေးခြင်းတို့ အပါအဝင်ဖြစ်ပါသည်။ ကြိုတင်မဲပေးခြင်းဆိုင်ရာလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရာ၌ တသမတ်တည်းမဖြစ်ခဲ့ဘဲ ကြိုတင်မဲကိစ္စသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံးတွင် အားနည်းချက်အရှိဆုံး ဖြစ်ခဲ့သည့်တိုင် ANFREL အနေဖြင့် ကြိုတင်မဲပေးသည့် လုပ်ငန်းစဉ်တစ်ရပ်လုံး၏ သမာသမတ်ဖြစ်မှုအပေါ် သံသယဖြစ်ဖွယ်ရာအကြောင်းတစ်စုံတစ်ရာ မတွေ့ခဲ့ရပါ။ လုပ်ငန်းစဉ်လုံခြုံမှုရှိစေရန်နှင့် ဆန္ဒမဲလက်မှတ်များ၏ လျှို့ဝှက်မှုကို အာမခံပေးနိုင်ရန် နောင်အနာဂတ်တွင် ယခုထက် ပိုမိုတိကျသည့်လုပ်ငန်းစဉ်များ ပြုလုပ်သွားရန် ANFREL က အကြံပြုမည် ဖြစ်သော်လည်း UEC အနေဖြင့် ခက်ခဲသောအခြေအနေတစ်ရပ်တွင် မဲဆန္ဒရှင်များ၏ပါဝင်မှု ပိုမိုအားကောင်းစေရန် ကြိုဆိုသင့်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်နိုင်ခဲ့ပါသည်။

ရွေးကောက်ပွဲအကြမ်းဖက်မှု ဖြစ်စဉ်တချို့နှင့် အများအားဖြင့် အသေးစားဖြစ်ရပ်များ ဖြစ်ပွားခဲ့သည့်တိုင် မဲဆွယ်စည်းရုံးရေး အခင်းအကျင်းသည်လည်း ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းခဲ့ပါသည်။ သို့သော် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝန်းရံသူတစ်ဦးသေဆုံးခဲ့ခြင်း၊ ရခိုင်ပြည်နယ်အတွင်း NLD ကိုယ်စားလှယ်လောင်း သုံးဦး ပြန်ပေးဆွဲခံရခြင်းတို့မှာမူ ANFREL အနေဖြင့် လုံးဝရှုတ်ချသည့် ဖြစ်ရပ်များဖြစ်ကြပါသည်။ အသစ်ပြင်ဆင်ထားသော နိုင်ငံရေးပါတီများ လိုက်နာရမည့်ကျင့်ဝတ်များကို ပါတီ ၃၀ မှ ကန့်ကွက်သပိတ်မှောက်ခြင်းသည်လည်း စိုးရိမ်ဖွယ်ရာ ကိစ္စရပ်တစ်ခုဖြစ်ပြီး ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာ၌ တန်းတူညီမျှပြီး ကျင့်ဝတ်နှင့်အညီ ယှဉ်ပြိုင်ခွင့်ကို မြှင့်တင်ဆောင်ရွက်သည့်နေရာတွင် ထိခိုက်မှုဖြစ်လာနိုင်ပါသည်။ မဲဆွယ်စည်းရုံးမှုများကို အွန်လိုင်းပေါ်တွင်သာ အဓိက ပြုလုပ်သောအခါ အင်တာနက်လိုင်း ကောင်းမွန်စွာမရရှိသည့် ပြည်သူအများစုမှာ ဖယ်ကြဉ်ခြင်းခံရသလို ဖြစ်သွားခဲ့သည်။ သတင်းတု၊ သတင်းမှားများ လူမှုကွန်ရက်များပေါ်တွင် ပြန်နှံ့နေချိန်၌ ဖေ့စ်ဘုတ်ပေါ်တွင် ကြေညာစရိတ်များ အမြောက်အမြား သုံးစွဲလာကြသည်။ နိုင်ငံပိုင်သတင်းမီဒီယာမှ မဲဆွယ်မိန့်ခွန်း ပြောကြားသည့်အခါတွင်လည်း ရွေးကောက်ပွဲကော်မရှင်မှ ဆင်ဆာဖြတ်တောက် ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့သည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် ကိုဗစ် ၁၉ ရောဂါဆိုင်ရာ အစီအမံများဖြစ်သည့် မျက်နှာနှင့်နှာခေါင်းစည်းများ(Mask) ဝတ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင်နေရခြင်း၊ လက်သန့်ဆေးရည်အသုံးပြုခြင်း၊ လူ ၅၀ ဦးထက် ပိုမို၍ စုဝေးခွင့်မရှိခြင်း အစရှိသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် လမ်းညွှန်ချက်များကို လိုက်နာရသည့်အတွက် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ များစွာမပြုလုပ်နိုင်တော့ပေ။ မဲဆွယ်စည်းရုံးမှုများကို stay-at-home အမိန့် ထုတ်ပြန်ထားသည့်နေရာများတွင်လည်း ပြုလုပ်ပိုင်ခွင့်မရှိချေ။ အဆိုပါ လမ်းညွှန်ချက်များအားလိုက်နာခြင်း၊ အရေးယူဆောင်ရွက်ခြင်း ရှိမရှိ လေ့လာကြည့်သောအခါ လုံလောက်သောဆောင်ရွက်မှုမရှိသည်ကို တွေ့ရသည့်အတွက် အန္တရာယ်ရှိသော မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်တစ်ခုဖြစ်စေခဲ့ပြီး တန်းတူညီမျှမှုမရှိသော ယှဉ်ပြိုင်မှုကိုလည်း ဖြစ်စေခဲ့သည်။

အမတ်နေရာအားလုံး၏ ၂၅% ကို တပ်မတော်အတွက် ချန်လှပ်ပေးထားရသည့်အတွက် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်မှာ အခြေခံအားဖြင့် ဒီမိုကရေစီမဆန်လှချေ။ အလားတူစွာပင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းမှုမှာလည်း တပ်မတော်က ရရှိထားသည့် ဗီတိုအာဏာကြောင့် မအောင်မြင်ခဲ့ပေ။ ထို့အပြင် ရိုဟင်ဂျာတိုင်းရင်းသားများနှင့် သာသနာ့ဝန်ထမ်းများအပါအဝင် ကြီးစွာသော လူဦးရေ၏ အစိတ်အပိုင်းများမှာ မဲပေးခွင့် ဆုံးရှုံးနေဆဲဖြစ်ပါသည်။ မဲဆန္ဒနယ်သတ်မှတ်သည့်ပုံစံကြောင့် လွှတ်တော်အမတ်နေရာများတွင် လူဦးရေအချိုးမမျှခြင်း၊ လူဦးရေပြန့်နှံ့မှုမညီမျှခြင်းတို့ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေပါသည်။ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲနည်းဥပဒေများတွင် ကြိုဆိုလက်ခံရမည့် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။ သာဓကအားဖြင့်ဆိုရသော် ပြည်တွင်းစစ်ဘေးရှောင်များ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ကျောင်းသားများအား ၎င်းတို့ လက်ရှိနေထိုင်ရာအရပ်ဒေသတွင် အလွယ်တကူ မဲပေးခွင့်ပေးခြင်း၊ တပ်မတော်အခြေစိုက်စခန်းများအတွင်း မဲရုံများထားရှိခွင့် မပေးတော့ခြင်းတို့ဖြစ်ကြပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေး ပါတီ ၉၁ ပါတီနှင့် ကိုယ်စားလှယ်လောင်း ၅,၆၄၃ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်များအတွက် ရွေးချယ်စရာ အမြောက်အမြားရရှိခဲ့ပါသည်။ သို့သော်လည်း ခွဲခြားဆက်ဆံမှုရှိသည်ဟုလူပြောများသည့် နိုင်ငံသားဥပဒေကို အသုံးပြု၍ အချို့သော

ကိုယ်စားလှယ်လောင်းများကို ငြင်းပယ်ခဲ့ရာ ကိုယ်စားလှယ်လောင်းအချို့နှင့် အစ္စလာမ်ဘာသာဝင်များမှာ တဖက်သတ် ထိခိုက်နစ်နာခဲ့ရပါသည်။ ထို့အပြင်လည်း ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) အား ရွေးကောက်ပွဲမတိုင်မီ သုံးပတ်အလိုတွင်မှ ဖျက်သိမ်းလိုက်ခြင်းသည် ယင်းပါတီအတွက် ကြိုတင်မဲပေးခဲ့ပြီး ဖြစ်သည့် မဲဆန္ဒရှင်များအတွက် ထိခိုက်နစ်နာစေခဲ့ပါသည်။

ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခြင်းသည် သဘောထား ကွဲလွဲမှုများ ဖြစ်စေခဲ့ပြီး များစွာလည်း အဝေဖန်ခံခဲ့ရသည့်တိုင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ရက် အတိုင်း ဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ အကြောင်းရင်းတစိတ်တဒေသမှာ ရွေးကောက်ပွဲပြက္ခဒိန်တွင် ဤအနေအထားကိုကိုင်တွယ်ဖို့ရာ များစွာအခွင့်အရေး မပေးသောကြောင့်ဖြစ်ပါသည်။ ဤသည်မှာ မှန်ကန်သော ဆုံးဖြတ်ချက်ဟုတ်၊ မဟုတ်ကို ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြောင့် ရောဂါဖြစ်ပွားမှု အခြေအနေအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို စနစ်တကျ ဆန်းစစ်လေ့လာပြီးမှသာ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ များစွာသော အရပ်ဒေသများ၌ လက်နက်ကိုင်ပဋိပက္ခများ တစ်ကျော့ပြန်ဖြစ်ပွားလာခြင်းကြောင့် လုံခြုံရေးအရ ရွေးကောက်ပွဲများဖျက်သိမ်းခဲ့ရသည့် မဲဆန္ဒနယ်များမှာ ၂၀၁၅ ခုနှစ်ထက်ပင် အရေအတွက် များပြားခဲ့ပါသည်။ ဤတွင် မည်သည့်မဲဆန္ဒနယ်ကို ရွေးကောက်ပွဲရွှေ့ဆိုင်းမည်ဟုဆုံးဖြတ်ရာ၌ UEC သည် တသမတ်တည်းမဖြစ်၊ ပွင့်လင်းမြင်သာမှုမရှိဟု ယူဆခဲ့ကြသည့်အတွက် အချို့နေရာများမှာ အငြင်းပွားဖွယ် ဖြစ်ခဲ့သည်။

အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ယင်းအနေအထားမှာ ပို၍ဆိုးရွားခဲ့သည်။ ရခိုင်ပြည်နယ်ရှိ စာရင်းထုတ်ပြန်ပြီး မဲဆန္ဒရှင်များအားလုံး၏ လေးပုံသုံးပုံမှာ မြို့နယ်ကိုးခုနှင့် မြို့နယ်လေးခုမှ ကျေးရွာအုပ်စုအချို့တွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းခြင်းကြောင့် မဲပေးခွင့်ဆုံးရှုံးခဲ့ကြရသည်။ ထို့အပြင်လည်း ခွဲခြားဆက်ဆံမှုရှိသော နိုင်ငံသားဖြစ်မှု ဥပဒေများကြောင့် ရိုဟင်ဂျာ ၆၀၀,၀၀၀ ခန့်မှာ အခြေခံ နိုင်ငံရေးရပိုင်ခွင့်များ ငြင်းပယ်ခံခဲ့ရသည်။ ရခိုင်ပြည်နယ် သည် မြန်မာနိုင်ငံတွင် အသစ်တစ်ဖန်ဖြစ်ပွားသည့် ကိုဗစ် ၁၉ ရောဂါကူးစက်မှုစတင်ရာနေရာဖြစ်ပြီး ဩဂုတ်လ ကတည်းကစ၍ ပြည်နယ်တစ်ခုလုံးတွင် stay-at-home အမိန့်ထုတ်ပြန်ထားသည်။ သတင်းစာဖြန့်ချိမှုပင် မရှိတော့သည့်အတွက် ဤအခြေအနေသည် ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးခွင့်ကို ထိခိုက်စေသည်သာမက မဲဆန္ဒရှင်များ အချက်အလက်စုံလင်စွာဖြင့် ရွေးချယ်မှုပြုနိုင်ဖို့ရာ သတင်းအချက်အလက် လက်လှမ်းမီရယူနိုင်မှု ကိုလည်း ထိခိုက်စေခဲ့သည်။ မိုဘိုင်းအင်တာနက်ကို ကာလကြာမြင့်စွာ ဖြတ်တောက်ထားခြင်း၊ တောင်ကုတ် မြို့နယ်တွင် NLD ကိုယ်စားလှယ်လောင်း သုံးဦးကို ရက္ခိုင့်တပ်မတော်မှ ပြန်ပေးဆွဲခြင်းတို့သည် ရခိုင်ပြည်နယ်တွင် ဒီမိုကရေစီနည်းလမ်းကျသောရွေးကောက်ပွဲများ ဖြစ်ပေါ်နိုင်စရာအခြေအနေမရှိဟူသော ရုပ်လုံးကိုပီပြင်စေ ခဲ့သည်။

မြန်မာနိုင်ငံတွင် သတင်းစာနှင့်အင်တာနက်လွတ်လပ်ခွင့်တို့မှာ ဆက်တိုက်ဆိုသလို ကျဆင်းလျက်ရှိသည်။ သတင်းမီဒီယာလောကမှ ၎င်းတာဝန်များကို ကျေပွန်ဖို့ရာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြသော်လည်း သတင်း အရင်းမြစ်များကို လက်လှမ်းမီဖို့ရာ ခက်ခဲခြင်း၊ သတင်းဝက်ဘ်ဆိုဒ်များ ပိတ်ပင်ခြင်း၊ အကဲဆတ်သော သတင်းများ ရေးသားတင်ဆက်သည့် ဂျာနယ်လစ်များအား တရားစွဲဆိုခြင်း၊ ကိုရိုနာဗိုင်းရပ်သစ် ပြန့်ပွားမှုကို ထိန်းချုပ်ရန် ခရီးသွားလာခွင့်ကန့်သတ်ခြင်း အစရှိသော ပြဿနာရပ်များနှင့် ရင်ဆိုင်နေကြရသည်။ ရွေးကောက်ပွဲ သတင်းတင်ဆက်မှုလေ့လာခြင်းဆိုင်ရာ ကနဦးတွေ့ရှိချက်များအရ သတင်းမီဒီယာများ အဓိက အာရုံထားသည်မှာ အထင်ကရပါတီကြီးနှစ်ခုဖြစ်ပြီး ပါတီငယ်များနှင့်တိုင်းရင်းသားပါတီများအပေါ် စိတ်ဝင်စားမှု နည်းပါးသည်ကို

တွေ့ရသည်။ ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ အွန်လိုင်းပေါ်မှ သတင်းတု၊ သတင်းမှားများ ဖြန့်ချိသည့် လှုပ်ရှားမှုများမှာလည်း ပြဿနာတစ်ရပ်အနေဖြင့် ပါဝင်နေပါသည်။

ကိုဗစ် ၁၉ ရောဂါကြောင့် မြေပြင်ပေါ်တွင် လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် အီလက်ထရောနစ် နည်းလမ်းများဖြင့် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန် ကြိုးပမ်းသည့် UEC ၏ အားထုတ်မှုကို ANFREL က အသိအမှတ်ပြုပါသည်။ သို့သော်လည်း မဲဆန္ဒရှင်များအတွက် မဲဆန္ဒရှင် အသိပညာ ပေးသည့် အဆင့်ပမာဏမှာ အထူးသဖြင့် ကျေးလက်ဒေသများတွင် နိမ့်ပါးလျက်ရှိနေပါသည်။ မဲဆန္ဒရှင် အသိပညာပေး ရုပ်သံနှင့်စာရွက်စာတမ်းများတွင် UEC အနေဖြင့် တိုင်းရင်းသားနှင့်ဘာသာစကားအရ လူနည်းစုတို့အတွက် အာရုံစိုက်မှု နည်းပါးခဲ့သည့်အတွက် အချို့သောတိုင်းရင်းသား အစုအဖွဲ့များသည် မဲပေးသည့် လုပ်ငန်းစဉ်ကို နားမလည်ခဲ့ကြပေ။ ဤလိုအပ်ချက်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ၎င်းတို့အစီအစဉ်ဖြင့် တစိတ်တဒေသ ဖြည့်ဆည်းသည့်အနေဖြင့် အွန်လိုင်းတွေ့ဆုံပွဲများ၊ အုပ်စုငယ်များပါဝင်သည့် အစည်းအဝေး များကို ပြုလုပ်ခဲ့ကြပြီး တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအနှံ့အပြား၌ ရွေးကောက်ပွဲလေ့လာမှုများ ပြုလုပ်ပေး ခြင်းဖြင့် လက်ရှိ နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အားပေးကူညီခဲ့ကြပါသည်။

အမျိုးသမီး ကိုယ်စားလှယ်လောင်း ၁၆% (၅,၆၄၃ ဦး အနက် ၉၀၂ ဦး) ပါဝင်လာသည့်အတွက် ၂၀၁၅ ခုနှစ်အတွင်း ၁၃% နှင့်နှိုင်းစာပါက ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်လာမှုမှာ စဉ်းငယ်မျှ တိုးတက် လာခဲ့ပါသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများမှာ ခွဲခြားဆက်ဆံမှု များနှင့် ကြုံတွေ့ခဲ့ကြရပါသည်။ အမျိုးသမီးများ၏ ပြည့်သူ့ရေးရာကိစ္စရပ်များကို ပါဝင်ဆောင်ရွက်သည့်အပေါ် အများပြည်သူထားရှိသည့်အမြင်ကို ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူများမှ ပိုမိုတိုးတက်အောင် ပြုလုပ် လာနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်လာကြသည့် ၅ သန်းမျှသော ပထမဆုံးအကြိမ် မဲပေးကြမည့် လူငယ်များသည် ဒီမိုကရေစီအပေါ် စိတ်ဝင်စားမှု၏ မှတ်ကျောက်ပင်ဖြစ်ပါသည်။ လက်ရှိ ရွေးကောက်ပွဲစက်ဝန်း တွင် လိင်စိတ်/လိင်ဝိသေသလက္ခဏာ ခံယူဖော်ပြမှုကွဲပြားသူအဖြစ် တရားဝင်ထုတ်ဖော်ပြောကြားထားသည့် ကိုယ်စားလှယ်လောင်းတစ်ဦးလည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည်ကိုတွေ့ရှိရပါသည်။ ANFREL ရွေးကောက်ပွဲလေ့လာသူများ၏ အစီရင်ခံချက်အရ မဲရုံအများစုမှာ ဘီးတပ် ကုလားထိုင် သွားလာ၍မရနိုင်ကြောင်းကိုသိရှိရ၍ မသန်စွမ်းသူများမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဖယ်ကြဉ်ခြင်း ခံနေရဆဲဖြစ်သည်ဟုဆိုရပါမည်။

# ရွေးကောက်ပွဲနေ့

*မဲရုံများ*

၂၀၁၆ ခုနှစ် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအား အာဏာလွှဲပြောင်းပေးလိုက်သည့် သမိုင်းဝင်ဖြစ်ရပ်နောက်ပိုင်း ပထမဦးဆုံးသောအထွေထွေရွေးကောက်ပွဲတွင် မဲပေးရန်အတွက် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ၃၈ သန်းသော မဲဆန္ဒရှင်များမှာ ဖိတ်ကြားခြင်းခံခဲ့ရပါသည်။ ကိုဗစ် ၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကြားမှပင် မြောက်မြားစွာသော မဲဆန္ဒရှင်များသည် မဲရုံများသို့ လာရောက်ခဲ့ကြရာ လာရောက်မဲပေးသူ ပမာဏသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှုနီးပါး မြင့်မားသည်ဟုခန့်မှန်းရသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ANFREL က ရွေးကောက်ပွဲလေ့လာသူများသည် မဲပေးသည့် လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၃ ခုရှိ မဲရုံစုစုပေါင်း ၂၂၅ ရုံသို့ သွားရောက်ခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့သည် အေးဆေးတည်ငြိမ်မှုနှင့် စည်းကမ်းသေဝပ်မှုရှိပါသည်။ မဲပေးသည့်လုပ်ငန်းကို ပျက်ပြားစေသော (သို့မဟုတ်) မဲပေးသည့်လုပ်ငန်းစဉ်၏ သမာသမတ်ကျမှုကို ထိခိုက်စေနိုင်လောက်သော မည်သည့် မသမာမှုအဖြစ်အပျက် ကြီးကြီးကျယ်ကျယ်ကိုမှ မတွေ့ရပါ။

ရွေးကောက်ပွဲနေ့တွင် စာသင်ခန်းများနှင့် အခမ်းအနားပေါင်းစုံအတွက် အသုံးပြုနိုင်သော ခန်းမကျယ်များကို မဲရုံများအဖြစ် အဓိက အသုံးပြုခဲ့ကြပါသည်။ အထူးသဖြင့် ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်အတွင်း၌ ခန်းမကျယ်များသည် မဲလာပေးသူများစွာအတွက် နေရာကျယ်ကျယ်ဝန်းဝန်းပေးနိုင်ခြင်း၊ လူအုပ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်ခြင်းနှင့် လေဝင်လေထွက် ကောင်းမွန်ခြင်းတို့ကြောင့် ပိုမိုသင့်တော်မှုရှိပါသည်။ အချို့သော စာသင်ခန်းများမှာမူ သေးငယ်လွန်းလှသည့်အတွက် လူတစ်ဦးနှင့်တစ်ဦးကြား ခြောက်ပေခွာရန် အတွက်ခက်ခဲရုံမက လျှို့ဝှက်စွာမဲပေးနိုင်ရန်အတွက်ပင် အခက်အခဲရှိပါသည်။ ထို့အပြင်လည်း ANFREL သွားရောက်လေ့လာခဲ့သည့် အချို့သောမဲရုံများကို ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများတွင် ထားရှိသည့်အတွက် UEC ၏ စည်းမျဉ်းစည်းကမ်းနှင့် ဆန့်ကျင်လျက်ရှိပါသည်။

မဲရုံအများစုမှာ မသန်စွမ်းသူများ (PWDs) အတွက် သွားလာလှုပ်ရှားရန်အတွက် အဆင်မပြေသည်ကို တွေ့ရှိရပါသည်။ ANFREL က သွားရောက်လေ့လာခဲ့သည့် မဲရုံအားလုံး၏ ၇၉% မှာ အဝင်ဆင်ခြေလျှောမပါရှိခြင်း (သို့မဟုတ်) မြေမျက်နှာပြင်မညီညာခြင်းတို့ကြောင့် ဘီးတပ်ကုလားထိုင် အသုံးပြုသူများအနေဖြင့် ပြင်ပအကူအညီ မပါဘဲ ဝင်ထွက်သွားလာရန်မဖြစ်နိုင်ချေ။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အနေဖြင့် UEC အား နောင်အနာဂတ်တွင် မဲရုံများအား ပိုမိုလက်လှမ်းမီသွားလာအသုံးပြုနိုင်ရန် အဆိုပြုလိုပါသည်။

ANFREL ၏ လေ့လာသူများအနေဖြင့် မဲပုံးများထားရှိသည့်နေရာများသည် အများအားဖြင့် လုံခြုံလျှို့ဝှက်စွာ မဲပေးနိုင်ရန် စီစဉ်ထားကြောင်းတွေ့ရှိရသော်လည်း မဲပုံးများအား ပြတင်းပေါက်ဖွင့်ရက်သားနေရာများတွင် ထားရှိသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဤနေရာမျိုးတွင် ဖြတ်သွားဖြတ်လာများအနေဖြင့် မည်သို့မဲပေးသည်ကို ရှင်းလင်းစွာ မြင်တွေ့နိုင်သည့်အနေအထားရှိပါသည်။ အချို့သောမဲရုံများမှာ လုံလုံလောက်လောက် ကျယ်ဝန်းခြင်း

မရှိသည့်အတွက် မဲပုံးတစ်ခုနှင့်တစ်ခုကြား လုံလောက်သည့်အကွာအဝေး မထားရှိနိုင်သည့်အလျောက် မဲပေးသူများအနေဖြင့် တစ်ဦး၏ကို တစ်ဦးမြင်တွေ့သွားနိုင်ပါသည်။

ရွေးကောက်ပွဲလေ့လာသူများ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များအနေဖြင့် လေ့လာခွင့်ကို မဲရုံတိုင်းနီးပါးတွင် ရရှိခဲ့ကြပါသည်။ နေရာအကန့်အသတ်ရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေရခြင်းတို့ကြောင့် လေ့လာသူများအတွက် မဲရုံအတွင်း သီးခြားနေရာပေးဖို့ရာ အကန့်အသတ်ဖြင့်သာ ပြုလုပ်နိုင်ခဲ့သည့်တိုင် အချို့သောမဲရုံများ၌မူ အပြင်ဘက်မှ လေ့လာမှုပြုနိုင်ရန် သီးသန့်နေရာ သတ်မှတ်ပေးထားသည်ကို တွေ့ရှိရပါသည်။ ခြွင်းချက်အနေဖြင့်ဆိုရပါမူ ANFREL လေ့လာသူများက သက်ဆိုင်ရာ မဲရုံတာဝန်ခံအား အထောက်အထားများပြသသည့်တိုင် အကြောင်းပြချက် မယ်မယ်ရရမရှိဘဲ မဲရုံအတွင်း အဝင်မခံသည့် ဖြစ်ရပ်အချို့လည်းရှိခဲ့ပါသည်။ ဤကဲ့သို့သော အဆင်မပြေမှုများကို ဖြေရှင်းသည့်အနေဖြင့် မဲရုံဝန်ထမ်းများအားသင်တန်းပေးရာ၌ ထည့်သွင်းအသိပညာပေးခြင်းဖြင့် တရားဝင်ခွင့်ပြုမိန့်ရ ရွေးကောက်ပွဲလေ့လာသူများအား အတားအဆီးမရှိ ဝင်ရောက်လေ့လာခွင့်ပြုပေးဖို့ရာ UEC အား တောင်းဆိုလိုပါသည်။



*စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲနေ့မဲပေးပုံ*

*မဲပေးသည့်လုပ်ငန်းစဉ်*

ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်များအနေဖြင့် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်မဲပေးနိုင်သည်။ ANFREL စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံအများစုမှာ အချိန်မီဖွင့်လှစ်နိုင်သည်ကိုတွေ့ရပြီး ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းပစ္စယများ အရောက်နောက်ကျ၍ အတန်ငယ်ကြန့်ကြာသွားသည့် မဲရုံအချို့ပင် နံနက် ၆း၁၀ နောက်ဆုံးထား၍ ဖွင့်လှစ်နိုင်ကြသည်။ လိုအပ်သော မဲရုံသုံးပစ္စည်းများမှာ အချိန်မီရောက်ရှိပြီး သက်ဆိုင်ရာ နေရာများတွင် မှန်မှန်ကန်ကန် နေရာချထားသည်ကိုလည်း တွေ့ရှိရပါသည်။ မဲပုံးအလွတ်များကို အများမြင်သာ အောင်ပြသခြင်းနှင့် ယင်းနောက် လုံခြုံရေးကြိုးနှင့်ချိတ်ပိတ်ခြင်းများကိုလည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြပါသည်။

သွားရောက်လေ့လာခဲ့သည့် မဲရုံအများစု၏အပြင်ဘက်တွင် မဲဆန္ဒရှင်များနှင့်သင့်တော်မည့် ညွှန်ကြားချက်များ၊ သတင်းအချက်အလက်များပါ ပိုစတာများကို ပြသထားသည်ကိုတွေ့ရပါသည်။ ကိုဗစ် ၁၉ ဖြစ်ပွားစဉ်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ မဲပေးနိုင်ရေးအတွက် ညွှန်ကြားချက်များ၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ဖျက်သိမ်းပြီးကြောင်း အသိပေးချက်၊ သက်ဆိုင်ရာမဲရုံတွင် ကြိုတင်မဲပေးပြီးသူများ၏ အမည်စာရင်းပါရှိသည့် ပုံစံ ၁၃ အစရှိသည့် စာရွက်စာတမ်းအချို့ကိုမူ အချို့သောမဲရုံများ၌ မတွေ့ရပေ။ မဲရုံပြင်ပ၌ မဲစာရင်း လုံးဝကပ်မထား သည့် ဖြစ်ရပ်နှစ်ခုကိုလည်း ANFREL က တွေ့ရှိရပါသည်။ ထို့အပြင် မဲစာရင်းကပ်ထားသည့်နေရာများ၏ ထက်ဝက်ခန့်တွင်လည်း ကြိုတင်မဲပေးသူများ၏ အမည်များကို ဖော်ပြမထားသည်ကို တွေ့ရပါသည်။ ဤသည်မှာ အရေးကြီးသော ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်ဖြစ်ပြီး အမှုမဲ့အမှတ်မဲ့မထားသင့်ပါ။ သို့သော်လည်း မဲရုံဝန်ထမ်းများအသုံးပြုသည့် မဲစာရင်းစာရွက်ပေါ်၌မူ ကြိုတင်မဲပေးပြီးသူများ၏ အမည်များအောက်တွင် မျဉ်းသား ထားသည်ကို တွေ့ရှိရပါသည်။

အခြားသော တက်သုတ်ရိုက်ဆောင်ရွက်သည့်ကိစ္စတစ်ခုမှာ တစ်ကြိမ်ထက်ပို၍မဲပေးခြင်း မဖြစ်ပွားစေရန် မဲဆန္ဒရှင်များ မဲရုံတွင်းသို့ဝင်လာသည့်အခါ လက်တွင် မင်စွန်းခြင်းရှိမရှိကို စစ်ဆေးသည့်လုပ်ငန်းဖြစ်သည်။ သို့သော်လည်း မဲဆန္ဒရှင်များမဲပေးပြီးသည့်အခါ၌ လက်တွင်မင်တို့ရန် မဲရုံဝန်ထမ်းများက အမြဲတစေ ဂရုစိုက်၍ ဆောင်ရွက်ကြပါသည်။

မဲရုံလုပ်ငန်းစဉ်၏ အခြားကျန်ရှိသောအစိတ်အပိုင်းများ၏သမာသမတ်ရှိမှု၊ မဲပေးရာ၌ လျှို့ဝှက်သိုသိပ်စွာ ဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း၍ပြောရပါမူ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ တညီတညွတ်တည်း ဆောင်ရွက် နိုင်သည်ကိုတွေ့ရသည့်အတွက် မဲရုံဝန်ထမ်းများအား ကောင်းမွန်စွာ သင်တန်းပေးထားပြီး အများစုမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံကို အနိမ့်ဆုံးအနေဖြင့် ရရှိထားကြောင်း သိသာထင်ရှားပါသည်။ မဲပေးသည့်လုပ်ငန်းစဉ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ငါးသိန်းဝန်းကျင်မျှသော မဲရုံဝန်ထမ်း များကို ANFREL က ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါသည်။

ရွေးကောက်ပွဲနေ့တွင် ANFREL အနေဖြင့် သိသာထင်ရှားသည့် စည်းကမ်းချိုးဖောက်မှုမျိုးကို မတွေ့ရှိခဲ့ရ သော်လည်း မဲလက်မှတ်ထုတ်မပေး၍ တိုင်းရင်းသားရေးရာဝန်ကြီးများကို မဲပေးခွင့်မရရှိလိုက်သည့် တိုင်းရင်းသား

မဲဆန္ဒရှင်များရှိခဲ့ပါသည်[1]။ ရခိုင်ပြည်နယ်တွင် မဲမသမာမှုတစ်ခု ရှိသည်ကိုလည်း ကြားသိရပါသည်[2]။ ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယင်းသို့သောဖြစ်ရပ်များကို စုံစမ်းစစ်ဆေးပြီး သင့်တော်သလို ဖြေရှင်းပေးသင့်ပါသည်။

### *ကိုဗစ် ၁၉ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု*

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့်ပေါ်ထွက်လာသည့် ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခဲ့ကြရပါသည်။ ဘေးအန္တရာယ်ကင်းရှင်းသော မဲပေးသည့် လုပ်ငန်းစဉ်ဖြစ်စေရန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန (MOHS) က ကိုဗစ် ၁၉ စံလုပ်ငန်းလမ်းညွှန်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ပေးခဲ့ပါသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲလာပေးသူများအား မဲရုံတစ်ရုံချင်းစီ၏ဝင်ပေါက်ဝ၌ ထိတွေ့မှုမရှိသော အပူချိန်တိုင်းကိရိယာဖြင့် အပူချိန်တိုင်းပါသည်။ အကယ်၍ ကိုယ်အပူချိန် ၃၈°C ထက်ကျော်လွန်နေပါက အဆိုပါ မဲဆန္ဒရှင်အား အရိပ်ရသည့်နေရာတွင် ၁၅ မိနစ်ခန့် အနားယူစေပြီး အပူချိန်ထပ်တိုင်းပါသည်။ အကယ်၍ ဒုတိယအကြိမ် တိုင်းတာရာ၌လည်း ကိုယ်အပူချိန် မြင့်မားနေသည်ကိုတွေ့ရှိရပါက အဆိုပါမဲဆန္ဒရှင်အား ရိုးရိုးမဲပေးသည့် လုပ်ငန်းစဉ်တွင်မပါဝင်စေတော့ဘဲ သီးခြားအခန်း (သို့မဟုတ်) သီးသန့်နေရာတစ်ခုတွင် မဲပေးနိုင်စေရန် အစီအစဉ်များ ပြုလုပ်ပေးပါသည်။



*ရန်ကုန်မြို့ရှိ ရွေးကောက်ပွဲနေ့မြင်ကွင်း။ မဲဆန္ဒရှင်များ မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း ခံနေကြရစဉ်။*

---

[1] https://www.irrawaddy.com/elections/myanmars-minorities-claim-cannot-vote-ethnic-affairs-ministerial-races.html

[2] https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/td_ayx.html

သို့သော်လည်း ANFREL သွားရောက်လေ့လာခဲ့သည့်မဲရုံများတွင် ညွှန်ကြားချက်ပါအတိုင်း ကိုယ်အပူချိန်တိုင်းတာသည့်ကိစ္စကို အမြဲတစေ ဆောင်ရွက်ခြင်းမပြုသည်ကိုတွေ့ရသည်။ အပူချိန်တိုင်းကိရိယာ ကိုင်ဆောင်ပြီး အပူချိန်စစ်ဆေးနေသည့် ဝန်ထမ်းများစွာမှာလည်း အကယ်၍ တစ်စုံတစ်ဦး ကိုယ်အပူချိန်မြင့်မားနေသည်ကို တွေ့ရှိရပါက မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို မသိရှိကြပေ။ အချို့သော မဲရုံဝန်ထမ်းများ က ANFREL သို့ ပြောကြားချက်အရ အကယ်၍ မဲဆန္ဒရှင်တစ်ဦးဦးတွင် ကိုယ်အပူချိန်မြင့်မားနေပါက ၎င်းအား ကိုယ်တိုင်ကိုယ်ကျ မဲပေးခွင့်ပြုမည်မဟုတ်ဘဲ မဲရုံဝန်ထမ်းက ၎င်းကိုယ်စား မဲလက်မှတ်ကိုတံဆိပ်တုံးထုပေးမည် ဖြစ်သည့်အတွက် ဤသည်မှာ ၎င်းမဲဆန္ဒရှင်၏ လျှို့ဝှက်စွာမဲပေးနိုင်မှုကို ချိုးဖောက်ရာကျပေသည်။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် တွေ့ရှိခဲ့ရသည့်ဖြစ်ရပ်တစ်ခုတွင် အပူချိန်မြင့်မားနေသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံဝန်ထမ်းမှ ရေအေးဗူးဖြင့် နဖူးတွင်ကပ်ပေးထားပြီး ဒုတိယအကြိမ် ကိုယ်အပူချိန်တိုင်းတာရာတွင် ၃၂.၅°C သို့ ကျသွားချိန်တွင် မဲရုံသို့ ပြန်ဝင်ခွင့်ပြုသည်ကိုတွေ့ရသည်။ ဤဖြစ်ရပ်မျိုးကို မဲရုံတိုင်းတွင် တွေ့ရလေ့မရှိသည့်တိုင် ဤသည်မှာ ဘေးအန္တရာယ်လျှော့ချရေးဆောင်ရွက်ချက်များ လုံလောက်မှုမရှိသည်ကို ပြသလျက်ရှိပါသည်။

မဲရုံဝန်ထမ်းများ၊ မဲဆန္ဒရှင်များ၊ ပါတီကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲလေ့လာသူများအပါအဝင် မဲရုံရှိလူတိုင်း အမြဲတစေ မျက်နှာနှင့်နှာခေါင်းစည်း(Mask) တပ်ဆင်ထားရန်လိုအပ်ပါသည်။ လမ်းညွှန်ချက်များအရ မဲဆန္ဒရှင်တွင် မျက်နှာနှင့်နှာခေါင်းစည်း(Mask) မပါရှိပါက မဲရုံမှထုတ်ပေးရန်ဖြစ်သည်။ တခါတရံ မဲရုံဝန်ထမ်းများသည် Maks တပ်ဆင်ထားသူများပါမကျန် လူတိုင်းစေ့ကို Mask နှင့် ပလတ်စတစ်မျက်နှာအကာများအား လိုက်လံဝေငှသည့် အတန်ငယ်လွန်ကဲသောဆောင်ရွက်မှုများ ပြုလုပ်သည်ကိုလည်းတွေ့ရပါသည်။ သို့သော်လည်း အချို့သောမဲရုံများမှ မဲရုံဝန်ထမ်းများမှာမူ တာဝန်ထမ်းဆောင်နေစဉ်အတွင်း Mask မဝတ်ဆင်ထားခြင်း (သို့မဟုတ်) စနစ်တကျ မှန်ကန်စွာဝတ်ဆင်မှုမရှိခြင်းတို့ကြောင့် Mask ဝတ်ဆင်ရေး စည်းကမ်းလိုက်နာရန် ပျက်ကွက်သည်ကိုလည်း တွေ့ရပါသည်။

ANFREL က သွားရောက်လေ့လာခဲ့သည့် မဲရုံအများစုတွင် MOHS လမ်းညွှန်ချက်ပါအတိုင်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာဖြစ်ရန် မြေပြင်ပေါ်၌ ခြောက်ပေအကွာစီ အမှတ်အသားများ ပြုလုပ်ထားသော်လည်း social distancing ကို အမှန်တကယ် လိုက်နာကျင့်သုံးအောင်ဆောင်ရွက်ခြင်း၊ လိုက်နာကြခြင်းတို့တွင်မူ အားနည်းသည်ကို တွေ့ရသည်။ မြောက်မြားစွာသော မဲရုံများတွင် မြေပြင်ပေါ်ရှိအမှတ်အသားများသည် မဲပေးရန် စောင့်ဆိုင်းနေသည့် ရှည်လျားလှသော လူတန်းကြီးများအတွက် လုံလောက်မှုမရှိဘဲ နောက်မှဝင်တန်းစီသူများသည် လုံလောက်သည့် အကွာအဝေးခြား၍ တန်းစီခြင်းမရှိကြပေ။ အချို့သောမဲရုံများ၌ နံနက်ပိုင်း မဲလာပေးသူပမာဏ များပြားလွန်းလှသည့်အတွက် social distancing ပြုလုပ်ရန် ခက်ခဲလွန်းရုံသာမက မဖြစ်နိုင်ဟုဆိုရပေမည်။ ဥပမာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျောင်းဝင်းတစ်ခုတည်းတွင်ရှိ မဲရုံလေးရုံတွင် လူပေါင်း ၇,၀၀၀ နီးပါးခန့် တန်းစီစောင့်ဆိုင်းရပြီး လူအများ အဆမတန် စုပြုံနေသည့်အခါမျိုးတွင်ဖြစ်ပါသည်။

MOHS လမ်းညွှန်ချက်များအရ လက်သန့်ဆေးရည်များကို မဲရုံများအတွင်း လွယ်လင့်တကူ အသုံးပြုနိုင်သည့် နေရာများတွင် ထားရှိပေးရမည်ဖြစ်ပြီး လူအများစုပြုံမှုမဖြစ်ပွားစေရန် တံခါးများကို အဝင်နှင့်အထွက် သီးခြားစီ စီစဉ်ထားရှိပေးရမည်ဖြစ်သည်။ အဆိုပါလမ်းညွှန်ချက်များကိုမူ ရွေးကောက်ပွဲနေ့ ANFREL က သွားရောက်လေ့လာခဲ့သည့် မဲရုံများအားလုံးနီးပါးတွင် လိုက်နာဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။

## *မဲရေတွက်ခြင်းနှင့် ရလဒ်များစာရင်းသွင်းခြင်း*

မဲရုံများကို ညနေ ၄ နာရီတွင် ပိတ်သိမ်းရန်ဖြစ်သော်လည်း အချို့သောနေရာများ၌ မဲပေးမည့်သူများစွာ စောင့်ဆိုင်းလျက်ရှိနေခြင်းကြောင့် ၎င်းတို့မဲပေးနိုင်ရန် တစ်နာရီ (သို့မဟုတ်) တစ်နာရီကျော်ခန့် နောက်ကျပြီးမှ ပိတ်သိမ်းရပါသည်။ မဲရုံပိတ်သိမ်းပုံမှာ အစီအစဉ်တကျရှိပြီး မဲပေးသည့်ရုံများမှ မဲရေတွက်သည့်ရုံများအဖြစ် ရုတ်ချည်း ပြောင်းလဲသွားပါသည်။ ANFREL က လေ့လာသူများ သွားရောက်ခဲ့သည့် မဲရုံ ၂၂ နေရာတွင် မဲလက်မှတ်များရေတွက်ပုံမှာ နှေးကွေးပြီး တစ်ခါတစ်ရံ စနစ်တကျမရှိတတ်သော်လည်း ယေဘုယျအားဖြင့် အလွန်တရာယုံကြည်စိတ်ချရသည့် လုပ်ကိုင်ဆောင်ရွက်မှုမျိုးကို တွေ့မြင်ခဲ့ရပါသည်။

မဲလက်မှတ်များကို စာအိတ်အတွင်းမှထုတ်၍ သက်ဆိုင်ရာလွှတ်တော်အလိုက် ထည့်သွင်းရသော ကြိုတင်မဲများ များပြားလွန်းပါက လုပ်ငန်းစဉ်နှေးကွေးမှုကို မကြာခဏ ကြုံတွေ့ရတတ်ပါသည်။ မဲရေတွက်မှုစတင်ပြီး ငါးနာရီခန့် ကြာသည်အထိ အချို့သောမဲရုံများတွင် ကြိုတင်မဲများကို ရေတွက်နေရဆဲဖြစ်ပြီး ရွေးကောက်ပွဲနေ့ မဲပေးထားသည့် မဲလက်မှတ်များကို ကိုင်တွယ်ခြင်းမပြုနိုင်သေးချေ။ ထို့ကြောင့်ပင် များစွာသော မဲရုံဝန်ထမ်းများသည် နောက်တစ်နေ့ နံနက်အစောပိုင်းအထိ မဲရေတွက်နေရဆဲဖြစ်ပြီး ၎င်းတို့၏ ဇွဲထက်သန်မှုနှင့် အလုပ်တာဝန် ကျေပွန်မှုတို့ကို ပြသနိုင်ခဲ့ကြပါသည်။

မဲရေတွက်စဉ်အတွင်း ကြီးကြီးမားမား အမှားအယွင်းရှိသည်ဟူ၍ ANFREL ၏လေ့လာသူများက အစီရင်ခံခြင်း မရှိခဲ့ပါ။ မဲလက်မှတ်များကို ဂရုတစိုက် ရေတွက်မှုပြုခဲ့ကြပြီး မဲလက်မှတ်များစစ်ဆေးသည့် UEC ဝန်ထမ်းများ ဘက်မှ အမှားအနည်းငယ်ပြုလုပ်မိပါကလည်း နေရာတွင်ရှိနေသည့် ပါတီကိုယ်စားလှယ်များမှ ချက်ချင်း အမှန်ပြင်ဆင်ပေးတတ်ကြပါသည်။ ကြိုတင်မဲပေးခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ UEC ၏ အောက်တိုဘာ ၃၀ ရက်နေ့ ထုတ်ပြန်ချက်ပါ အမှားပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ကောင်းမွန်စွာ အကောင်အထည် ဖော်မှုရှိခဲ့ပြီး မည်သည့်မဲလက်မှတ်ကိုမှ မတရားသက်သက် ပယ်မဲအဖြစ် သတ်မှတ်ခြင်းမျိုး မတွေ့ရှိခဲ့ရပါ။

ပယ်မဲအဖြစ် သတ်မှတ်ခံရသည့်ဖြစ်ရပ်များမှာ ပျမ်းမျှအားဖြင့် နည်းပါးပြီး ယင်းတို့ကိုလည်း မဲဆန္ဒရှင်အသိ ပညာပေး လုပ်ငန်းများပိုမိုပြုလုပ်ခြင်းဖြင့် ယခုထက်ပို၍ လျှော့ချနိုင်စရာရှိပါသည်။ ANFREL လေ့လာခဲ့သည့် မဲရုံများတွင် ပယ်မဲဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများမှာ မဲလက်မှတ်တွင် တံဆိပ်တုံးမထုထားခြင်း၊ ကိုယ်စားလှယ်လောင်းနှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပို၍ မဲပေးခြင်းတို့ကြောင့်ဖြစ်ပါသည်။ မဲရုံအများစု၌ ဖျက်သိမ်းပြီးဖြစ်သော ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) သို့ပေးသည့် မဲလက်မှတ်တစ်ခုစီပါရှိတတ်သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် မဲရုံများတွင် ကပ်ထားသည့် ကြေညာချက်များသည် မဲဆန္ဒရှင်များအား အသိပေးရာ၌ လုံလောက်မှုမရှိသည်ကိုတွေ့ရပြီး UEC အနေဖြင့် မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးကြစေရန် သတင်းပြန်ကြားရေး ကိစ္စရပ်များတွင် ပိုမို၍ အားစိုက်ကြိုးပမ်းခဲ့သင့်ပါသည်။

လုပ်ငန်းပိုင်းဆိုင်ရာ ပုံမှန်မဟုတ်သည့် ဖြစ်ရပ်အချို့ကိုလည်း ကြားသိခဲ့ရပါသည်။ သာဓကအားဖြင့် များစွာသော မဲရုံများတွင် ရလဒ်များ (ပုံစံ ၁၆ နှင့် ၁၆-က) ကို မဲရုံပြင်ပ၌ လုပ်ထုံးလုပ်နည်းအတိုင်း ကပ်ထားခြင်းမရှိသည်ကို တွေ့ရပါသည်။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ မဲရုံတစ်ရုံတွင် ကြိုတင်မဲပုံးအတွင်းရှိ မဲအရေ အတွက်သည် ပါရှိသင့်သည်ထက် ပို၍ပါရှိနေသည့်အတွက် ရွေးကောက်ပွဲတာဝန်ရှိသူများဘက်မှ စောင့်ကြည့် စစ်ဆေးမှုကို ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။ သို့သော်လည်း မဲရေတွက်သည့်လုပ်ငန်းစဉ်သည် ANFREL ၏

နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ သွားရောက်လေ့လာခဲ့သည့်နေရာများရှိ မဲဆန္ဒရှင်များ၏ စိတ်ဆန္ဒကို ထင်ဟပ်မှုရှိသည်ဖြစ်၍ ယင်းလုပ်ငန်းစဉ်၏ သမာသမတ်ရှိမှုအပေါ် ANFREL အနေဖြင့် တစုံတရာ စိုးရိမ်ပူပင်ကြောင်း ထုတ်ဖော်ပြောကြားရန်မရှိပါ။

မဲရေတွက်မှုပြုလုပ်ပြီးသည်နှင့် မဲရလဒ်များစာရင်းထည့်သွင်းရန် ယင်းမဲလက်မှတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်ပို့ဆောင်ရသည်။ မဲရလဒ်ထည့်သွင်းသည့်လုပ်ငန်းစဉ်မှာ လျှင်မြန်သွက်လက်မှုရှိသည့်အတွက် UEC အနေဖြင့် နိုဝင်ဘာလ ၉ ရက်နေ့တွင် မဲဆန္ဒနယ်အတော်များများ၏ ရလဒ်များကို အတည်ပြုနိုင်ပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုနှင့်စပ်လျဉ်း၍ ANFREL အနေဖြင့် စိတ်ပူပင်မိကြောင်း ပြောကြားလိုပါသည်။ ယင်းအရပ်ဒေသတွင် ရောက်ရှိနေသည့် ကျွန်ုပ်တို့၏လေ့လာသူအား ရွေးကောက်ပွဲတာဝန်ရှိသူများကပြောကြားချက်အရ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီ အချိန်မီ မရောက်ရှိခဲ့သည့် နိုင်ငံခြားမှရောက်ရှိလာသည့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲ ၃၀၀ ခန့်အပြင် မြန်မာနိုင်ငံအတွင်းမှလာသည့် မဲလက်မှတ် ၁၂၀ အနက် အရေအတွက်အတိအကျမသိရသော ပမာဏတို့ကို ပယ်မဲအဖြစ်သတ်မှတ်မည်ဟု သိရှိရပါသည်။ အဆိုပါ မဲလက်မှတ်များကို ဥပဒေကြောင်းအရ ခွင့်ပြုနိုင်စရာမရှိသော်လည်း သယ်ယူပို့ဆောင်ရေးကြန့်ကြာမှုကြောင့် ရာချီသောမဲဆန္ဒရှင်များမှာ မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်။

ဤအစီရင်ခံစာရေးသားနေသည့် အချိန်အတောအတွင်း၌ပင် ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၌ မဲလက်မှတ်အရေအတွက်သည် မဲပေးသူအရေအတွက်ထက် ၄,၆၀၀ ပိုနေကြောင်း တွေ့ရှိရပါသည်[3]။

[3] https://7day.news/detail?id=204846

# ကြိုတင်မဲပေးခြင်း

*ဥပဒေပြဋ္ဌာန်းချက်များ*

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲနေ့၌ မဲသွားမပေးနိုင်သူများအနေဖြင့် ၎င်းတို့၏မဲဆန္ဒနယ်များ၌ ကြိုတင်မဲပေးနိုင်ရန်ခွင့်ပြုထားသည်။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၄၅) အရ ကြိုတင်မဲအမျိုးအစားနှစ်မျိုးရှိပါသည်။ မဲဆန္ဒနယ်တွင်းကြိုတင်မဲနှင့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲဖြစ်ပါသည်။ မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးနိုင်သူများတွင် ရွေးကောက်ပွဲနေ့၌ မဲဆန္ဒနယ်ပြင်ပသို့ ခရီးသွားရမည့်သူများ၊ မသန်စွမ်းသူများ၊ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊ သက်ကြီးရွယ်အိုများ၊ မကြာသေးမီက ကလေးမွေးဖွားထားသော အမျိုးသမီးများ၊ အထိန်းသိမ်း ခံရသူများ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများနှင့် တာဝန်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်တို့ပါဝင်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက်ကြိုတင်မဲပေးနိုင်သူများတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက်နေသော ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်ကုသနေရသည့် အတွင်းလူနာများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် အတူနေမိသားစုဝင် တို့ပါဝင်ပါသည်။

ကိုဗစ်-၁၉ကပ်ရောဂါကူးစက်ပျံ့နှံ့နေသည့်ကာလအတွင်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကျင်းပရသည့် အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် မဲဆန္ဒရှင်များ၏ ပိုမိုပါဝင်နိုင်စေရန် ကြိုတင်မဲပေးခြင်းနှင့်ပတ်သက်၍ ထူးခြားသော အပြောင်းအလဲများပြုလုပ်ခဲ့ပါသည်။ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုမဲဆန္ဒရှင်များသည် နေအိမ်တွင်နေထိုင်ရေး (stay at home) အမိန့်ချမှတ် ထားသော မြို့နယ်တစ်ခုခုတွင် နေထိုင်သည်ဖြစ်စေ (သို့မဟုတ်) လူဦးရေထူထပ်သောမြို့နယ်တွင် နေထိုင်သည် ဖြစ်စေ ၎င်းတို့အနေဖြင့် အောက်တိုဘာလ (၂၉) ရက်မှ နိုဝင်ဘာလ (၅) ရက်နေ့အထိ နေအိမ်တွင် ကြိုတင်မဲ ပေးနိုင်ကြောင်း အောက်တိုဘာလ (၁၀) ရက်နေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်[4]။ အခြားဒေသများရှိ သက်ကြီးရွယ်အို မဲဆန္ဒရှင်များသည် ၎င်းတို့၏ သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ကြိုတင်မဲပေးခြင်းဖြစ်စေ (သို့မဟုတ်) မဲရုံများသို့မသွားနိုင်ပါက နေအိမ်၌ မဲပေးနိုင်ရန်အတွက် လျှောက်ထားခြင်းဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်[5]။ မည်သို့ပင်ဖြစ်စေ အသက် ၆၀ ကျော်သည့် မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့၌မဲပေးရန် ဆုံးဖြတ်နိုင်ဆဲပင်ဖြစ်သည်။ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၎င်းတို့အား ပို၍လုံခြုံသည်ဟုယူဆရသည့် ရွေးချယ်စရာနည်းလမ်းတစ်ခုပေးကာ ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုက လျော့ချနိုင်ရန် ကြိုးဆိုဖွယ်ရာလုပ်ဆောင်ချက်ကို ဖော်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အသက် ၆၀ နှင့် အထက်ရှိသော လူဦးရေမှာ ၅.၁ သန်းရှိပြီး ၎င်းတို့မှာ စုစုပေါင်းလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သည်[6]။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတဝှမ်းက ကွာရန်တင်းစင်တာများတွင်လည်း မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ကွာရန်တင်းစင်တာအားလုံးသည် မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းအတွက် ကွာရန်တင်းဝင်နေသည့်မဲဆန္ဒရှင်စာရင်းကို ၎င်းတို့၏သက်ဆိုင်ရာ ရွေးကောက်ပွဲ

[4] Defined as above 5,000 people per square kilometer. There are 29 such townships in Yangon region and five in Mandalay region.

[5] https://www.gnlm.com.mm/announcement-for-advance-voting-rights-of-elderly-persons/

[6] https://www.irrawaddy.com/elections/election-2020-week-review-10.html

ကော်မရှင်အဖွဲ့ခွဲများထံသို့ ပေးပို့ရန်တာဝန်ရှိသည်။ ထို့နောက် အောက်တိုဘာလ ၂၅ ရက်နေ့မှ နိုဝင်ဘာလ ၇ ရက်နေ့အတွင်း သတ်မှတ်ထားသည့်နေ့နှင့်အချိန်အတွင်း ကွာရန်တင်းစင်တာများတွင် မဲပေးခြင်းလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းကို အောက်တိုဘာလ ၈ ရက်မှ ၂၁ ရက်နေ့အထိ နိုင်ငံတဝှမ်း ပြုလုပ်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ် ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လာပြီးနောက် ကိုဗစ် ၁၉ ရောဂါ ပြန့်ပွားမှုတားဆီးရန် ပြဋ္ဌာန်းထားသည့် ခရီးသွားလာရေးကန့်သတ်ချက်များကြောင့် ၎င်းတို့၏မဲဆန္ဒနယ်များသို့ ပြန်မလာနိုင်သူများ ပါဝင်နိုင်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းကို တိုးချဲ့ဆောင်ရွက်ရန် အောက်တိုဘာလ ၉ ရက်တွင် ကြေငြာခဲ့သည်[7]။ ထိုမဲဆန္ဒရှင်များအနေဖြင့် ကြိုတင်မဲပေးသည့် လျှောက်လွှာ (ပုံစံ ၁၅)ကို ၎င်းတို့၏ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အောက်တိုဘာလ ၂၅ ရက်နေ့ နောက်ဆုံးထားတင်ပြခြင်းဖြင့် ရွေးကောက်ပွဲဖြစ်စဉ်တွင်ပါဝင်ရန် တောင်းဆိုနိုင်သည်။ မှတ်သားဖွယ်ရာမှာ ထိုကဲ့သို့သော လုပ်ဆောင်ချက်ကို ရွေးကောက်ပွဲဥပဒေတွင် ဖော်ပြထားခြင်းမရှိသော်လည်း မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့်ကို ကာကွယ်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ကနဦး စတင်ဆောင်ရွက်သည့် ကြိုဆိုဖွယ်ရာအစီအစဉ်တစ်ရပ်ပင် ဖြစ်ပါသည်။



*ရှမ်းပြည်နယ်အတွင်းရှိ သက်ကြီးရွယ်အိုတစ်ဦး၏အိမ်သို့ မဲရုံဝန်ထမ်းမှ ကြိုတင်မဲလာရောက်ကောက်ခံနေပုံ*

[7] https://www.gnlm.com.mm/announcement-on-advance-voting-for-local-voters-outside-their-constituencies-in-2020-general-election/

ကြိုတင်မဲပေးရာတွင် မဲပေးခြင်းလုပ်ငန်းစဉ်များ ဘေးကင်းလုံခြုံစွာလည်ပတ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS)က ထုတ်ပြန်ထားသော စံလုပ်ငန်းလမ်းညွှန်များ (SOP) ကို လိုက်နာရမည် ဖြစ်သည်။ စံလုပ်ငန်းလမ်းညွှန်များ (SOP) အရ ကြိုတင်မဲပေးသူအားလုံးသည် မျက်နှာနှင့်နှာခေါင်းစည်း (Mask) ကို သေချာစွာဝတ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦး ၆ ပေ အကွာအဝေး၌နေရန်၊ ၎င်းတို့၏မှတ်ပုံတင်ကဒ်ပြားကို ပလပ်စတစ်ကဒ်ပြားထဲထည့်၍ပြသရန်၊ ဆန္ဒမဲမပေးမီနှင့် ဆန္ဒမဲပေးပြီးနောက်တွင် လက်သန့်ဆေးရည်သုံးရန် တို့လိုအပ်ပါသည်။ ထို့ပြင် ဆေးရုံတက်နေသော ကိုဗစ် ၁၉ လူနာများအတွက် ကြိုတင်မဲပေးရန် စီစဉ်ပေးရသော မဲရုံဝန်ထမ်းများသည် PPE ဝတ်စုံ အပြည့်အစုံကိုဝတ်ဆင်ရန်၊ ဘောပင် (သို့မဟုတ်) တံဆိပ်တုံးများကို တစ်ကြိမ်အသုံးပြုပြီးတိုင်းတွင် လွှင့်ပစ်ရန်နှင့် ကြိုတင်မဲထည့်ထားသည့်စာအိတ်များကို Isolation Room မှ ထွက်လာသည့်အခါ ပိုးသတ်ဆေးဖြန်းရန်လိုအပ်ပါသည်။

### *မဲဆနနယ်ပြင်ပ ကြိုတင်မဲဆန္ဒပေးခြင်း*

နိုင်ငံခြားရေးရာဝန်ကြီးဌာန၏စာရင်းအရ နိုင်ငံရပ်ခြားတွင်နေထိုင်သော မြန်မာလူမျိုး ၁၀၉,၄၇၀ သည် ကြိုတင်မဲ ပေးနိုင်ရန် စာရင်းသွင်းပြီးဖြစ်ကြောင်းသိရသည်[8]။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၏ (၃၄,၆၉၇) ယောက်နှင့် နှိုင်းယှဉ်လျှင် သုံးဆမြင့်တက်လာခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံရပ်ခြားတွင် ရွှေ့ပြောင်းနေထိုင်သော မြန်မာ အသိုင်းအဝိုင်းအတွင်း မဲဆန္ဒရှင်အသိပညာ တိုးတက်လာမှုကိုပြသနေပါသည်။ သို့သော်လည်း ၄သန်းမျှသော နိုင်ငံရပ်ခြားတွင်နေထိုင်သည့် မြန်မာဦးရေနှင့်နှိုင်းယှဉ်ပါက စာရင်းသွင်းထားသော မဲဆန္ဒရှင်အချိုးအစားသည် အလွန်အမင်း နည်းပါးနေဆဲပင်ဖြစ်သည်[9]။ ပြည်ပရောက်မြန်မာလူမျိုးအရေအတွက်မှာ ထိုင်းနှင့်မလေးရှားတွင် အမြင့်ဆုံးဖြစ်သော်လည်း ၃သန်း[10]နီးပါးတွင်မှ ၃၉,၀၀၀[11] နှင့် ၆၀၀,၀၀၀[12]တွင်မှ ၆,၀၀၀ ကသာ မဲပေးရန် အသီးသီး စာရင်းသွင်းခဲ့ကြသည်။ ထို့အပြင် လျှောက်လွှာ ၈,၀၀၀ နီးပါးကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပယ်ချ ခဲ့သည်ဟု ထပ်ဆင့်ကြားသိရသည်။ အဘယ့်ကြောင့်ဆိုသော် လျှောက်လွှာအများစုကို အတည်ပြုပေးနိုင်ရန် အတွက် ၎င်းတို့၏သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများထံသို့ မပေးပို့ခဲ့သောကြောင့်ဖြစ်သည်[13]။ အနာဂတ်တွင် ထိုကဲ့သို့အဖြစ်အပျက်များကို ကာကွယ်ရန်အလို့ငှာ ထောက်ပံ့ပို့ဆောင်ရေးအမှားများကို ဖြစ်ပေါ် စေသည့် အကြောင်းရင်းများကို သင့်လျော်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်ပါသည်။

နိုင်ငံရပ်ခြားမှ မဲပေးခွင့်ရရှိသူ ၇၀,၀၀၀ ကျော်သည် နိုင်ငံအနှံ့အပြားမှ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ရုံး (၄၅) ရုံးတွင် စက်တင်ဘာလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၂၇ ရက်နေ့အထိ မဲပေးခဲ့ကြပါသည်။ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် သံရုံးတာဝန်ခံများနှင့် အလုပ်မဲဝေးကွာသော ရွှေ့ပြောင်းအလုပ်သမားများအတွက် မဲရုံများ တိုးချဲ့ဖွင့်လှစ်ပေးရန် တောင်းဆိုသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ပြည်သူများ၏

---

[8] https://www.irrawaddy.com/elections/myanmars-election-body-faces-crisis-confidence-ahead-election.html
[9] https://www.irrawaddy.com/elections/many-myanmar-migrants-in-thailand-to-be-denied-vote-as-extra-polling-stations-ruled-out.html
[10] https://www.mmtimes.com/news/embassies-urge-myanmar-expats-register-vote.html
[11] http://www.mizzima.com/article/situation-casting-absentee-ballots-foreign-countries-myanmar-nationals
[12] https://www.mmtimes.com/news/advance-voting-malaysia-set-october-9-11.html
[13] https://www.irrawaddy.com/elections/myanmars-election-body-faces-crisis-confidence-ahead-election.html

ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် မဖော်ဆောင်နိုင်ခဲ့ပေ[14]။ မဲရုံများမှာ ဘန်ကောက်၊ ချင်းမိုင်နှင့် ကွာလာလမ်ပူမြို့တို့တွင်သာ တည်ရှိသောကြောင့် ထိုင်းနိုင်ငံ၏တောင်ဖက်အခြမ်းပြည်နယ်များနှင့် မလေးရှား နိုင်ငံအရှေ့ပိုင်းတွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားများအတွက် မဲပေးရန် အခက်အခဲများတွေ့ကြုံခဲ့ရသည်။

မဲရုံအရေအတွက် အကန့်အသတ်ကြောင့် လူတန်းရှည်ကြီးများကိုဖြစ်စေခဲ့သည်။ ANFREL က အင်တာဗျူး လုပ်ခဲ့သည့် ဘန်ကောက်ရှိ ကြိုတင်မဲပေးသူများကတင်ပြသည်မှာ စောင့်ဆိုင်းချိန်မှာ ဆယ်နာရီ အထိရှိသည်ဟု သိရသည်။ အချို့သောသံရုံးများက မဲဆန္ဒရှင်များကို ပိုမိုမဲပေးနိုင်ရန် အစီအမံများကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဥပမာအားဖြင့် မလေးရှားသံရုံးနှင့်တောင်ကိုရီးယားသံရုံးတို့သည် ကြိုတင်မဲပေးရန် တစ်ရက်[15]ထပ်မံတိုးခဲ့ပြီး စင်ကာပူသံရုံးတွင် မဲပေးချိန်ကို နေ့စဉ်တစ်နာရီစီ[16]တိုး၍ သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း၌ တပ်မတော်သားများနှင့်၎င်းတို့၏မိသားစုဝင်များ၊ ကျောင်းသားများ၊ အချုပ်ကျနေသူများ၊ ဆေးရုံတွင်တက်ရောက်ကုသနေသော အတွင်းလူနာများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲ ပေးခြင်းကို အောက်တိုဘာလ (၈) ရက်မှ (၂၁) ရက်နေ့အထိကျင်းပခဲ့သည်။ မဲပေးခြင်းလုပ်ငန်းစဉ်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများအစား သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ခဲ့သည်။ ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲကြောင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ကိုမူ ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲများကြောင့် ANFREL အနေဖြင့် လေ့လာမှုမပြုလုပ်နိုင်ခဲ့ပေ။ မဲပေးချိန် ပြီးဆုံးပြီးနောက် ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ချိတ်ပိတ် ထားမှုမရှိသောစာအိတ်များဖြင့် မဲပေးထားသည့် တပ်မတော်သားများ၏ ဆန္ဒမဲ (၅၈) မဲကိုလက်ခံရရှိခဲ့ပြီး ၎င်းမဲများကို ထည့်သွင်းမရေတွက်ရန် ကနဦး၌ ဆုံးဖြတ်ခဲ့သည်[17]။ နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၎င်းဆုံးဖြတ်ချက်ကို ပြောင်းလဲခဲ့ပြီး ထိုမဲများကို ထည့်သွင်းရေတွက်ရန် ဆုံးဖြတ်ခဲ့သည်[18]။

၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးခြင်းကို စက်တင်ဘာ ၂၄ရက်နေ့တွင် စောစီးစွာ စတင်ခဲ့ပြီး မြန်မာနိုင်ငံ၏ အချို့သောဒေသများတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းမှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်များကို အောက်တိုဘာလ (၁၆) ရက်နှင့် (၂၇) ရက်တို့တွင်သာ ထွက်ပေါ်လာခဲ့ပြီး သက်ဆိုင်ရာဒေသများမှ ကြိုတင် မဲဆန္ဒရှင်များ၏ မဲများကပျက်ပြယ်သွားခဲ့သည်ကို တွေ့ရှိရသည်။ ဝမ်းနည်းစရာကောင်းသည်မှာ အောက်တိုဘာ လတွင် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်စားလှယ်လောင်း ၁,၂၀၀ နီးပါးမှ ကိုယ်စားလှယ်လောင်းအမည်စာရင်း ပယ်ဖျက်ခံရခြင်းကလည်း ထိုသူတို့အားပေးခဲ့သည့် ကြိုတင်မဲတို့အား ပယ်မဲဖြစ်သွားစေခဲ့သည်။

---

14 https://www.irrawaddy.com/elections/many-myanmar-migrants-in-thailand-to-be-denied-vote-as-extra-polling-stations-ruled-out.html
15 https://www.irrawaddy.com/elections/myanmar-embassies-malaysia-south-korea-add-extra-voting-days.html
16 https://www.mmtimes.com/news/myanmar-embassy-extends-voting-hour-accommodate-more-voters-singapore.html
17 https://www.irrawaddy.com/elections/myanmar-militarys-advance-votes-discounted-violating-electoral-law.html
18 https://elevenmyanmar.com/news/uec-decides-to-count-unsealed-envelopes

***မဲဆန္ဒနယ်တွင်း ကြိုတင်မဲဆန္ဒပေးခြင်း***

ရွေးကောက်ပွဲလေ့လာသူများနှင့် ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံအတွင်း ကြိုတင်မဲပေးခြင်းကို လေ့လာရန် အခွင့်အရေးရရှိခဲ့သည်။ ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများက တင်ပြသည်မှာ ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များကို တသတ်မတ်တည်း လိုက်နာမှုမရှိကြောင်းနှင့် မဲရုံဝန်ထမ်းများကို လုံလောက်စွာ လေ့ကျင့်သင်တန်းပေးထားခြင်း မရှိခြင်းတို့ဖြစ်သည်။ ဥပမာအားဖြင့် တစ်ခါတစ်ရံတွင် မဲရုံဝန်ထမ်းအနေဖြင့် မဲလက်မှတ် ၃ ခုကို မဲဆန္ဒရှင်အား တစ်ကြိမ်တည်းပေးခြင်း၊ မဲပုံးများကို သင့်တင့်လျှောက်ပတ်စွာ ချိတ်ပိတ်ထားခြင်းမရှိခြင်း (သို့မဟုတ်) ကြိုတင်မဲပေးသူများ၏ မဲများပါဝင်သော စာအိတ်များကိုပိတ်ရန် ကော်ဗူးမပေးထားခြင်းတို့ဖြစ်သည်။ ပေးထားသော စာအိတ်များ၏ အရည်အသွေးနှင့်ပတ်သက်သည့် တိုင်ကြားချက်များစွာရရှိခဲ့သည်။ သို့သော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ယင်းပြဿနာအချို့ကို ချက်ချင်းသိရှိဖြေရှင်းခဲ့ပြီး အောက်တိုဘာလ ၃၀ ရက်နေ့တွင် စာအိတ်မပိတ်ထားသော ဆန္ဒမဲများ၊ ကော်ဖြင့်စွန်းထင်းသော (သို့မဟုတ်) စာအိတ်ဖွင့်ချိန်တွင် မတော်တဆပျက်ဆီးသွားသော ဆန္ဒမဲများကို မဲရေတွက်စဉ်အတွင်း ပယ်မဲအဖြစ် သတ်မှတ်မည်မဟုတ်ကြောင်း ကြေညာခဲ့သည်[19]။ .

ယခင်ရွေးကောက်ပွဲများကဲ့သို့ပင် ထိခိုက်လွယ်သည့် မဲဆန္ဒရှင်များအတွက် ရွေ့လျားမဲပုံးများကိုအသုံးပြုပြီး အိမ်ရှေ့အရောက် ဆန္ဒမဲသွားရောက်ကောက်ယူပေးပြီး အိမ်၌ပင်ဆန္ဒမဲပေးခွင့်ကို ခွင့်ပြုခဲ့သည်။ ANFREL သည် ဤသို့လုပ်ဆောင်မှုကို ယခင်ကတည်းကပင် ကြိုဆိုထောက်ခံခဲ့ပြီး ဖြစ်သော်လည်း ဤရွေ့လျားမဲရုံများသည် ရွေးကောက်ပွဲ၏ လုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ လိုအပ်ချက်အရှိဆုံးအပိုင်းဖြစ်သည်ကိုတွေ့ရသည်။ မဲရုံဝန်ထမ်းအချို့သည် ချိတ်ပိတ်မထားသောမဲပုံးများကိုအသုံးပြုခြင်း (သို့မဟုတ်) ဆန္ဒပြုထားသည့် မဲလက်မှတ်ပါရှိသည့် စာအိတ်ကို ပိုမိုကြီးသောစာအိတ်များ (သို့မဟုတ်) ပလတ်စတစ်အိတ်များ (သို့မဟုတ်) ဆန်ထည့်သည့် ပီနံအိတ်များနှင့် သိမ်းဆည်းခဲ့ကြောင်းတွေ့ရှိရသည်။ တနင်္သာရီတိုင်းတွင် မဲရုံဝန်ထမ်းများက အနီးအနားရှိ ဆေးရုံတွင် ကြိုတင်မဲပေးမှုကိုဆောင်ရွက်နေစဉ် ဆန္ဒမဲပြုထားပြီး မဲလက်မှတ်များပါဝင်သည့် မဲပုံးများကို ထရပ်ကားပေါ်တွင် အကာအကွယ်မဲ့ ချန်ထားခဲ့ကြသည်။ မြောက်များလှသော မဲဆန္ဒရှင်အရေအတွက်များစွာ မဲပေးနိုင်ရန်ရည်ရွယ်၍ ကြိုတင်မဲပေးခြင်းကို အချိန်ကပ်၍ တိုးချဲ့ဖော်ဆောင်ခဲ့ခြင်းကြောင့် တိုးပွားလာသော ဆန္ဒမဲများကိုကောက်ယူရန် ရွေးကောက်ပွဲနေ့တွင်သာ အသုံးပြုရန်ဖြစ်သည့် မဲပုံးများနှင့်မဲရုံပစ္စည်းများကို မဲရုံဝန်ထမ်းများမှ သမရိုးကျအနေဖြင့်သုံးစွဲနေခြင်းကို တွေ့ရှိခဲ့ရသည်။

သွားရောက်လေ့လာခဲ့သည့် ကြိုတင်မဲပေးသည့်မဲရုံအချို့တွင် လျှို့ဝှက်ဆန္ဒမဲပေးနိုင်မှုနှင့်ပတ်သက်၍ ပြဿနာများရှိကြောင်းအစီရင်ခံတင်ပြခဲ့ကြသည်။ အချို့သောမဲရုံရှိ ဆန္ဒပြုခန်းများသည် လျှို့ဝှက်ဆန္ဒပြုနိုင်လောက်သည့် အခြေအနေဖြစ်အောင် မစီစဉ်နိုင်ခဲ့ခြင်း (သို့မဟုတ်) အိမ်သို့လာရောက်ကောက်ခံသည့် ကိစ္စရပ်များတွင်လည်း မဲဆန္ဒရှင်များက လျှို့ဝှက်၍ အမှန်ခြစ်နိုင်ရန် အခြေအနေမပေးခြင်းတို့ရှိခဲ့ပါသည်။ အစိုးရိပ်ရဆုံးကိစ္စရပ်မှာ ကိုဗစ် ၁၉ လူနာများအား ကုသပေးသောဆေးရုံများနှင့် ကွာရန်တင်းစင်တာများရှိ မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပင်ဖြစ်သည်။ ANFREL က လေ့လာသူများအနေဖြင့် သိရှိခဲ့ရသည်မှာ အချို့ဒေသများရှိ မဲဆန္ဒရှင်များအနေဖြင့်

[19] https://www.uec.gov.mm/news_preview_detail.php?action=news_detail1&news_id=ULw22%2FBwRaNX3REKtJDtzzLt9rUGF7An0u1iGS5ZyL8%3D

၎င်းတို့ဘာသာ ဆန္ဒမဲပေးပိုင်ခွင့်မရှိဘဲ ယင်းအစား မဲရုံဝန်ထမ်းအား မိမိနှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို အသိပေးရမည်ဖြစ်ပြီး မဲရုံဝန်ထမ်းက မဲလက်မှတ်ပေါ်တွင် မဲဆန္ဒရှင်ကိုယ်စား တံဆိပ်ထုံးထုပေးခြင်းဖြစ်သည်။



*ကွာရန်တင်းစင်တာတွင် မဲဆန္ဒရှင်ကိုယ်စား မဲရုံဝန်ထမ်းက အမှတ်အသားမပြုလုပ်သေးခင် မဲလက်မှတ်အား မဲဆန္ဒရှင်သို့ပြသနေစဉ်*

ဤလုပ်ထုံးလုပ်နည်းက နိုင်ငံတကာရွေးကောက်ပွဲစံချိန်စံညွှန်းများနှင့် သိသာစွာပင်ကွဲလွဲလျက်ရှိပြီး နေရာဒေသတိုင်းမှ ရွေးကောက်ပွဲဝန်ထမ်းတိုင်းက ယင်းလုပ်ထုံးလုပ်နည်းကို လက်သင့်ခံခြင်းကတော့ ထူးဆန်းဖွယ်ရာပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်လိုသည့်စိတ်ဆန္ဒကိုနားလည်သည့်တိုင်အောင် ကွာရန်တင်းဝင်နေရသည့် လူနာများနှင့်မဲဆန္ဒရှင်တို့၏ လျှို့ဝှက်စွာမဲပေးနိုင်ခွင့်ကို ထိခိုက်မှုမရှိစေဘဲ ၎င်းတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် ပိုမိုကောင်းမွန်သော ယန္တရားတစ်ရပ်ကို အကောင်အထည်ဖော်သင့်ပေသည်။ သို့ရာတွင် ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများ၏တင်ပြချက်အရ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းများကို မဲပေးခွင့်ရဆဲဖြစ်သည့်အပြင် ရွေးကောက်ပွဲဝန်ထမ်းများ (သို့မဟုတ်) အခြားမည်သည့်ပုဂ္ဂိုလ်၏ လွှမ်းမိုးမှုမျှ မရှိကြောင်းတွေ့ရှိရသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း တသမတ်တည်းမရှိသည့်ကိစ္စရပ်များရှိသော်လည်း မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမှုဖြစ်စဉ်အတွင်း ကြိုတင်မဲပေးမှုနှင့်ပတ်သက်၍ သံသယရှိစရာ အချက်မရှိသည်ကို ANFREL အနေဖြင့် တွေ့ရှိခဲ့ပြီးဖြစ်သည်။ မဲဆန္ဒရှင်အများစုမှာ မဲပေးရန်စိတ်အားထက်သန်မှုရှိကြပြီး မဲရုံဝန်ထမ်းများက

အကူအညီပေးကြကာ လိုက်လျောညီထွေမှုရှိကြသော်လည်း တစ်ခါတစ်ရံတွင် အမှုမဲ့အမှတ်မဲ့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်များနှင့်ဆန့်ကျင်သွားတတ်ကြသည်။ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များနှင့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများအနေဖြင့် လုပ်ငန်းစဉ်လည်ပတ်မှုများကို စောင့်ကြပ်ကြည့်ရှုရန် ရှိနေခဲ့ကြသည်။ သို့သော်ငြားလည်း ကြိုတင်မဲပေးခြင်းသည် မဲရုံဝန်ထမ်းများကို သင်တန်းများထပ်မံပေးသင့်သည့် အကြောင်းရင်းတစ်ခုဖြစ်ပြီး မဲလိမ်လည်ခြင်းဘေးအန္တရာယ်ကို လျှော့ချရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် ပြည်သူတို့၏ ယုံကြည်မှုမြင့်တက်လာစေရန်အလို့ငှာ အနာဂတ်တွင် လုပ်ထုံးလုပ်နည်းဆိုင်ရာအကာအကွယ်များကို အရှိန်မြင့်ဆောင်ရွက်သင့်ပါသည်။

ကံမကောင်းအကြောင်းမလှစွာပင် မဲပေးပိုင်ခွင့်ရုတ်သိမ်းမှုကိုဖြစ်စေနိုင်သည့် ပုံမှန်မဟုတ်သည့်အခြေအနေများစွာကို ရပ်ကွက်/ကျေးရွာအဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၌ ကြိုတင်မဲပေးရာတွင် တွေ့ရှိခဲ့ရပါသည်။ စစ်ကိုင်းတိုင်း၏တမူးမြို့နယ်တွင် ကြိုတင်မဲပေးနိုင်သည့်မဲရုံသည် မူလဖွင့်လှစ်ရမည့်ရက်မှ (၅) ရက်နောက်ကျ၍ နိုဝင်ဘာလ (၂) ရက်နေ့မှသာဖွင့်ခဲ့သည်။ အချို့သောနေရာများတွင် မဲရုံဝန်ထမ်းများက မဲဆန္ဒရှင်များအား မှားယွင်းသော မဲလက်မှတ်များကိုထုတ်ပေးခြင်း (သို့မဟုတ်) မဲဆန္ဒရှင်များက တိုင်းရင်းသားရေးရာဝန်ကြီးရွေးကောက်မှုအတွက် မဲပေးနိုင်သော်လည်း မဲလက်မှတ်ကိုမထုတ်ပေးခြင်းမျိုး အစရှိသည့် အမှားများပြုလုပ်တတ်သည်။

ရန်ကုန်တိုင်းလှည်းကူးမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ကိုယ်စားလှယ်တစ်ဦးက သက်ကြီးရွယ်အိုမဲဆန္ဒရှင်များကို သူတို့၏မဲလက်မှတ်တွင်တုံးထုရန် တံဆိပ်တုံးအတုပေးခဲ့သည်ကိုတွေ့ရှိခဲ့ရပြီး ရလဒ်အနေဖြင့် မဲလက်မှတ် (၄) ခုကို ပယ်မဲအဖြစ်သတ်မှတ်ခဲ့သည်ဟု မီဒီယာများကလည်း အစီရင်ခံတင်ပြခဲ့သည်[20]။ ဥပဒေချိုးဖောက်သူကို ရွေးကောက်ပွဲဥပဒေ၏ ပုဒ်မ ၅၉ ဖြင့်တရားစွဲဆိုခဲ့သည်။ သီးခြားဖြစ်ရပ်တစ်ခုတွင် ဧရာဝတီတိုင်းဒေသကြီး၏ ပုသိမ်မြို့နယ်ရှိ မဲဆန္ဒရှင်နှစ်ဦးက အောက်တိုဘာလ၊ ၃၁ ရက်နေ့တွင် သူတို့၏မဲလက်မှတ်များတွင် အမှတ်အသားပြုရန် ကိုယ်ပိုင်တံဆိပ်တုံးများကို အသုံးပြုခဲ့ကြောင်း သိရှိခဲ့ရသည်။ ဖြစ်ရပ်ကို ခရိုင်ကော်မရှင်အဖွဲ့ခွဲထံသို့ မတင်ပြရသေးခင်တွင် ၎င်းတို့အား နောက်ထပ်တစ်ကြိမ် မဲပေးရန် အခွင့်အရေးပေးခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ပြောကြားချက်အရ ဧရာဝတီတိုင်းဒေသကြီးတွင်ပင် ကျောင်းဆရာမတစ်ဦးသည် အောက်တိုဘာလ (၃၀) ရက်နေ့နှင့် (၃၁) ရက်နေ့တွင် မတူညီသောကျေးရွာအုပ်စုနှစ်ခု၌ ဆန္ဒမဲနှစ်ကြိမ်ပေးခဲ့သည့်အတွက် တရားစွဲဆိုခံနေရသည်[21]။

ကြိုတင်မဲပေးနိုင်သည့်မဲရုံများစွာသည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့်လမ်းညွှန်ချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့ကြသည်။ ANFREL အနေဖြင့် သွားရောက်လေ့လာခဲ့သည့်နေရာများစွာမှ မဲဆန္ဒရှင်များ၊ မဲရုံဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်တို့သည် ခပ်ခွာခွာအနေအထားဖြင့်နေခြင်း (Social Distancing)၊ ၎င်းတို့၏လက်များကိုပိုးသတ်ခြင်း (သို့မဟုတ်) မျက်နှာနှင့်နှာခေါင်းစည်း (mask) များကို သင့်တင့်လျှောက်ပတ်စွာဝတ်ဆင်ခြင်းတို့ကို မတွေ့ရှိရပေ။ မဲရုံဝန်ထမ်းအနည်းငယ်ကသာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသည့် စံလုပ်ငန်းလမ်းညွှန်တွင် ဖော်ပြထားသည့်အတိုင်း လက်အိတ်များနှင့် ပလတ်စတစ်မျက်နှာ

[20] https://www.irrawaddy.com/elections/myanmar-party-poll-monitors-complain-of-election-law-violations-during-early-voting.html

[21] https://www.gnlm.com.mm/announcement-on-legal-actions-taken-against-two-women-over-electoral-fraud-in-advance-voting/

အကာများကို တာဝန်ချိန်တွင်ဝတ်ဆင်ကြသည်။ ရွေးကောက်ပွဲနေ့မဲရုံများတွင် ဖြစ်နိုင်ချေရှိသည့် ကိုဗစ် ၁၉ရောဂါ ပိုးကူးစက်မှုကို အသက်(၆၀)နှစ်နှင့်အထက်မဲဆန္ဒရှင်များအတွက် လျှော့ချနိုင်ရန်ရည်ရွယ်၍ ၎င်းတို့အားလုံး အတွက် ကြိုတင်မဲပေးချိန်ကိုတိုးလိုက်သော်လည်း ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများ၏ မှတ်တမ်းများ အရ နောက်ဆုံးတွင် ကိုဗစ် ၁၉ ရောဂါကူးစက်ပြန့်ပွားမှုဘေးအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် အကူအညီဖြစ်၊ မဖြစ်မှာ သံသယဖြစ်ဖွယ်ပင်ဖြစ်သည်။

ထို့ပြင် ကြိုတင်မဲပေးခြင်းအား တစ်အိမ်တက်ဆင်းဆောင်ရွက်ခြင်းဖြင့် ဗိုင်းရပ်စ်ပိုးကူးစက်မှုဘေးကိုလျှော့ချရန် မှတ်ယူထားသော်လည်း ကိုဗစ် - ၁၉ ရောဂါပိုးကို ကြောက်ရွံ့မှုကြောင့် မဲဆန္ဒရှင်များအနေဖြင့် ကြိုတင် မဲပေးခြင်းအား တစ်အိမ်တက်ဆင်းဆောင်ရွက်ခြင်းအပေါ် အစဉ်အမြဲကြိုဆိုနေခြင်းမရှိခဲ့ပေ။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်ရှိ အိမ်ထောင်စုများစွာက မဲရုံဝန်ထမ်းများကို သူတို့၏အိမ်အတွင်းသို့ အဝင်မခံခဲ့သည့်အတွက် သက်ကြီးရွယ်အိုမဲဆန္ဒရှင်များအနေဖြင့် အိမ်မှနေ၍ မဲပေးနိုင်ခွင့်ကို ဆုံးရှုံးရနိုင်ချေသို့ ဦးတည်နေခဲ့သည်။

အလုံးစုံခြုံငုံရသော် ANFREL အနေဖြင့် နေအိမ်တွင်နေထိုင်ရေး (stay at home) အမိန့်များကို ပြဌာန်း ထားသည့်နေရာများ (သို့မဟုတ်) လူဦးရေထူထပ်သည့်နေရာများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ခံနိုင်ရည်မရှိ သောသက်ကြီးရွယ်အိုများအတွက် ကြိုတင်မဲပေးမှုကိုခွင့်ပြုရန် လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည် ဖော်ပေးခြင်းအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ချီးကျူးဂုဏ်ပြုလိုပါသည်။ ကြိုတင်မဲရုံများတွင် ကျန်းမာရေးလမ်းညွှန်ချက်များကို တသမတ်တည်းအကောင်အထည်မဖော်ခဲ့သော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၎င်းတို့၏အားထုတ်ကြိုးပမ်းမှုကို ထိခိုက်လွယ်သော မဲဆန္ဒရှင်များထံသို့ ရောက်ရှိရန်နှင့် ၎င်းတို့အနေဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် ဆက်လက်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ကြိုတင်မဲပေးခြင်းက ရွေးကောက်ပွဲဝန်ထမ်းများအတွက် ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ကို ကိုယ်စားပြုသည့်အပြင် လုပ်ငန်းစဉ်အတွက် စည်းမျဉ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်စဉ်တွင် တစ်ခါတစ်ရံ၌ ရွာတစ်ရွာနှင့်တစ်ရွာကြားတွင်ပင် မတူညီမှုများကို တွေ့ကြုံရသော်လည်း ၎င်း၏ရည်ရွယ်ချက်ကို ထူးထူးခြားခြားကောင်းမွန်စွာ ထမ်းဆောင် ခဲ့ပါသည်။ နောက်ထပ်သင်တန်းများနှင့် အရင်းမြစ်များရှိခဲ့ပါက နောက်အနာဂတ်ရွေးကောက်ပွဲစက်ဝန်းများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

# မဲဆွယ်စည်းရုံးမှုပတ်ဝန်းကျင်

### *နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်*

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ဆန်းသစ်တီထွင်မှုများထဲကတစ်ခုမှာ ညီညွတ်မှုရှိသော မဲဆွယ်စည်းရုံးရေးဆိုင်ရာအလေ့အကျင့်များကိုမြှင့်တင်ရန် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အတွက် လိုက်နာရမည့်ကျင့်ဝတ်တစ်ရပ်ကို ရေးဆွဲကျင့်သုံးခြင်းပင်ဖြစ်သည်။ လိုက်နာရမည့်ကျင့်ဝတ်ဟူသည် တနည်းအားဖြင့် ဥပဒေတွင်လွှမ်းခြုံမှုမရှိဘဲ အငြင်းပွားမှုများကိုရှောင်ရှားရန် (သို့မဟုတ်) ဖြေရှင်းရန်အတွက် မိမိတို့၏ဆန္ဒအလျောက်ဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့်ညီသော လမ်းညွှန်ချက်များပင်ဖြစ်သည်။ ကနဦး လုပ်ဆောင်ချက်ကို ရန်ကုန်ရှိ ဆွစ်သံရုံးက ပံ့ပိုးပေးခဲ့ပြီး လက်ရှိလည်းပံ့ပိုးပေးနေဆဲပင်ဖြစ်သည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအကြိုကာလတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ခုနှစ်၊ ဇွန်လအထိ ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်အသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲရန် အတွက် နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့်လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ်၏ ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်စာတမ်းပေါ်တွင်အခြေခံပြီး ပိုမိုပြည့်စုံ၍ မိမိဆန္ဒအလျောက်ဆောင်ရွက်ရမည့် အောက်ပါအဓိကတာဝန် (၇) ရပ်ပါဝင်သော လိုက်နာရမည့်ကျင့်ဝတ်သစ်တစ်ရပ်မရေးဆွဲမီ ၂၀၂၀ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့၌ ကော်မတီက နိုင်ငံရေးပါတီအားလုံးနှင့်တိုင်ပင်ဆွေးနွေးခဲ့ပါသည်။

- နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအားလုံး၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားလိုက်နာရန် သဘောတူခြင်း၊
- တွေ့ဆုံဆွေးနွေးမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းခြင်း လုပ်ငန်းယန္တရားများဖြင့် အငြင်းပွားမှုများကိုဖြေရှင်းရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ရန်၊
- အခြားသောနိုင်ငံရေးပါတီများ/ ကိုယ်စားလှယ်လောင်းများကိုလုပ်ကြံ၍ အသရေဖျက်ခြင်းနှင့် မဲဆွယ်စည်းရုံးမှုများတွင် ဘာသာရေးနှင့်လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုဖြစ်စေသော သုံးနှုန်းပြောဆိုခြင်းများ မပြုလုပ်ရန်၊
- မဲဆွယ်စည်းရုံးရေးလုပ်ရာတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊
- မဲဆွယ်စည်းရုံးမှုအသုံးစရိတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ လွတ်လပ်သောမီဒီယာ ပတ်ဝန်းကျင်ကိုမြှင့်တင်၍ နိုင်ငံပိုင်ရင်းမြစ်များကိုအသုံးမပြုဘဲ ဘက်ညီသော ပြိုင်ပွဲအခင်းအကျင်း တစ်ရပ် ဖြစ်ပေါ်လာရေးကိုမြှင့်တင်ရန်၊
- အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် ဘေးဖယ်ခံထားရလေ့ရှိသော အုပ်စုများကဲ့သို့ အုပ်စုအမျိုးမျိုးအတွက် တူညီသောအခွင့်အလမ်းများကိုပေးခြင်းဖြင့် မတူကွဲပြားခြားနားမှုနှင့် အားလုံး အကျုံးဝင်ပါဝင်မှုတို့ကို မြှင့်တင်ရန်နှင့်
- အကောင်အထည်ဖော်မှုကို အဆင်ပြေချောမွေ့စေရန်နှင့် လိုအပ်ပါက မှန်ကန်သောလုပ်ဆောင်မှုကို ဆောင်ရွက်ရန် ရွေးကောက်ပွဲကျင့်ဝတ်ဆိုင်ရာ လေ့လာစောင့်ကြည့်ရေးကော်မတီတစ်ရပ်ကို တည်ဆောက်ရန်။

ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်အသစ်ကို ၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အခမ်းအနားတစ်ခုဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် တပ်မတော်နှင့်မဟာမိတ်ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီအပါအဝင် အချို့သောနိုင်ငံရေးပါတီ (၃၀) က ထိုကျင့်ဝတ်စာတမ်းကို လက်မှတ်ရေးထိုးရန်ငြင်းပယ်ခဲ့ကြပြီး အကြောင်းရင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည် ၏ဖခင်ဖြစ်သည့် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှု၏ သူရဲကောင်းဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံများကို ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင်အသုံးပြုခြင်းအား ပိတ်ပင်မှုမပါရှိသောကြောင့်ဖြစ်သည်[22]။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအားလုံးက ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်တွင် လက်မှတ်ထိုးရန်သဘောတူခဲ့သည့် ၂၀၁၅ ခုနှစ်၏ဖြစ်ရပ်နှင့် နှိုင်းယှဉ်ပါက ထိုသပိတ်မှောက်မှုသည် သွေဖယ်နေပြီး ၂၀၂၀ ရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးမှုတို့သည် ပြီးခဲ့သည့်နှစ်များထက်စာလျှင် ပြည်သူများနှင့်ထိတွေ့နိုင်မှုနှင့် စနစ်တကျဖြစ်မှု နည်းနိုင်သည့် စိုးရိမ်ပူပန်မှုများ ကိုဖြစ်စေသည်။

## *ကိုဗစ် - ၁၉ ရောဂါပိုးကြောင့် အပြောင်းအလဲဖြစ်ခဲ့ရသည့် မဲဆွယ်စည်းရုံးမှု*

ကမ္ဘာတလွှားဖြစ်ပွားသည့် ကိုဗစ် - ၁၉ ရောဂါပိုး၏နောက်ခံဖြစ်ရပ်နှင့်ဆန့်ကျင်၍ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် ရက်ပေါင်း (၆၀) ကြာမြင့်သည့် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံး မှုကာလသည် ကိုယ်စားလှယ်လောင်းများအတွက် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ မနက် (၆) နာရီမှ စတင်ခဲ့ပြီး နိုဝင်ဘာလ၊ ၆ရက်နေ့ညသန်းခေါင်တွင် အဆုံးသတ်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ဇူလိုင် (၁) ရက်နေ့တွင် ရွေးကောက်ပွဲကို ကြေညာလိုက်ပြီးသည့်နောက်တွင် မဲဆွယ်စည်းရုံးမှုများကို စတင်နိုင် ခဲ့ပါသည်။ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာကျင်းပနိုင်ရန်နှင့် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏ဆန္ဒမဲများကို လွတ်လပ်စွာပေးခွင့်ရနိုင်ရန် မဲဆွယ်စည်းရုံးမှုအားလုံးကို နိုဝင်ဘာလ (၇) ရက်နေ့တွင်ရပ်နားရမည်ဖြစ်သည်။ ဤ အချိန်တွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များသည် မဲဆွယ်စည်းရုံးမှုဆိုင်ရာ စာရွက်စာတမ်းများနှင့် သတင်းစကားများကို လူမှုကွန်ယက်များ၊ ဝက်ဘ်ဆိုဒ်များနှင့် အခြားမီဒီယာလမ်းကြောင်းများကိုအသုံးပြု၍ မဲဆွယ်စည်းရုံးခြင်းမလုပ်ရန် တားမြစ်ထားသည်[23]။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ကမ္ဘာတစ်လွှားကိုဗစ်-၁၉ ရောဂါပြန့်ပွားနေချိန်တွင် ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုများကို ပြည်သူ့ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးတို့ကို မထိခိုက်စေဘဲ သေချာစွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ဆိုင်ရာလမ်းညွှန်ချက်များကို စက်တင်ဘာလ ၆ ရက် နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များတွင် မျက်နှာနှင့်နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်း၊ ခြောက်ပေခွာ၍ နေခြင်း၊ လက်သန့်ဆေးရည်အသုံးပြုခြင်းတို့အပြင် မဲဆွယ်စည်းရုံးမှုများနှင့်တွေ့ဆုံပွဲများတွင် လူဦးရေ (၅၀) အထိကန့်သတ်ထားရှိခြင်း (သို့မဟုတ်) တစ်အိမ်တက် တစ်အိမ်ဆင်း၍မဲဆွယ်စည်းရုံးရာတွင် လူ (၁၅) ဦးအထိကန့်သတ်ထားရှိခြင်းတို့ပါဝင်သည်။ လမ်းညွှန်ချက်များက နေအိမ်တွင်နေထိုင်ရေးအမိန့်အောက်ရှိနယ်မြေများတွင် မဲဆွယ်စည်းရုံးမှုပြုလုပ်ခြင်းမှလည်း ကန့်သတ်ထားပြီး ပါတီများနှင့်ကိုယ်စားလှယ်လောင်းများအတွက် “New Normal” ကာလ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များထံသို့

---

[22] https://www.frontiermyanmar.net/en/usdp-risks-disorderly-election-by-snubbing-code-of-conduct/

[23] https://www.gnlm.com.mm/announcement-of-union-election-commission/

သတင်းစကားများရောက်ရှိစေရန်အတွက် လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘုတ်ခ်သည် အလွန်အရေးပါလာစေသည်။

မဲဆွယ်စည်းရုံးမှုအမျိုးအစားစုတွင် ထရပ်ကားများ၊ ကားများ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများပါဝင်သည့် ယာဉ်တန်းများနှင့် ပါတီကိုဝန်းရံသူများ၏ စီတန်းလှည့်လည်မှုများပါဝင်သည်။ အကန့်အသတ်ရှိသော လူစုလူဝေး စုဝေးမှုများကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာသတင်းစကားများကိုပြသရန် ကြော်ငြာဆိုင်းဘုတ်များနှင့် စာတန်းများကို အသုံးပြုခဲ့ရသည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရာတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီဝင်များက ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများအားပြောပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မဲဆွယ်စည်းရုံးမှုပြုလုပ်သော နေရာများတွင် နေရာလပ်မရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဘုန်းကြီးကျောင်းများနှင့် အခြားသော ဘာသာရေးအဆောက်အဦးများကို အသုံးမပြုနိုင်သောကြောင့် တက်ရောက်သူများအတွက် သက်သောင့်သက်သာ မဖြစ်သည့် လဟာပြင်တွင် ဆောင်ရွက်ခြင်း (သို့မဟုတ်) လူထုစုဝေးပွဲများတွင် လူအရေအတွက်ကို လျှော့ချခြင်းကို အားကိုးအားထားပြုခဲ့ရသည်။

ယခင်ကဲ့သို့ပင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးပွဲများကိုကျင်းပရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ကြိုတင်၍ ခွင့်ပြုမိန့်တောင်းရမည်ဖြစ်သည်။ အမှန်စင်စစ် အားဖြင့် ရွေးကောက်ပွဲဝန်ထမ်းများသည် ပါတီအသီးသီးမှမဲဆွယ်စည်းရုံးရာတွင် တစ်ပါတီနှင့်တစ်ပါတီ ထိပ်တိုက်တွေ့ဆုံနိုင်သည့် လူထုစုဝေးပွဲများကိုရှောင်ရှားရန်အလို့ငှာ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ANFREL က မေးမြန်းခဲ့သည့်ကိုယ်စားလှယ်လောင်းများက ဝန်ခံသည်မှာ ဤနည်းလမ်းက ဖိအားများကို ကာကွယ်တားဆီးရာတွင် ယေဘုယျအားဖြင့်အောင်မြင်ကြောင်းနှင့် ၎င်းတို့အနေဖြင့် လွတ်လပ်စွာမဲဆွယ်စည်းရုံးရာတွင် အနှောင့်အယှက်များ မတွေ့ကြုံရဟုဆိုကြသည်။ သို့ရာတွင် ဒေသများစွာရှိ အင်တာဗျူးဖြေဆိုသူများက အာဏာရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီထံမှ ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ ဦးစားပေးဆက်ဆံမှုကို ရရှိသည်ဟုဖွင့်ဟခဲ့ကြသည်။ ဥပမာအားဖြင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးပွဲများကို ပိုမိုလျှင်မြန်စွာ ခွင့်ပြုမိန့်ရရှိခြင်း (သို့မဟုတ်) အချို့သောနေရာတွင် မဲဆွယ်စည်းရုံးရန် ပထမဆုံးအခွင့်အရေးကို ရရှိခြင်းမျိုးပင်ဖြစ်သည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ထုံးတမ်းစဉ်လာမဲဆွယ်စည်းရုံးမှုမဟာဗျူဟာများကို ကိုဗစ် - ၁၉ ရောဂါပိုးက ကြီးမားစွာထိခိုက်စေခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးမှုဝန်းကျင်မှာ ပျော်ပွဲရွှင်ပွဲများနှင့်အသက်ဝင်၍ ရွေ့လျားမဲဆွယ်စည်းရုံးမှုများ၊ ဂီတပွဲများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူထုချီတက်ပွဲများနှင့် တစ်အိမ်တက်ဆင်းမဲဆွယ်စည်းရုံးမှုတို့ဖြင့် ပြည့်နှက်ခဲ့သည်[24]။ နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးမှုသည် ခပ်အုပ်အုပ်သာဖြစ်သည်။

ANFREL ၏ရွေးကောက်ပွဲလေ့လာသူတစ်ဦးက အင်တာဗျူးလုပ်ခဲ့သည့် အမျိုးသမီး ကိုယ်စားလှယ်လောင်း တစ်ဦးကပြောပြသည်မှာ နေအိမ်တွင်နေထိုင်ရေးအမိန့်အောက်မှ နယ်မြေဒေသများတွင် ၎င်း၏ပါတီအနေဖြင့် ပါတီ၏လက်ကမ်းစာစောင်များနှင့် မဲဆွယ်စည်းရုံးရေးစာရွက်စာတမ်းများကို သူငယ်ချင်းများနှင့်ဝန်းရံသူများ၏ အိမ်နီးချင်းများထံသို့ ၎င်းတို့ကိုယ်စားဖြန့်ဝေပေးရန်အတွက် အကူအညီတောင်းခဲ့ပြီး ဤနည်းဖြင့်သာ

[24] https://anfrel.org/anfrel-eom-2015-report/

မဲဆန္ဒရှင်များထံသို့ သတင်းစကား ရောက်ရှိစေနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပါတီအချို့က ဆိုသည်မှာ ၎င်းတို့အနေဖြင့် ဆက်စပ်ပတ်သက်သူပေါင်းစုံတို့ပါဝင်သည့်မဲဆွယ်စည်းရုံးပွဲများကို လူထုနှင့်အတူ (၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့်အတိုင်း) ဆောင်ရွက်ရန် မတတ်နိုင်ခဲ့ကြောင်းနှင့် ယင်းအစား မြို့လယ်ခေါင် နေရာများနှင့် အချို့သောကျေးရွာအုပ်စုများတွင် ကြော်ငြာဆိုင်းဘုတ်ကြီးများထောင်ခြင်းကိုသာ ကန့်သတ် ဆောင်ရွက်ခဲ့ကြရသည်။ သို့ရာတွင် အချို့သောနိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ မဟာဗျူဟာများကို ဆန်းသစ်တီထင်မှုရှိလာသည်။ ဥပမာအားဖြင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်တွင် ပြည်သူ့ရှေ့ဆောင်ပါတီ၏ကိုယ်စားလှယ်လောင်းသည် ရွေ့လျားဈေးဆိုင်ငယ်ကိုတည်ဆောက်၍ မဲဆန္ဒရှင်များကို စွဲဆောင်ရန် မဲဆွယ်စည်းရုံးရေးပိုစတာများကိုပြသထားပြီး အဖိုးသင့်စားသောက်ကုန်များကို ရောင်းချပေး ခဲ့သည်[25]။

တခါတရံတွင် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများဆောင်ရွက်ရန်အတွက် ကိုဗစ်-၁၉ အခြေအနေအပေါ် အကျိုးအမြတ်ယူတတ်ကြသည်။ ပါတီလိုဂိုများပါဝင်သည့် မျက်နှာနှင့်နှာခေါင်းစည်း (Mask) (သို့မဟုတ်) ပလတ်စတစ်မျက်နှာအကာကဲ့သို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်း (PPE) များသည် အဆန်းတကြယ် မဟုတ်တော့ပေ။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပါတီကြီးတစ်ခုသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက်ခွဲဝေပေးထားသည့် အစိုးရ၏ရန်ပုံငွေအကူအညီများကို မဲဆွယ်စည်းရုံးရေး ရည်ရွယ်ချက်များ အတွက် အလွဲသုံးစားသုံးခဲ့ကြောင်း ANFREL အားသတင်းပေးခဲ့ကြသည်။ ပါတီကိုယ်စားလှယ်လောင်းများက အချို့သောအိမ်ထောင်စုများကို ငွေကျပ် ၂၀,၀၀၀ စီပေးခဲ့ကြောင်းနှင့် ၎င်း၏ရည်ရွယ်ချက်မှာ ကမ္ဘာတလွှား ဖြစ်ပွားနေသည့် ရောဂါပိုးအတွက် ထောက်ပံ့ခြင်းလား (သို့မဟုတ်) ၎င်းတို့၏ မဲဆွယ်စည်းရုံးရေး အစီအစဉ်များ အတွက် ထောက်ပံ့သည်လားဟူ၍ မေးခွန်းထုတ်ရန် နိုင်ငံသားများကို လှုံ့ဆော်နေသကဲ့သို့ပင်ဖြစ်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ကိုယ်စားလှယ်လောင်းများက မဲဆန္ဒရှင်များကို အစိုးရ၏ရန်ပုံငွေ ထောက်ပံ့ထားသည့် ကယ်ဆယ်ရေးအကူအညီ (သို့မဟုတ်) တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်း (PPE) များဝေငှခဲ့ပြီး အာဏာရ ပါတီကပေးသည်ဟူ၍ အထင်အမြင်လွဲမှားစေခဲ့ကြောင်း တင်ပြသည့်အစီရင်ခံစာများစွာကိုလည်း ANFREL အနေဖြင့် လက်ခံရရှိခဲ့သည်။

စိတ်ချလုံခြုံသောမဲဆွယ်စည်းရုံးရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းနှင့် အကျိုးသက်ရောက်မှုရှိအောင် လုပ်ဆောင်ခြင်းတို့သည် လုံလောက်မှုမရှိဟု ကျယ်ကျယ်လောင်လောင် သုံးသပ်ခံခဲ့ရပါသည်။ ANFREL က အင်တာဗျူးမေးမြန်းခဲ့သည့် မဲဆန္ဒရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီအများစုမှာ (အားလုံးမဟုတ်ပါ) မဲဆွယ်စည်းရုံးပွဲတွင် အများဆုံးတက်ရောက်ရမည့် လူဦးရေကန့်သတ်ထားချက်များကို ချိုးဖောက်ခဲ့ကြကြောင်း တညီတညွတ်တည်းထွက်ဆိုခဲ့ကြပါသည်။ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်းနှင့် မျက်နှာနှင့်နှာခေါင်းစည်း (Mask)များ အသုံးပြုခြင်းတို့ကိုလည်း မဲဆွယ်စည်းရုံးမှုများတွင် လိုက်နာမှုမရှိသလောက်ပင်ဖြစ်သည်။ သို့သော် အများအားဖြင့် ပိတ်ဆို့အရေးယူမှုများမရှိသည့် အကြောင်းရင်းမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက မိမိအသိစိတ်ဖြင့် တာဝန်ယူ ဆောင်ရွက်ခြင်းအပေါ်၌သာ အဓိကမှီတည်ထားစေခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့၏ ပိုမိုကြီးမားသော ပွဲလမ်းအချို့အကြောင်းကို မေးမြန်းသည့်

[25] https://www.channelnewsasia.com/news/asia/myanmar-election-candidate-grocery-truck-supporters-13439616

အခါ၌ ကိုယ်စားလှယ်လောင်းများက ဝန်းရံသူတို့သည် ၎င်းတို့ဘာသာ အဆိုပါပွဲများကို လာရောက်ပေါင်းစည်းကြခြင်းဟု ထုတ်ဖော်ပြောဆိုခြင်းဖြင့် ၎င်းတို့၏တာဝန်ဝတ္တရားများကို ရှောင်ဖယ်လေ့ရှိကြသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအနှံ့မှ ရဲဝန်ထမ်းများကို အင်တာဗျူးမေးမြန်းသောအခါတွင် ၎င်းတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များအရ မဲဆွယ်စည်းရုံးမှုတို့ကို ထိန်းသိမ်းရန် အလုပ်တာဝန်ပေးအပ်ခြင်း မခံခဲ့ရကြောင်း ဆိုကြသည်။

ပဲခူးမြို့တွင် ANFREL ၏ ရွေးကောက်ပွဲလေ့လာတစ်ဦးက အမျိုးသားဒီမိုကရေစီပါတီ၏ မဲဆွယ်စည်းရုံးမှုတစ်ခုအားမြင်တွေ့ခဲ့ရပြီး အဆိုပါ စီတန်းလှည့်လည်မှုတွင် ပါတီ၏အင်္ကျီဝတ်ဆင်ထားသူများ၊ ပိုစတာကိုင်ထားသူများနှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ စာရွက်စာတမ်းများသယ်ဆောင်လာသူများကို အပြည့်အကျပ် တင်ဆောင်လာသည့် ထရပ်ကားများစွာပါဝင်သည်ကို မျက်မြင်တွေ့ခဲ့ရသည်။ ဝန်းရံသူများက မျက်နှာနှင့်နှာခေါင်းစည်း (Mask) (သို့မဟုတ်) တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်း အစရှိသည်တို့ကို မလိုက်နာကြပါ။ ပါတီအချို့က အတိအကျပြောရသော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီတို့က တိုင်ကြားချက်ကိုတင်သွင်းပြီးနောက် မဲဆွယ်စည်းရုံးရေးများသည် လူမှုမီဒီယာပလက်ဖောင်းများထံသို့ ရွှေ့သွားခဲ့သည်။ ရွာငယ်များနှင့်မြို့ငယ်များတွင် နိုင်ငံရေးပါတီများက တစ်သီးပုဂ္ဂလပိုမိုဆန်သည့် မဲဆွယ်စည်းရုံးမှုမဟာဗျူဟာများကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ယင်းဗျူဟာတို့မှာ အိမ်နီးနားဝန်းကျင်တွင် တစ်အိမ်တက်တစ်အိမ်ဆင်းမဲဆွယ်စည်းရုံးရေးပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များကိုဖြန့်ဝေခြင်းနှင့် ရပ်ကွက်အနှံ့တွင် လော်စပီကာများကိုအသုံးပြု၍ သတင်းစကားဖြန့်ခြင်းတို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲလေ့လာသူအားလုံးက ၎င်းတို့လေ့လာရာဒေသများတွင်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအမိန့်များကို အလားတူ ချိုးဖောက်မှုများ ရှိခဲ့သည်ဟုတင်ပြခဲ့ကြသည်။ အိမ်တွင်နေထိုင်ရန်အမိန့်ကို ဩဂုတ်လကုန်ကတည်းက လိုက်နာနေရသည့် ရခိုင်ပြည်နယ်တွင် လမ်းညွှန်ချက်များအရ မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက်လုံးတွင် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကိုခွင့်မပြုထားသင့်သော်လည်း မဲဆွယ်စည်းရုံးမှုတို့မှာ ပုံမှန်ဖြစ်ပေါ်ခဲ့ပါသည်။

ကယားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုအရေအတွက်နည်းပါးသောကြောင့် အိမ်တွင်နေထိုင်ရေးအမိန့်မပြဋ္ဌာန်းခဲ့သည့်တိုင်အောင် ခရီးသွားလာရေးဆိုင်ရာကန့်သတ်ချက်များကို ပြည်နယ်တလွှား ချမှတ်ထားခဲ့ပါသည်။ သို့တိုင်အောင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာမှုမရှိဘဲ ပလတ်စတစ်မျက်နှာအကာဝတ်ဆင်သူ အနည်းငယ်သာပါသည့် တက်ရောက်သူ (၁၀၀) မှ (၂၀၀) အထိရှိသည့် မဲဆွယ်စည်းရုံးရေးပွဲများစွာ ပြုလုပ်ခဲ့ကြသည်။ သာဓကတစ်ခုအနေဖြင့် ကယားအမျိုးသားပါတီနှင့် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီတို့၏ ဝန်းရံသူ ခန့်မှန်းခြေ ၂၀,၀၀၀ ခန့်သည် ထရပ်ကားကြီးများ၊ မော်တော်ဆိုင်ကယ်များဖြင့် စီတန်းလှည့်လည်မှုများဆောင်ရွက်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေရေး နည်းလမ်းများကိုလည်း လိုက်နာခြင်းမရှိပေ။ ရခိုင်ပြည်နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ရပ်ပိုင်းဆိုင်ရာ ကွာခြားခြင်းမပြုလုပ်ဘဲ "ကမ်းခြေပါတီ" တစ်ရပ်ကိုစီစဉ်ကျင်းပခဲ့ပြီးနောက် အခြားသောနိုင်ငံရေးပါတီများက လိုက်လံလုပ်ဆောင်ခဲ့ကြပြီး လမ်းညွှန်ချက်များကို ချိုးဖောက်ခဲ့ကြပါသည်။

အထက်တွင်ဖော်ပြထားသည့်ချိုးဖောက်မှုများနှင့် အခြားအရာများစွာက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အောက်တိုဘာလ ၂၄ ရက်နေ့တွင် "နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့အားဝန်းရံသူများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လူအယောက် (၅၀) ထက်မကျော်ရန် ကန့်သတ်ထားသည့်စည်းကမ်းချက်များကိုလိုက်နာရန်ပျက်ကွက်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေး

စည်းမျဉ်းကို လျစ်လျူရှုကြသည်[26]” ဟုကြေညာရန်ဖြစ်စေခဲ့ပါသည်။ မဲဆွယ်စည်းရုံးရေးကာလ မပြီးဆုံးမီ နှစ်ပတ်အလိုမှသာ ထွက်ပေါ်လာခဲ့သည့် ဤထုတ်ပြန်ကြေညာချက်သည် နိုင်ငံရေးပါတီများနှင့် ၎င်းတို့အား ဝန်းရံသူများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လည်း လှုံ့ဆော်ပေးခဲ့သည်။

ခြုံငုံ၍သုံးသပ်ရသော် ရွေးကောက်ပွဲဝန်ထမ်းများ၏ တုံ့ပြန်ဆောင်ရွက်မှုအားနည်းခြင်းနှင့် ကျန်းမာရေး လမ်းညွှန်ချက်များကိုချိုးဖောက်မှုနှင့်စပ်လျဉ်း၍ တာဝန်ယူမှုကင်းမဲ့ခြင်းတို့က ဘေးအန္တရာယ်ရှိသည့် မဲဆွယ် စည်းရုံးရေးပတ်ဝန်းကျင်နှင့် မညီမျှသောယှဉ်ပြိုင်မှုအနေအထားကို ဖြစ်ပေါ်စေခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေးနှင့် အများဆုံးပါဝင်နိုင်သည့် လူဦးရေအကန့်အသတ်တို့ကို လိုက်နာသည့်ပါတီအချို့က ၎င်းတို့၏ဝန်းရံသူများနှင့် ဝေးကွာလာပြီး ပိုမိုကြီးမားသောပွဲများကိုပြုလုပ်သည့်ပါတီများ၏ အရှိန်အဝါအောက်တွင် မှေးမှိန်ပျောက်ကွယ်ခဲ့သည်။ ကိုဗစ်-၁၉ အခြေအနေအောက်တွင် လုံခြုံစိတ်ချရသောမဲဆွယ်စည်းရုံးရေးကို သေချာစွာဆောင်ရွက်နိုင်စေရန် သင့်တော်သည့်စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သော်လည်း ယင်းစည်းမျဉ်း များကို အကောင်းဆုံးလိုက်နာဆောင်ရွက်နိုင်ရမည့်အာဏာပိုင်အဖွဲ့အစည်းများအပါအဝင် ဆက်စပ်ပတ်သက် သည့် အဖွဲ့အစည်းအများစုက မလိုက်နာခြင်းကို ANFREL အနေဖြင့်စိတ်မကောင်းဖြစ်မိပါသည်။

### *မဲဆွယ်စည်းရုံးမှုအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းက ပြဌာန်းသည့်စည်းမျဉ်းများ*

ANFREL အဖွဲ့ကအင်တာဗျူးခဲ့သည့် သတင်းထောက်တစ်ဦး၏ပြောဆိုချက်အရ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအချို့သည် ၎င်းတို့၏နယ်မြေထဲတွင် မဲဆွယ်စည်းရုံးရန်အလို့ငှာ နိုင်ငံရေးပါတီများအတွက် စည်းမျဉ်းများကို ပြဌာန်းသတ်မှတ်ခဲ့ကြသည်။ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းတို့၏ဒေသများတွင် မဲဆွယ်စည်းရုံးရန်အတွက် ၎င်းတို့ထံမှ ခွင့်ပြုချက်ကို တောင်းခံရန်လိုအပ်သည်။ တိုင်းရင်းသားပါတီများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိသည့်အတွက် အသာစီးရမှုများရှိခဲ့ပါသည်။

ရှမ်းပြည်နယ်တွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတွင်းအကြီးမား ဆုံးလက်နက်ကိုင်အုပ်စုများထဲမှ တစ်ခုဖြစ် သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ အုပ်ချုပ်မှုနယ်မြေအတွင်း လှုပ်ရှားဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်လိုပါက မပြုလုပ်မီ ကောင်စီအား အကြောင်းကြားရန်လိုအပ်ပါသည်[27]။ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်ရှိ ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့တို့ကလည်း အလားတူစည်းမျဉ်းတစ်ရပ်ကို ပြဌာန်းခဲ့ပြီး ကိုဗစ်-၁၉ ရောဂါပိုးပြန့်နှံ့မှုကို ကာကွယ်တားဆီးရေးအတွက် ချင်းအမျိုးသားတပ်ဦး၏ ထိန်းချုပ်နယ်မြေများတွင် မဲဆွယ် စည်းရုံးနိုင်ရန်အလို့ငှာ နိုင်ငံရေးပါတီများက ခွင့်ပြုချက်တောင်းခံရန်လိုအပ်ပါသည်။ မွန်ပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သည့် မွန်ပြည်သစ်ပါတီက ၎င်း၏နယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါပိုး ပြန့်နှံ့မှုကို ကာကွယ်တားဆီးရေးအတွက် နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးမှုအားလုံးကို ပိတ်ပင်ခဲ့သည်[28]။

---

[26] https://www.gnlm.com.mm/request-to-political-parties-hluttaw-candidates-and-eligible-voters/

[27] https://www.bnionline.net/en/news/rcss-recommends-political-parties-inform-them-election-cam-paigns-their-territory

[28] www.bnionline.net/?url=https%3A%2F%2Fwww.bnionline.net%2Fen%2Fnews%2Fchin-national-frontcnf-and-itsarmed-wing-declares-all-candidates-must-seek-permission-order

နိုဝင်ဘာလ ၂ရက်နေ့တွင်ဖြန့်ဝေသည့်ထုတ်ပြန်ချက်တွင် တပ်မတော်က (မြန်မာနိုင်ငံ၏လက်နက်ကိုင်တပ်ဖွဲ့) လက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှုအခွင့်အရေးကိုလေးစားရန် ကမ်းလှမ်းခဲ့သည်[29]။

### *ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှု*

မြန်မာနိုင်ငံရွေးကောက်ပွဲဥပဒေများအရ လူတစ်ဦးတစ်ယောက်၏မဲပေးပိုင်ခွင့် (သို့မဟုတ်) ရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကိုတားဆီးရန် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု (သို့မဟုတ်) မလျော်သြဇာလွှမ်းမိုးမှုကို အသုံးပြုခြင်းအပေါ် ပြစ်မှုအဖြစ်သတ်မှတ်ပါသည်။ ထို့အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေက မတူညီသောကိုးကွယ်မှုဘာသာများအကြား အထိကရုန်းဖြစ်နိုင်သော လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများ (သို့မဟုတ်) တစ်ဦးတစ်ယောက်ချင်းဆီ၏ စည်းလုံးညီညွတ်မှုကိုထိခိုက်စေသော လုပ်ဆောင်မှုများကိုတားမြစ်ထားပါသည်။ ဤတားမြစ်ချက်ကို ချိုးဖောက်ကြောင်းတွေ့ရှိရသည့် မည်သည့်နိုင်ငံရေးပါတီမဆို (သို့မဟုတ်) ကိုယ်စားလှယ်လောင်းကိုမဆို ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ ပိတ်ပင်ခြင်းခံရနိုင်သည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးရေးကာလသည် အကြမ်းဖြင်းအားဖြင့် တည်ငြိမ်အေးချမ်းကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်အရေအတွက်များမြင့်တက်လာသည်ကိုတွေ့ရှိခဲ့ရပါသည်။ New Myanmar Foundation (NMF) ၏ပြောကြားချက်အရ အောက်တိုဘာလ ၂၉ ရက်မှစ၍ အမျိုးမျိုးသောနိုင်ငံရေးပါတီများ၏ထောက်ခံသူများကြားတွင် မဲဆွယ်စည်းရုံးရေးစတင်သည့်အချိန်ကတည်းကပင် ရုပ်ပိုင်းဆိုင်ရာထိပ်တိုက်ရင်ဆိုင်မှုပေါင်း (၈၂) ခုထိရှိခဲ့သည်။ အဆိုပါဖြစ်ရပ်များတွင် ဗီနိုင်းပိုစတာများကိုဖျက်စီးခြင်း၊ ကိုယ်စားလှယ်လောင်းများအကြား အသရေဖျက်ခြင်းများ၊ ပစ္စည်းများကိုဖျက်စီးခြင်း၊ သွေးထွက်သံယိုဖြစ်စေခြင်းနှင့် သေဆုံးခြင်းများပင်ပါဝင်ခဲ့သည်။ နှိုင်းယှဉ်ချက်အားဖြင့်မူ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲအကြမ်းဖက်မှုဖြစ်စဉ် ၂၈ ခုသာရှိခဲ့သည်[30]။

ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုထဲမှ ပြင်းထန်သောဖြစ်စဉ်တစ်ခုမှာ အောက်တိုဘာလ ၂၂ ရက်နေ့တွင်ဖြစ်ပွားခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကံ့ဘလူမြို့နယ်၊ ကာဘိုးရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ၏ထောက်ခံသူများအကြား ဖြစ်ပွားခဲ့သောထိပ်တိုက်ရင်ဆိုင်မှုဖြစ်စဉ်တွင် တစ်ယောက်အသတ်ခံခဲ့ရပြီး အခြားတစ်ယောက်မှာ ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ယင်းဖြစ်ရပ်အတွင်း စက်ဘီး ၇ စီး၊ အိမ်တစ်လုံး နှင့် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များ ဖျက်စီးခံခဲ့ရပါသည်။ လက်ရှိတွင် အမှုဖြစ်စဉ်အတွက် လူ ၅ယောက်ကို စုံစမ်းစစ်ဆေးလျက်ရှိပါသည်[31]။

အောက်တိုဘာ၁၄ရက်နေ့တွင် ရခိုင်ပြည်နယ်တောင်ပိုင်း တောင်ဂုတ်မြို့နယ်တွင် ရခိုင့်တပ်တော် (AA) သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်း ၃ ဦးကို မဲဆွယ်စည်းရုံးရေးပြုလုပ်နေစဉ်ပြန်ပေးဆွဲခဲ့သည်။ လက်နက်ကိုင်အဖွဲ့သည် ၎င်းတို့ကို နေအိမ်တွင်နေထိုင်ရေးအမိန့် (stay-at-home order)

---

[29] http://dsinfo.org/node/630
[30] https://www.irrawaddy.com/opinion/analysis/myanmar-election-violence-rise-november-vote-nears.html
[31] https://www.mmtimes.com/news/physical-confrontations-increased-during-2020-election-campaign-period-myanmar.html

ထုတ်ပြန်ထားသော်လည်း မဲဆွယ်စည်းရုံးရေးလုပ်ခဲ့ပြီး လူ့အသက်ကို အန္တရာယ်ဖြစ်စေသည့်အတွက်ဟု စွပ်စွဲခဲ့ကြသည်။ ရခိုင့်တပ်တော် (AA) က ရခိုင်တိုင်းရင်းသားနိုင်ငံရေးသမားအားလုံးကို လွတ်မြောက်ခွင့်ပေးရန်အပြင် ရခိုင့်တပ်တော် (AA)နှင့် ဆက်နွယ်သည့်အတွက် ဖမ်းဆီးထားသော အရပ်သားများနှင့် ငြိမ်းချမ်းရေးတောင်းဆိုသော ထိန်းသိမ်းခံဆန္ဒပြကျောင်းသားများကို ဓားစားခံများအားမလွှတ်မီ ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ပါသည်[32]။ သုံးပတ်ကြာပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) က အဆိုပါ ပြန်ပေးဆွဲခံရသော ကိုယ်စားလှယ်လောင်းများ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါသည်[33]။

စက်တင်ဘာလတွင် နေပြည်တော် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ဥက္ကဌ ဦးသိန်းထွေး၏ နေအိမ်တွင် ပိုင်ရှင်မဲ့လက်ပစ်ဗုံးများတွေ့ရှိခဲ့ရသည်။ လက်ပစ်ဗုံးနှစ်လုံးကို လမ်းမမှခြံဝန်းအတွင်းသို့ ပစ်ထည့်ခဲ့ခြင်းဖြစ်သည်ဟု ကြားသိခဲ့ရသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီအများအပြားမှ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းပေးရန် တောင်းဆိုသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဌ ဦးလှသိန်းက ရွေးကောက်ပွဲကိုရွှေ့ဆိုင်းလိမ့်မည်မဟုတ်ကြောင်း ကြေညာခဲ့ပြီးနောက်တွင် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်[34]။

မြိုင်မြို့နယ်မှ NLD ပါတီ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွာသားတစ်ဦးနှင့် ပါတီ၏စည်းရုံးရေးသီချင်းဖွင့်ခြင်းအပေါ် အငြင်းပွားမှုဖြစ်ပွားပြီးနောက် အောက်တိုဘာ (၃) ရက်နေ့တွင် လူ ၁၀၀ ခန့်ရှိသော အုပ်စုတစ်စုသည် ဦးမြင့်နိုင်၏နေအိမ်သို့ စီးနင်းဝင်ရောက်ခဲ့သည်။ ဦးမြင့်နိုင်၏အဆိုအရ ရွာသားတစ်ဦးသည် ၎င်း၏အိမ်သို့ရောက်ရှိလာပြီး သီချင်းပိတ်ရန်ပြောဆိုခဲ့ပြီးနောက် ဓါးဖြင့်သူ့အားတိုက်ခိုက်၍ လည်ပင်းကိုအနာတရဖြစ်စေခဲ့ခြင်းဖြစ်သည်။ ထို့နောက် လူစုလုဝေးဖြစ်ပေါ်ခဲ့ပြီးနောက် လက်နက်များ၊ ဓါတ်ဆီဗုံးများနှင့် အိမ်ကိုတိုက်ခိုက်ခဲ့ကြသည်။ မကွေးတိုင်းဒေသကြီးအာဏာပိုင်အဖွဲ့အစည်းများ၏အဆိုအရ အုပ်စုဖွဲ့တိုက်ခိုက်မှုတွင်ပါဝင်သော လူ (၁၉) ဦးကို ဖမ်းဆီးအရေးယူထားပြီးဖြစ်သည်ဟုသိရသည်[35]။

ရွေးကောက်ပွဲမတိုင်မီ (၂) ရက်အလို နိုဝင်ဘာလ ၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်[36]။ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပါ။ လုပ်ကြံသူကို ယခုထက်တိုင် မသိရှိရပေ။

### *အွန်လိုင်းမှတဆင့်မဲဆွယ်စည်းရုံးခြင်းနှင့် အမုန်းစကားများဖြန့်ဝေခြင်း*

COVID-19 ရောဂါဖြစ်ပွားစဉ်ကာလအတွင်း နိုင်ငံရေးပါတီအများစုနှင့် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုများနှင့် မဲဆန္ဒရှင်အသိပညာပေးလှုပ်ရှားမှုများကို မဲဆန္ဒရှင်များထံသို့

[32] https://www.irrawaddy.com/elections/arakan-army-admits-abducting-three-myanmar-ruling-party-candidates.html
[33] https://www.irrawaddy.com/news/burma/long-silence-abducted-nld-candidates-myanmars-rakhine-state-prompts-fears.html
[34] https://www.irrawaddy.com/elections/second-unexploded-hand-grenade-found-residence-election-official-myanmars-capital.html
[35] https://www.irrawaddy.com/elections/19-arrested-mob-attack-nld-members-house-central-myanmar.html
[36] https://elevenmyanmar.com/news/bomb-blast-hit-bago-election-commission-office-ahead-of-general-election

ရောက်ရှိစေရန် အွန်လိုင်းမှဆက်သွယ်သည့်နည်းလမ်းသို့ ပြောင်းလဲခဲ့သည်။ ၎င်းတို့၏ စည်းရုံးရေးဆောင်ပုဒ်များ၊ သတင်းစကားများနှင့် ပါတီ၏မူဝါဒကြေညာစာတမ်းများကိုဖြန့်ဝေရန် ဖေ့စ်ဘုတ်စာမျက်နှာများကို အများအပြား အသုံးပြုလာခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့၏ အွန်လိုင်းမဲဆွယ်စည်းရုံးရေးများသည် အဓိကအားဖြင့် အချက်အချာကျသော မြို့ပြများနှင့် ပိုမိုကောင်းမွန်သော အင်တာနက်ဆက်သွယ်မှုရှိသည့် ဒေသများသို့သာ ရောက်ရှိလိမ့်မည်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် မဲဆန္ဒရှင်များကိုဆွဲဆောင်ရန် ဆောင်ပုဒ်များနှင့် သီချင်းများကိုလည်း ဖန်တီးခဲ့ကြသည်။ နိုင်ငံရေးပါတီများမှ Facebook တွင်တင်ထားသည့် အကြောင်းအရာ အများစုသည် ယဉ်ကျေးမှုနှင့် နေရာဒေသအလိုက် မတူကွဲပြားမှုကိုပြသခဲ့သည်။ မဲဆွယ်စည်းရုံးရေး စကားသံအချို့သည် အမျိုးသမီးများအားမဲပေးရန် အားပေးတိုက်တွန်းခဲ့ပြီး အနည်းစုသည်သာလျှင် မသန်စွမ်း သူများ (သို့မဟုတ်) အခြားသော ဘေးဖယ်ခံထားရသည့်အုပ်စုများကို အထောက်အပံ့ပေးရန် အလေးပေး ထားကြသည်။

Facebook Ad Library ၏ သုံးသပ်ချက်အရ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ် စည်းရုံးရေးကြော်ငြာများသည် ရွေးကောက်ပွဲအကြိုကာလတွင် ပိုမိုမြင့်တက်လာခဲ့သည်။ အခြားပါတီများထဲမှ ယခင် တပ်မတော်အရာရှိဟောင်းများ (USDP) နှင့် ယခင်အာဏာရပါတီမှ ထွက်ခွာခဲ့သူတစ်ဦးက ဦးဆောင်ခဲ့သော အတိုက်အခံပါတီ (PPP) အနေဖြင့် မြန်မာနိုင်ငံ၏ ထိပ်ဆုံးလူမှုကွန်ယက်ဖြစ်ပြီး နိုင်ငံတစ်ဝှမ်း လူဦးရေ ၂၂ သန်းကျော်သုံးစွဲနေသည့် ဖေ့စ်ဘုတ်(Facebook)တွင် ကြော်ငြာအသုံးစရိတ်သုံးစွဲမှု၌ ဦးဆောင်နေခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် ဆက်နွယ်နေသော ဖေ့စ်ဘုတ်စာမျက်နှာများသည် ဩဂုတ်လ ၄ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ရက်ပေါင်း ၉၀ အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈,၂၈၀ (မြန်မာကျပ်ငွေ ၂၃.၄၈ သန်း) သုံးစွဲခဲ့သည်[37]။ သို့သော် Facebook Ad Library မှ အသုံးပြုသောနည်းစနစ်မှာ ရှင်းလင်းမှုမရှိဘဲ လူမှုကွန်ယက်ပေါ်ရှိ မဲဆွယ်စည်းရုံးရေးနှင့်ဆိုင်သော ကုန်ကျစရိတ်အားလုံး ပါဝင်လိမ့်မည် မဟုတ်ဟု ယူဆရသည်။

အွန်လိုင်းမှတဆင့်မဲဆွယ်စည်းရုံးရေးသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် စိန်ခေါ်မှု များစွာ ဖြစ်စေသည်။ မြန်မာနိုင်ငံ၏ဒေသအများအပြား အထူးသဖြင့် အစွန်အဖျားဒေသများသည် အင်တာနက်လိုင်း ကောင်းမွန်စွာမရရှိပေ။ ရခိုင်နှင့်ချင်းပြည်နယ်ရှိ မြို့နယ်တော်တော်များများတွင် အင်တာနက် ပိတ်ဆို့သည့်အမိန့် ချမှတ်ခံထားရပြီး အသံခေါ်ဆိုမှုနှင့် အကန့်အသတ်ဖြင့်သာ ဒေတာပေးပို့နိုင်ခြင်း ပြုလုပ် နိုင်သည့် 2G ကွန်ယက်ကိုသာ သုံးစွဲနိုင်ကြသည်[38]။ ဤသို့ မတရားသော ကန့်သတ်ချုပ်ချယ်မှုများကြောင့် ထိုဒေသများတွင် နေထိုင်သော ပြည်သူများအနေဖြင့် ကောင်းမွန်သောဆက်သွယ်မှုနှင့် သတင်းအချက်အလက် ရရှိရန် ခက်ခဲစေပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်သည့် မဟာမိတ်အဖွဲ့များက 3G နှင့် 4G အင်တာနက် ကိုပြန်ဖွင့်ပေးရန် တောင်းဆိုကြသည်[39]။

လူမှုမီဒီယာပလက်ဖောင်းပေါ်မှ နိုင်ငံရေးဆိုင်ရာမဲဆွယ်စည်းရုံးမှုများသည် သတင်းအမှားများနှင့် အမုန်းစကား များကို ပိုမိုဖြစ်ပေါ်လာစေသည်။ ANFREL က အင်တာဗျူးမေးမြန်းခဲ့သည့် မဲဆန္ဒရှင်များနှင့် အရပ်ဘက်လူမှု

---

[37] https://www.irrawaddy.com/elections/myanmars-opposition-parties-ramp-facebook-ad-spending-election-nears.html
[38] https://www.mmtimes.com/news/rakhine-chin-internet-restored-only-2g.html
[39] https://www.mmtimes.com/news/14m-people-will-be-affected-internet-shutdown-civil-society-groups-warn.htm

အဖွဲ့အစည်းများကတင်ပြသည်မှာ လူမှုမီဒီယာပလက်ဖောင်းများ အထူးသဖြင့် Facebook ပေါ်တွင် နိုင်ငံရေးပါတီ တစ်ခုနှင့်တစ်ခု အချင်းချင်းတိုက်ခိုက်ကြကြောင်းပင်ဖြစ်သည်။ တိုက်ခိုက်မှုအများစုမှာ နှုတ်ဖြင့်သာဖြစ်ပြီး ပါတီများက တစ်ဦးကိုတစ်ဦး ရန်သူဟုသဘောထားကာ တိုက်ခိုက်ခြင်းဖြစ်သည်။ မကြာခဏ ကိုးကားထားသော ဥပမာများအရ USDP က NLD ကို တိုက်ခိုက်ခြင်းသည် တိုင်းပြည်အတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် နိုင်ငံခြား သားများကို ငှားရမ်းခြင်းနှင့် "မြန်မာနိုင်ငံကို အစ္စလာမ်ဘာသာဝင်နိုင်ငံအဖြစ်သို့ပြောင်းလဲရန်" ကြိုးပမ်းမှုများပင် ဖြစ်သည်ဟုဆိုသည်။

လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ (Burma Human Rights Network) ၏ "Digital Hate: Free and Fair for Some: Discrimination and Hate Speech in Burma's General Election Campaign[40] " ဟူသော အစီရင်ခံစာတွင် အစ္စလာမ်ဘာသာဝင်လူမျိုးများဆန့်ကျင်ရေးအပါအဝင် လူမှုကွန်ယက်တွင် ရွေးကောက်ပွဲနှင့် ပတ်သက်သော သတင်းအချက်အလက်အမှားများ ဖြန့်ဝေမှုနှင့်ပတ်သက်၍ အနည်းဆုံးဖြစ်ရပ် ၃၉ ခုကို မှတ်တမ်း တင်ခဲ့သည်ဟုဆိုသည်။ ထိုရေးသားချက်များတွင် အာဏာရ NLD ပါတီ နှင့် အစ္စလာမ်ဘာသာဝင်များ (သို့မဟုတ်) အစ္စလာမ်ဘာသာဝင်အဖွဲ့အစည်းများအကြား ပူးပေါင်းကြံစည်မှုများရှိကြောင်း အလေးပေးဖော်ပြထားသည်။ ၎င်းရေးသားချက်တို့တွင် NLD ပါတီအနေဖြင့် အစ္စလာမ်ဘာသာဝင်များအား ပိုမိုမျက်နှာသာပေးကြောင်း၊ ဗလီများ ပိုမိုတည်ဆောက်ခြင်းနှင့် အစ္စလာမ်ဘာသာဝင်ရေးရာဝန်ကြီးဌာနတည်ထောင်ခြင်းတို့ကို ခွင့်ပြုလိမ့်မည်ဟု ဖော်ပြခဲ့ကြသည်။

အစ္စလာမ်ဘာသာဝင်လူမျိုးများ၏ မဲပေးပိုင်ခွင့်ကို ဖိနှိပ်ချုပ်ချယ်ရန် ကြိုးပမ်းသည့် ကိုယ်စားလှယ်လောင်းများနှင့် ပါတီဝင်များ၏ ခွဲခြားဆက်ဆံသည့် ပြောဆိုမှုများကိုလည်း မှတ်တမ်းတင်ခဲ့သည်။ အခြေခံလူတန်းစားဘဝ မြင့်မားရေးပါတီ၏ အထွေထွေအတွင်းရေးမှူး မိုက်ကယ်ကျော်မြင့်က ဆိုရှယ်မီဒီယာတွင် "ခွေးများကို ရွေးခါးပတ်ဝတ်ဆင်ခွင့်မပြုသင့်" ဟုရေးသားကာ အစ္စလာမ်ဘာသာဝင်များ နိုင်ငံရေးရာထူးများရယူရန် ကြိုးပမ်း နေခြင်းကို ရည်ညွှန်းခဲ့သည်။ ပဲခူးတိုင်း ဇီကုန်းမြို့နယ်မှ USDP ကိုယ်စားလှယ်လောင်း ဦးဥာဏ်ဝင်းက "လူ့အခွင့်အရေးသည် လူသားများဟုခေါ်တွင်ရန် အရည်အချင်း ပြည့်မီသူများအတွက်သာဖြစ်သည်။ လူကဲ့သို့ မနေတတ်သူများအတွက်မဟုတ်" ဟူ၍ လူမှုကွန်ယက်တွင် ရေးသားတင်ပြခဲ့သည်။ ရွေးကောက်ပွဲအရာရှိများ (သို့မဟုတ်) အခြားသက်ဆိုင်ရာအာဏာပိုင်များသည် ဤစက်ဆုပ်ရွံရှာဖွယ် အမုန်းစကားများနှင့်စပ်လျဉ်း၍ အရေးယူအပြစ်ပေးခြင်းများ ယခုထိ မလုပ်ဆောင်ခဲ့ပေ။

အာဏာရပါတီ၏ အစ္စလာမ်ဘာသာဝင်ကိုယ်စားလှယ်လောင်းနှစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးစည်သူမောင်က သတင်းတုများပျံ့နှံ့ခြင်းသည် ၎င်းအနိုင်ရစေမည့်အခွင့်အလမ်းများကို ပျက်စီးစေလိမ့်မည်ဟု စိုးရိမ်ခဲ့သည်။ လူမှုကွန်ယက်တွင် ၎င်းအပေါ် မှားယွင်းစွာစွပ်စွဲပြောဆိုမှုများတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးပညာသင် ကျောင်းများ ပိတ်ရန်အစီအစဉ်များနှင့် အာရပ်ဘာသာစကားသင်ကြားရေးကိုထောက်ခံရန် စသည်တို့ ပါဝင်သည်[41]။

[40] http://www.bhrn.org.uk/en/component/edocman/digital-hate-free-and-fair-for-some/download.html?Itemid=
[41] https://www.channelnewsasia.com/news/asia/myanmar-election-facebook-hate-speech-rohingyadisinformation-13476412

*အစိုးရပိုင်မီဒီယာများမှတဆင့် မဲဆွယ်စည်းရုံးရေးကို စိစစ်ဖြတ်တောက်ခြင်း*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ၏ ဇူလိုင်လ ၂၃ ရက်နေ့တွင်ထုတ်ပြန်သည့် အကြောင်းကြားစာတွင် နိုင်ငံရေးပါတီများကို အစိုးရပိုင်ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့တွင် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၈ရက်မှ နိုဝင်ဘာ ၆ ရက်အထိ မဲဆွယ်စည်းရုံးရန် ခွင့်ပြုခဲ့သည်[42]။ ပါတီတစ်ခုချင်းစီက ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးသတင်းစကားကို ထုတ်လွှင့်ရန် အချိန် ၁၅ မိနစ်စီရရှိမည်ဖြစ်သည်။ ထိုကြေညာချက်တွင် "ပါတီတစ်ခု၏ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးအနေဖြင့် မဲဆွယ်စည်းရုံးရေးအတွက် ဟောပြောချက်စာရွက် လက်ရေးမူကိုတင်သွင်းရမည်" ဟုဖော်ပြခဲ့ပြီး "ဟောပြောချက်လက်ရေးမူကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် (UEC) က လိုအပ်သည့် အတိုင်း ပြန်လည်သုံးသပ်၍ ခွင့်ပြုမိန့်ထုတ်ပေးမည် (သို့မဟုတ်) ခွင့်ပြုချက်မပေးမီ ထိုဟောပြောချက် လက်ရေးမူကို ပြင်ဆင်ရန်တောင်းဆိုမည်ဟု ပြောကြားခဲ့သည်။ ထို့အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) သည် လိုအပ်လျှင် ဟောပြောချက်လက်ရေးမူကို ပြင်ဆင်ရန်အတွက် ရိုက်ကူးရေးရက်မစခင်တွင် ပြန်လည်ပြင်ဆင်ရန် မှတ်ချက်များနှင့် အကြောင်းပြချက်များကို လျှောက်ထားသူများထံသို့ ပြန်လည်ပေးပို့မည်ဟု ဖော်ပြခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် မဲဆွယ်စည်းရုံးရန်အတွက် နိုင်ငံရေးပါတီများကလိုက်နာရမည့် အောက်ပါစည်းမျဉ်းများကို ချမှတ်ထားသည်။

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစား လိုက်နာမှုမရှိသော ဟောပြောမှုပြုလုပ်ခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် (သို့မဟုတ်) ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် (သို့မဟုတ်) တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှု ပြုလုပ်ခြင်း၊

(စ) လူမျိုးရေး (သို့မဟုတ်) ဘာသာရေး (သို့မဟုတ်) လူတစ်ဦးချင်း (သို့မဟုတ်) လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု (သို့မဟုတ်) စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှုပြုလုပ်ခြင်း၊

---

[42] https://www.gnlm.com.mm/permission-for-broadcast-campaigns-of-political-parties/

(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှုပြုလုပ်ခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် (သို့မဟုတ်) အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှုပြုလုပ်ခြင်း။

သို့သော် နိုင်ငံရေးပါတီအများအပြားက အစိုးရပိုင်ရုပ်သံဌာနဖြစ်သည့် မြန်မာ့အသံတွင် ၎င်းတို့၏မဲဆွယ်စည်းရုံးရေးမိန့်ခွန်းများကို ထုတ်လွှင့်ရန်အတွက် ဆင်ဆာဖြတ်တောက်မှုကို ကြုံတွေ့ခဲ့ရကြောင်း စွပ်စွဲခဲ့ကြသည်။ ရလဒ်အနေဖြင့် အနည်းဆုံး ပါတီ (၇) ခုက (ပြည်သူ့ပါတီ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ[43] ၊ ရခိုင့်ဦးဆောင်ပါတီ ၊ ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်[44] ၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ[45] ) ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးမိန့်ခွန်းများကို မထုတ်လွှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်[46]။

"ကလေးသူငယ်ဆင်းရဲမွဲတေမှု၊ ဖိနှိပ်မှု၊ ဒုတိယတန်းစားပြည်သူ၊ လျှပ်စစ်မီတာခနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားပေါ်ရှိနိုင်ငံသားဖြစ်မှု" စသောအသုံးအနှုန်းများကိုဖယ်ရှားရန် ညွှန်ကြားခံခဲ့ရသည်ဟု ပါတီများက ဆိုကြသည်[47]။ စက်တင်ဘာလ ၁၈ရက်နေ့ထုတ်ပြန်ချက်တွင် မြန်မာ့အသံက နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေးမိန့်ခွန်းများကို တည်းဖြတ်ခဲ့ခြင်းမရှိကြောင်းနှင့် ထုတ်လွှင့်သောမဲဆွယ်စည်းရုံးရေး မိန့်ခွန်းအပြည့်အစုံကို တစုံတရာတည်းဖြတ်ခြင်းမရှိဘဲ နိုင်ငံပိုင်နေ့စဉ်သတင်းစာများတွင်ဖော်ပြခဲ့သည်ဟုဆိုပါသည်[48]။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့(Human Rights Watch) က ပါတီအားလုံးအနေဖြင့် ၎င်းတို့၏ ရုပ်တည်ချက်ကို ဝင်ရောက်စွက်ဖက်မှုမခံရဘဲ သေချာစွာတင်ပြနိုင်စေရန်အလို့ငှာ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများကို နိုင်ငံရေးပါတီများက လွယ်လင့်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်ရန် စည်းမျဉ်းများကို ပြင်ဆင်ရန်သင့်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းခဲ့ပါသည်[49]။ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Article 19 အဖွဲ့က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်သည့် အကြောင်းကြားချက် ၁၃၈/၂၀၂၀ တွင် နိုင်ငံရေးမိန့်ခွန်းပြောကြားရာတွင် အလွန်အမင်း ပြဿနာဖြစ်စေနိုင်သည့် ကန့်သတ်မှုများပါဝင်ကြောင်းဆိုခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အကြောင်းကြားချက်ကို ရုပ်သိမ်းရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့်ကိုက်ညီမှုမရှိဘဲ လူပုဂ္ဂိုလ်များအား တရားစွဲဆိုခြင်းများကို ရှောင်ကြဉ်ရန် မေတ္တာရပ်ခံထားသည်[50]။

---

[43] https://mizzima.com/article/two-political-parties-accuse-uec-censorship
[44] https://www.bnionline.net/en/news/cnld-boycotts-mrtv-over-censored-speech
[45] https://kachinnews.com/2020/10/13/kspp-wont-air-policy-speech-on-mrtv/
[46] https://mizzima.com/article/six-parties-decide-not-broadcast-election-campaign-speeches
[47] https://mm.boell.org/en/2020/10/05/no-free-elections-without-free-media
[48] https://www.gnlm.com.mm/campaign-speeches-of-political-parties-not-edited-for-broadcasting-on-mrtv-and-publishing-in-dailies/
[49] https://www.hrw.org/news/2020/08/14/myanmar-revise-election-broadcast-rules
[50] https://www.article19.org/resources/myanmar-as-campaign-period-begins-freedom-of-expression-violations-ramp-up/

***နိဂုံး***

ANFREL အနေဖြင့် မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်သည် အလုံးစုံ လွတ်လပ်၍တရားမျှတမှုမရှိနိုင်မည်မဟုတ်ကြောင်း ခန့်မှန်းထားပြီး အကြောင်းရင်းမှာ ကမ္ဘာအနှံ့ပြန့်ပွားနေသောကိုဗစ်-၁၉ ရောဂါပိုး၏ မကြုံစဖူးနောက်ခံဖြစ်ရပ်ကြောင့်ပင်ဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ခရီးသွားလာရေးဆိုင်ရာကန့်သတ်ချက်များကို ရောဂါဖြစ်ပွားမှု နှုန်းထားမျဉ်းကွေးအားလျော့ချနိုင်ရန် လုပ်ဆောင်ခဲ့သည့်အတွက် မဲဆွယ်စည်းရုံးမှုသည် သမိုင်းဝင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကဲ့သို့ အချိတ်အဆက်ကောင်းကောင်းနှင့် လုပ်ဆောင်မှုများကို မြင်တွေ့ရလိမ့်မည်မဟုတ်ပေ။ နိုင်ငံရေးပါတီများအနေဖြင့် မိမိရပ်ရွာတွင်း လူအနည်းစုသာပါဝင်သော စည်းရုံးရေးပွဲငယ်များပေါ်ကိုသာ ပိုမိုအားထားပြုလုပ်ရပြီး အွန်လိုင်းမှတဆင့်မဲဆွယ်စည်းရုံးမှုများကလည်း ပို၍တွေ့ရများလာခဲ့ပါသည်။ သို့ဖြစ်စေကာမူ စည်းမျဉ်းများကို မထီမဲ့မြင်ပြုလုပ်ခဲ့ကြပြီး မိမိကိုယ်ပိုင်အသိစိတ်ဖြင့် စည်းကမ်းလိုက်နာရေးအပေါ်မှီတည်ထားသည့်မူဝါဒက ယင်းပြဿနာကိုဖြေရှင်းရန် မလုံလောက်ကြောင်း သက်သေပြခဲ့သည်။ မဲဆွယ်စည်းရုံးရေးပွဲတွင် ပါဝင်သူအရေအတွက်အား ကန့်သတ်ထားခြင်း၊ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေရေးနှင့် မျက်နှာနှင့်နှာခေါင်းစည်း(Mask) ဝတ်ဆင်ခြင်းတို့ကိုလိုက်နာသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ယင်းစည်းကမ်းများကိုမလိုက်နာသည့်သူများနှင့် ပိတ်ဆို့တားဆီးခြင်းမခံရသူများထက်စာလျှင် အခွင့်သာမှု နည်းပါးခဲ့သည်။ တာဝန်ရှိသည့်အဖွဲ့အစည်းများ၏ တာဝန်ယူမှုနှင့်တာဝန်ခံမှုတို့မှာ လိုအပ်ချက်များ ရှိနေကြောင်း တွေ့ရှိခဲ့ရသည်။

ထို့ပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွေးကောက်ပွဲအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါပိုး အခြေအနေတို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များလွတ်လပ်စွာစီးဆင်းမှုကို ကန့်သတ်ထားသည့် အင်တာနက်ပိတ်ဆို့ခြင်း၊ တိုင်းရင်းသားလူနည်းစု (သို့မဟုတ်) ဘာသာရေးအရလူနည်းစု ကိုယ်စားလှယ်လောင်းများအပေါ် အွန်လိုင်းကဖြစ်စေ၊ လူကိုယ်တိုင်ကိုဖြစ်စေ အမုန်းစကားနှင့် သတင်းမှားများပြောဆိုခြင်း၊ တိုင်ကြားခံရသည့် ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ်အရေအတွက်များ မြင့်တက်လာခြင်း၊ နိုင်ငံပိုင်မီဒီယာမှတဆင့် မဲဆွယ်စည်းရုံးရေးမိန့်ခွန်းများကို ဆင်ဆာဖြတ်တောက်ခြင်းအပြင် မဲဆွယ်စည်းရုံးရေးကို ကြားဝင်စေ့စပ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အာဏာရပါတီကို မျက်နှာသာပေးလေ့ရှိသည်ဟူသော ထင်မြင်ချက်များက မဲဆွယ်စည်းရုံးရေးပတ်ဝန်းကျင်ကို အနှုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများရှိခဲ့ပါသည်။ ယင်းအချက်များအားလုံးက ပိုမို၍အင်အားကြီးသော (သို့မဟုတ်) တာဝန်ထမ်းဆောင်ဆဲဖြစ်သော နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအတွက် ၎င်းတို့၏ရင်းမြစ်များနှင့်ရုံးများကို အခြားသူများ မလုပ်နိုင်သည့်နည်းလမ်းများဖြင့် ဆော်ဩစည်းရုံးနိုင်ခဲ့ပြီး အသာစီးထပ်မံ၍ရရှိခဲ့သည်။

# ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများ

---

## *ရွေးကောက်ပွဲ ပြက္ခဒိန်နှင့်ကိုဗစ်-၁၉*

မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ အတည်ပြုလူနာ အနည်းငယ်သာရှိသေးသည့်အချိန်ဖြစ်သည့် ဇူလိုင် ၁ ရက်နေ့တွင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။ သို့သော်လည်း ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်တွင် အစပြုခဲ့သည့် ရောဂါပြန့်ပွားမှုကြောင့် ပြည်သူလူထုအား ရောဂါကူးစက်မှုဘေးအန္တရာယ်မှ ကာကွယ်ပေးရန်နှင့် ကိုယ်စားလှယ်လောင်းများအားလုံး တန်းတူညီမျှ ယှဉ်ပြိုင်ခွင့်ရစေရန်အလို့ငှာ နိုင်ငံရေးပါတီများစွာက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန် UEC အား တောင်းဆိုခဲ့ကြသည်။ ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် တပ်မတော် ကျောထောက်နောက်ခံပြုထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အပါအဝင် ပါတီ ၂၄ ပါတီမှ ကော်မရှင်သို့ အိတ်ဖွင့်ပေးစာတစ်စောင်ပေးပို့ခဲ့ပြီး နိုဝင်ဘာ ၈ ရက် မဲပေးမည့်နေ့ကို ပြန်လည်စဉ်းစားပေးရန် တောင်းဆိုခဲ့ကြသည်[51]။ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) နှင့် လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) တို့ကလည်း ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရန်အတွက် သီးခြားစီ တောင်းဆိုခဲ့ကြပါသည်။ ရွေးကောက်ပွဲကျင်းပပေးရန်နေ့ရက်ကို ဒီဇင်ဘာ ၂၇ ရက်နေ့ သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြပါသည်။

မွန်ညီညွတ်ရေးပါတီ (MUP)၊ ကချင်ပြည်နယ် ပြည်သူ့ပါတီ (KSPP) အစရှိသော တိုင်းရင်းသားပါတီ အချို့ကမူ ရွေးကောက်ပွဲရွှေ့ဆိုင်းရေးတောင်းဆိုရာ၌ ပါဝင်ရန် ငြင်းဆန်ခဲ့ကြသော်လည်း ရွေးကောက်ပွဲကို သတ်မှတ်ရက်အတိုင်း ကျင်းပရန် အားသန်သူမှာ အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဖြစ်သည်ဟူသောအချက်မှာ သံသယဖြစ်ဖွယ်မရှိပေ။ NLD ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်က ပြောကြားသည်မှာ "ထိန်းချုပ်၍မရသော အနေအထားမရောက်မီ ရွေးကောက်ပွဲအား သတ်မှတ်ရက်အတိုင်း ကျင်းပခြင်းမှာ ပို၍ကောင်းမွန်ပါသည်။ နောင်တွင်ကပ်ရောဂါ အခြေအနေ မည်သို့ဖြစ်လာမည်မသိသေးချိန်တွင် ရွေးကောက်ပွဲကိုရွှေ့ဆိုင်းခြင်းဖြင့် နိုင်ငံရေး အကြပ်အတည်းအပြင် ကျန်းမာရေး၊ စီးပွားရေး အခက်အခဲများပါ ထပ်ဆင့်လိုက်ပါက ပြဿနာ ပိုမိုများပြားလာမည်[52]" ဟုဆိုပါသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ တရားဥပဒေမူဘောင်အရ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ (သို့) ဒေသန္တရ လုံခြုံရေးအခြေအနေ မကောင်းသည့်အခါများတွင် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် ခွင့်ပြုပေးထားသော်လည်း[53] ပြည်ထောင်စုလွှတ်တော်သစ်သည် လက်ရှိ လွှတ်တော်သက်တမ်း

---

[51] https://apnews.com/article/aung-san-suu-kyi-myanmar-health-general-elections-elections-061b7bd307ee790335eca6958a694029

[52] https://www.irrawaddy.com/elections/myanmars-nld-says-postponing-november-election-lead-chaos.html

[53] Article 399(f) of the 2008 Constitution of Myanmar and Article 50 of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region Hluttaw or State Hluttaw Election Law

ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုရန်လည်း ပြဋ္ဌာန်းထားပြန်သည်။ လွှတ်တော်တစ်ခုနှင့်တစ်ခုကြား အဆက်စပ်ပြတ်တောက်သွားသည့်အခါ မည်သို့ဆောင်ရွက်ရမည်ဟူသော ဥပဒေပြဋ္ဌာန်းချက်မရှိသည့်အတွက် လိုလားချက်ကြောင့်ဖြစ်စေ၊ လိုအပ်ချက်ကြောင့်ဖြစ်စေ ရွေးကောက်ပွဲကို ရက်သတ္တပတ် အနည်းငယ်ထက်ပို၍ ရွှေ့ဆိုင်းသည့်အခါ တိုင်းပြည်အနေဖြင့် မရေရာသောအနေအထားတစ်ခုသို့ ရောက်ရှိသွားနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် တပ်မတော်အုပ်ချုပ်မှုကို ကြာမြင့်စွာ ခံစားခဲ့ရသည့်အတွက် နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသူအများစုမှာ အခြေခံဥပဒေအကြပ်အတည်းကို အတတ်နိုင်ဆုံး ရှောင်ရှားလိုစိတ်ရှိသည်မှာ မထူးဆန်းလှပါချေ။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် UEC အဖွဲ့ဝင် ဦးမြင့်နိုင်က ကော်မရှင်အနေဖြင့် “COVID-19 အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲကိုရွှေ့ဆိုင်းရန် အစီအစဉ်မရှိ[54]” ဟု သတင်းထောက်များအား ပြောကြားခဲ့ပြီး အမှန်တကယ်လည်း နဂိုစီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ တစိတ်တပိုင်းအားဖြင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဆေးပညာရှင်များအပြင် အခြားသော ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်နေသူများနှင့် သဘောတူညီမှုရရန် ကြိုးစားအားထုတ်မှု မရှိခဲ့သည့်အတွက် COVID-19 ကပ်ရောဂါဖြစ်ပွားစဉ်အတွင်း ရွေးကောက်ပွဲဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းကို နိုင်ငံရေးအရ ပြုလုပ်ခြင်းဖြစ်သည် အထူးသဖြင့် လက်ရှိအာဏာရပါတီ အသာစီးရစေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟုယူဆကြပြီး ပြည်သူလူထုကြား ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တရားဝင်မှုအပေါ် ထင်မြင်ချက်ကိုလည်း ထိခိုက်စေခဲ့သည်။

### *လုံခြုံရေးအရ ရွှေ့ဆိုင်းမှုများ*

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် များစွာသော ပဋိပက္ခများအရ နိုင်ငံအဝှမ်းတွင် ရွေးကောက်ပွဲများ တပြိုင်နက် ကျင်းပပေးရန် မဖြစ်နိုင်ချေ။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် UEC က ရခိုင်ပြည်နယ်ရှိ မြို့နယ်ကိုးခု၊ ရှမ်းပြည်နယ်ရှိ မြို့နယ်ခြောက်ခု စုစုပေါင်း မြို့နယ် ၁၅ ခုတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိကြောင်းကို ကြေညာချက်များ ဆက်တိုက်ထုတ်ပြန်ခဲ့သည်[55]။ ထို့အပြင်လည်း ရခိုင်ပြည်နယ်ရှိ မြို့နယ်လေးခု၊ ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၇ ခု၊ ကချင်ပြည်နယ်ရှိ မြို့နယ် ၁၁ ခု၊ ကရင်ပြည်နယ်ရှိ မြို့နယ်ခြောက်ခု၊ မွန်ပြည်နယ်ရှိ မြို့နယ်တစ်ခုနှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်နှစ်ခုတို့ရှိ ဒေသအချို့တွင်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိကြောင်းကို ကြေညာခဲ့သည်။

UEC က ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိဟူ၍ ကြေညာချက်ထုတ်ပြန်ခဲ့သောဒေသများကို စုပေါင်းကြည့်ပါက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သော နယ်မြေဧရိယာထက် ပိုမိုကျယ်ဝန်း

---

[54] https://www.bloomberg.com/news/articles/2020-09-19/myanmar-won-t-postpone-november-polls-election-official-says

[55] The 15 townships are, in Rakhine state: Buthidaung, Kyauktaw, Maungdaw, Minbya, Mrauk-U, Myebon, Pauktaw, Ponnagyun, and Rathedaung; in Shan state: Mongkaing, Mongla, Mongmao, Narphan, Pangsang, and Pangwaun.

သည်ကို[56] တွေ့ရသည်။ ဤသည်မှာ များမကြာမီနှစ်များအတွင်း တကျော့ပြန်ဖြစ်ပွားလာသော (အထူးသဖြင့် ရခိုင်ပြည်နယ်တွင်း) လက်နက်ကိုင်ပဋိပက္ခများနှင့်လည်း သက်ဆိုင်ပါသည်။ အကျိုးဆက်အားဖြင့် ရခိုင်ပြည်နယ်တွင်းရှိ လူဦးရေ ၁.၂ သန်း (ပြည်နယ်တွင်းရှိ မဲပေးခွင့်ရှိသောလူဦးရေ၏ ၇၃%) အပါအဝင် ပြည်သူ ၁.၅ သန်းကျော် မဲပေးခွင့်ဆုံးရှုံးသွားသည်ဟု ခန့်မှန်းရပါသည်။ ဥပဒေကြောင်းအရဆိုလျှင် လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်စရာအခြေအနေ မပေးသည့်အတွက် ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ပြီး လစ်လပ်သွားသော အမတ်နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြန်လည် ဖြည့်ဆည်းနိုင်သည်ဟုဆိုနိုင်ပါသည်။ သို့သော်လည်း တစိတ်တဒေသသာ ရွေးကောက်ပွဲကျင်းပနိုင်သည့် မြို့နယ်များတွင်မူ ကျန်ရှိသောမဲပေးခွင့်ရှိသူများကသာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို ရွေးချယ်ပိုင်ခွင့်ရှိတော့သည့်အတွက် အဆိုပါ ရွေးကောက်ခံပုဂ္ဂိုလ်များ၏တရားဝင်မှုကို လျော့နည်းသွားစေသည်။

ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသော ဒေသများစာရင်းသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏ဝေဖန်မှုကို အကြီးအကျယ်ခံခဲ့ရပါသည်။ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဖျက်သိမ်းမှုများ ရှိလာလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်လျောက်ရှိ များစွာသောဒေသများမှာ ပဋိပက္ခဖြစ်ပွားဆဲနေရာများဖြစ်ကြပြီး ကျန်နေရာများစွာမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ပြည်သူ့စစ်များ၏ အုပ်ချုပ်မှုအောက်တွင်ရှိနေပါသည်။ သို့သော်လည်း ANFREL (သို့မဟုတ်) သတင်းမီဒီယာများက အင်တာဗျူးပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်နေသူများစွာကမူ ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေဒေသအရေအတွက်နှင့် UEC အသုံးပြုခဲ့သည့် စံနှုန်းတသမတ်တည်းမဖြစ်သည့်အပေါ်ကိုမူ အံ့အားသင့်ကြပါသည်။ သို့ဖြစ်၍လည်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု (MIPS) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးမင်းဇော်ဦးက "ပဋိပက္ခဒဏ်ခံ မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲများဖျက်သိမ်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်သည် ပွင့်လင်းမြင်သာမှုလည်းမရှိ၊ ရှေ့နောက်ညီညွတ်မှုလည်းမရှိဟု ပြောကြားခဲ့ခြင်းဖြစ်သည်[57]။"

ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP)၊ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP)၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ/ (KNDP)၊ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (CNLD) နှင့် မွန်ညီညွတ်ရေးပါတီ (MUP) အစရှိသည့် တိုင်းရင်းသားပါတီ (၅) ခုတို့က အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး UEC အား ၎င်းဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့အပြင်လည်း ရွေးကောက်ပွဲမကျင်းပသည့်ဒေသအချို့မှာ NLD နိုင်ခြေမရှိသည့်

---

[56] The 16 October 2020 announcements listed a total of 15 townships and 581 wards/village tracts, whereas five townships and 403 wards/village tracts saw polling canceled in 2015.

[57] https://www.aljazeera.com/news/2020/10/28/vote-cancellations-trigger-outrage-among-myanmar-minority-voters

မဲဆန္ဒနယ်များဖြစ်ကြပြီး ရွေးကောက်ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက်သည် နိုင်ငံရေးအရ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟူ၍ ၎င်းပါတီများဘက်မှ စွပ်စွဲမှုများပြုလုပ်ခဲ့သည်ဟု ကြားသိရပြန်သည်[58]။

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲကျင်းပခွင့်မရသည့် မြို့နယ်ကိုးမြို့နယ်အနက် အများစုမှာ ၂၀၁၅ ခုနှစ်တွင် ရခိုင်အမျိုးသားပါတီ (ANP) မှ လွှတ်တော်အမတ်များ အနိုင်ရရှိခဲ့သည့်နေရာများ ဖြစ်ကြပြီး NLD အနိုင်ရခဲ့သည့် လေးမြို့နယ်အနက် သုံးမြို့နယ်မှာ ရွေးကောက်ပွဲဖျက်သိမ်းခံရသည့်အထဲမပါပေ။ ရခိုင်ဦးဆောင်ပါတီ (AFP) ၏ *ပြည်သူ့လွှတ်တော်* ကိုယ်စားလှယ်လောင်း ဒေါ်မတင်ညွန့်၏ အဆိုအရမူ “ပေါက်တောမြို့နယ်တွင် သဘာဝဘေးအန္တရာယ်သော်လည်းကောင်း၊ တိုက်ပွဲဖြစ်ပွားမှုသော်လည်းကောင်းမရှိပါ။ လက်ရှိတွင် လုံးဝအေးချမ်းနေပြီ[59]” ဟုသိရသည်။ AFP နှင့် ANP နှစ်ပါတီလုံးကလည်း ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ခွဲထံသို့ ရွေးကောက်ပွဲဖျက်သိမ်းသည့်အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုသည့်စာများ ပေးပို့ခဲ့ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် နိုင်ငံရေးပါတီလေးခုမှနေ၍ မိုင်းကိုင်မြို့နယ်သည် တည်ငြိမ်အေးချမ်းမှု ရှိသည်ဟု ၎င်းတို့ဘက်မှယူဆသည့်အတွက် ရွေးကောက်ပွဲ ပြန်လည်ကျင်းပခွင့်ပေးရန် ကြိုးပမ်းသည့် အနေဖြင့် လူ ၁၀,၀၀၀ ကျော်၏လက်မှတ်ဖြင့် UEC ထံတင်သွင်းခဲ့ကြသည်[60]။ အဆိုပါဒေသသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ အမာခံနယ်မြေဖြစ်နေသည်ကို တွေ့ရှိရပြီး SNLD သည် ၂၀၁၅ ခုနှစ်တွင် ၎င်းအများစုအနိုင်ရရှိခဲ့သည့် မူဆယ်၊ လားရှိုးနှင့် ကျောက်မဲ ခရိုင်များရှိ မဲဆန္ဒနယ်များတွင်ပါ ရွေးကောက်ပွဲကျင်းပခွင့်ပေးရန် တောင်းဆိုခဲ့ကြသည်။

သို့သော်လည်း မြန်မာနိုင်ငံအနောက်ခြမ်းတွင် ပဋိပက္ခဒဏ်အခံရဆုံးသော ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုမရှိခြင်းကြောင့် UEC ၏ ရွေးကောက်ပွဲဖျက်သိမ်းသည့် ကြေညာချက်များသည် အခြားသောကိစ္စရပ်များထက်စာလျှင် အာဏာရပါတီ၏ အကျိုးစီးပွားနှင့် များစွာချိတ်ဆက်နေသည်ဟူသော ထင်မြင်ချက်ကို ပိုမိုအားကောင်းလာစေသည်။ ပလက်ဝမြို့နယ်၌ ၂၀၂၀ ခုနှစ် တစ်ခုတည်း၌ပင် လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားမှုပေါင်း ၉၀ ဖြစ်ပွားခဲ့သည်ကို မှတ်တမ်းတင်သိရှိရပြီး ယင်းအချိန်တွင် ပေါက်တော၌ တိုက်ပွဲဖြစ်ပွားမှုလုံးဝမရှိဘဲ တောင်ကုတ်တွင် တိုက်ပွဲတစ်ခုသာရှိခဲ့သည်။ သို့သော်လည်း ပေါက်တောနှင့်တောင်ကုတ်နှစ်မြို့လုံးတွင် ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခဲ့သည်[61]။ လက်ရှိတွင် NLD သည် ပလက်ဝ ရွေးကောက်ခံနေရာအားလုံးကို ရရှိထားပြီး ဖြစ်သည်။

UEC က ရွေးကောက်ပွဲရွှေ့ဆိုင်းရန် နယ်မြေများစာရင်းကို ဒေသန္တရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ တပ်မတော်လက်အောက်ခံ ဝန်ကြီးဌာနနှစ်ခုအပါအဝင် အစိုးရ၏ အကြံပြုချက်များအပေါ် မူတည်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းပြောဆိုပြီး ၎င်း၏ဆုံးဖြတ်ချက်ကို ခုခံသည်။ သို့သော်လည်း အောက်တိုဘာလ

[58] https://www.bnionline.net/en/news/kysdp-says-no-justice-declaration-some-constituencies-where-elections-could-not-be-held
[59] https://www.bnionline.net/en/news/parliamentary-candidates-call-uec-reconsidering-pauktaw-township-polls
[60] https://myanmar-now.org/en/news/parties-protest-cancelation-of-vote-in-mong-kung
[61] https://www.facebook.com/minzawoo/posts/10106247693194707

၂၇ ရက်နေ့တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းသည့် နယ်မြေများစာရင်းကို ပြင်ဆင်ပေးခဲ့ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဝန်ကြီးဌာနများ၏ အစီရင်ခံချက်များအရ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာအုပ်စုသုံးစုနှင့် အမ်းမြို့နယ်ရှိ ကျေးရွာအုပ်စုလေးစု၊ ရှမ်းပြည်နယ် တစ်ခုလုံးအနေဖြင့် မူဆယ်မြို့နယ်ရှိ ရပ်ကွက်တစ်ခု၊ လားရှိုးမြို့နယ်က ကျေးရွာအုပ်စုတစ်စုနှင့် ကွမ်းလုံ မြို့နယ်ရှိ ကျေးရွာအုပ်စုတစ်ခုတို့ကို ရွေးကောက်ပွဲများ ဖျက်သိမ်းထားသည့်စာရင်းက ပြန်လည်ဖယ်ရှား ပေးခဲ့သည်။ တဖက်တွင်လည်း UEC သည် ချင်းပြည်နယ်တောင်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ ပလက်ဝမြို့နယ်က ကျေးရွာအုပ်စု ၉၄ ခုကို ရွေးကောက်ပွဲမကျင်းပနိုင်သော အရပ်ဒေသများစာရင်းတွင် ထည့်သွင်း လိုက်သည်[62]။

ထိုသို့ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ပေးသည့်တိုင် မျက်နှာသာပေးသည်ဟူသော စွပ်စွဲချက်များနှင့် မလွတ်နိုင်သေးချေ။ ဥပမာ ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ANFREL လေ့လာသူများက အင်တာဗျူး ပြုလုပ်ခဲ့သည့် ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများမှ ပြောကြားသည်မှာ ရွေးကောက်ပွဲဖျက်သိမ်းသည့်စာရင်းက ဖယ်ရှားပေးခဲ့သည့် နယ်မြေဒေသများသည် တပ်မတော် အခြေစိုက်စခန်းများအနီးတွင်ရှိပြီး NLD (သို့မဟုတ်) USDP ပါတီတစ်ခုခုက ဒေသခံတိုင်းရင်းသား ပါတီများကို အနိုင်ရသွားနိုင်ခြေရှိသည့် နေရာများဖြစ်ကြသည်ဟုသိရသည်။

အထက်ဖော်ပြပါ ရွေးကောက်ပွဲဖျက်သိမ်းမှုများသည် ၂၀၂၀ ခုနှစ် မြန်မာနိုင်ငံ အထွေထွေ ရွေးကောက်ပွဲ ၏ ပွင့်လင်းမြင်သာမှုနှင့်တရားဝင်မှုတို့အပေါ် မကောင်းသော သက်ရောက်မှုဖြစ်ပေါ်စေခဲ့ပါသည်။ ရွေးကောက်ပွဲမကျင်းပမည့် မြို့နယ်များနှင့်ကျေးရွာအုပ်စုများကို သတ်မှတ်ရာ၌ ရှင်းလင်းမှုမရှိသော၊ တဖက်သက်ဖြစ်သော၊ တသမတ်တည်းမဖြစ်သော အနေအထားဖြင့် ပြုလုပ်ခဲ့ကြသည်။ အဆိုပါ ဆုံးဖြတ်ချက်များပြုလုပ်ရာ၌ လိုသလို ဆုံးဖြတ်ခဲ့ခြင်းကြောင့်လည်း အဆိုပါနယ်မြေများတွင် အနိုင်ရနိုင်ခြေရှိသော တိုင်းရင်းသားပါတီများကို တစိတ်တပိုင်း ပစ်မှတ်ထားဆောင်ရွက်သည်ဟု ယူဆစရာ ဖြစ်လာစေခဲ့ပြီး ယင်းသို့ တိုင်းရင်းသားပါတီများအပေါ် ဘေးဖယ်ထုတ်ခြင်းကြောင့် အာဏာရပါတီနှင့် UEC တို့အပေါ် မကျေနပ်မှုများ တိုးပွားလာခဲ့သည်။

UEC အနေဖြင့် ဘက်မလိုက်မှုနှင့်တာဝန်ခံမှုကို ပေါ်လွင်ထင်ရှားစေရန် ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ ပွင့်လင်း မြင်သာမှု ပိုမိုအားကောင်းသည့်နည်းလမ်းကို အသုံးပြုသင့်ပါသည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲပေးခွင့်ရှိသူ ၁.၅ သန်းကျော်အား မဲပေးခွင့်မဆုံးရှုံးစေမီ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအပါအဝင် ရွေးကောက်ပွဲတွင်ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့ သင့်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် လုံခြုံရေးအခြေအနေအရ အမှန်တကယ်လိုအပ်မှသာ ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများကို ပြုလုပ်သင့်ပြီး ထိုသို့ပြုလုပ်ရာတွင်လည်း တသမတ်တည်းဖြစ်သော ယုတ္တိကျသော စံနှုန်းများကို အသုံးပြုသင့်ပါသည်။ အချို့သောနယ်မြေများတွင် ရွေးကောက်ပွဲကျင်းပရန်အတွက် အန္တရာယ်များလွန်းသည်မှာ သံသယ ဖြစ်ဖွယ်မရှိသော်လည်း အခြားသော နယ်မြေများမှာမူ အတတ်နိုင်ဆုံး မဲဆန္ဒရှင်အတော်များများ မဲပေးခွင့်ရရှိရေးအတွက်

[62] http://www.xinhuanet.com/english/2020-10/27/c_139471521.htm

ရွေးကောက်ပွဲကို လုံခြုံစွာဆောင်ရွက်နိုင်လောက်သည့် အခြေအနေမျိုး ရှိခဲ့ကြပါသည်။ ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်အရ ရွေးကောက်ပွဲမကျင်းပရန် UEC သတ်မှတ်ခဲ့သော နယ်မြေများသည် "တပ်မတော် အကြံပြုခဲ့သည်ထက် များပြားနေပါသည်။" [63]

## *လမ်းပန်းဆက်သွယ်ရေးကြောင့် ရွေးကောက်ပွဲရွှေ့ဆိုင်းမှု*

ရွေးကောက်ပွဲဖျက်သိမ်းမှု အများစုမှာ ဒေသန္တရ လုံခြုံရေးအခြေအနေနှင့် ဆက်စပ်နေသော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အေးမွန်သာကျေးရွာ (ချောင်းကြီး) တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခြင်းအတွက်မူ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေခြင်းကို အကြောင်းပြထားသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် UEC ကနေ၍ မြိတ်ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် ယင်းကျေးရွာကို ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲက ဖယ်ရှားထားကြောင်း အကြောင်းကြားသည့် စာပေးပို့ခဲ့သည်။ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ အတွင်းရေးမှူးဖြစ်သူ ဦးလှိုင်ဘွား၏ ရှင်းလင်းပြောကြားချက်အရ ထိုင်းအစိုးရ၏ အကူအညီမပါဘဲ ခရီးကွာလှမ်းလွန်းလှသည့် ချောင်းကြီးကျေးရွာသို့ သွားရောက်၍မရနိုင်ပါ။ သို့သော်လည်း ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ယင်းတောင်းဆိုမှုမျိုးကိုလည်း မပြုလုပ်ခဲ့ပါ[64]။

အဆိုပါ ရွေးကောက်ပွဲရွှေ့ဆိုင်းမှုကြောင့် စာရင်းထုတ်ပြန်ပြီး မဲဆန္ဒရှင် ၇၅၁ ဦးသာ ထိခိုက်နစ်နာခဲ့သည် ဆိုသော်လည်း သယ်ယူပို့ဆောင်ရေး ပြဿနာရပ်များကြောင့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန်အတွက် မြန်မာနိုင်ငံဥပဒေအရ ခွင့်ပြုထားခြင်းမရှိသည့်အတွက် ဤသည်မှာ အလေးအနက်ထားရမည့်ကိစ္စ ဖြစ်သည်။ အဆိုပါ မဲဆန္ဒရှင်များအနေဖြင့် အခြားသူများနည်းတူ ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို ကျင့်သုံးနိုင်စေဖို့ရာ နည်းလမ်းရှာပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် ဥပဒေအရရော၊ ကိုယ်ကျင့်သိက္ခာပိုင်းအရပါ တာဝန်ရှိပါသည်။ အချို့သောနေရာများတွင် ရွေးကောက်ပွဲသုံးပစ္စည်းများနှင့် ဝန်ထမ်းများကို ရဟတ်ယာဉ်ဖြင့်သယ်ဆောင်ပြီး ဝေးလံခေါင်သီသောကျေးရွာများသို့ ပို့ဆောင်ပေးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ဤနေရာတွင် ရွေးကောက်ပွဲ၏ တာဝန်ရှိသူများအနေဖြင့် သင့်တင့်လျောက်ပတ်သော ဖြေရှင်းနည်းတစ်ခု မရှာနိုင်ခြင်းမှာ စိတ်မကောင်းစရာပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းကို တနင်္သာရီမြို့နယ် NLD လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းမှ ကန့်ကွက်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ သယ်ယူပို့ဆောင်ရေးခက်ခဲခြင်းတို့သည် ရွေးကောက်ပွဲဖျက်သိမ်းရန် လုံလောက်သော ဆင်ခြေများမဟုတ်ဟူ၍လည်း ပြောကြားခဲ့သည်။

---

63 https://mailchi.mp/frontiermyanmar.net/has-the-uec-gerrymandered-rakhine

64 https://elevenmyanmar.com/news/aye-mon-tharyar-village-chaungchivillage-in-taninthayi-excluded-from-holding-election

# နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်း

***နိုင်ငံရေးပါတီများ***

၂၀၂၀ ခုနှစ် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီစုစုပေါင်း (၉၁) ပါတီက ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ယင်းတို့ထဲမှ ၄၉ ပါတီမှာ တိုင်းရင်းသားအခြေပြုပါတီများဖြစ်ကြပြီး (၁၈) ပါတီမှာ ပြည်နယ်တစ်ခုတည်းတွင်သာ (သို့မဟုတ်) တိုင်းဒေသကြီးတစ်ခုတည်းတွင်သာ လှုပ်ရှားဆောင်ရွက်မှုရှိသည့်ပါတီများဖြစ်ကြသည်။ အခြား (၇၃) ပါတီမှာမူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါဝင်ရွေးကောက်ခံနိုင်ရန်အလို့ငှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ရန်လိုအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ထုံးလုပ်နည်းများအရ နိုင်ငံရေးပါတီ (၅) ခုမှာ ဖျက်သိမ်း (သို့မဟုတ်) ရပ်ဆိုင်းခံခဲ့ရသည့်အတွက် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ယှဉ်ပြိုင်နိုင်ခွင့်မရှိတော့ပေ[65]။ သို့ရာတွင် အထင်ရှားဆုံးပါတီဖျက်သိမ်းမှုမှာ နိုင်ငံခြားရန်ပုံငွေများကိုလက်ခံရယူခဲ့သည်ဟူသောအချက်အရ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့တွင် ဖျက်သိမ်းခံခဲ့ရသည့် နှင်းဆီပါတီဟုလည်း လူသိများသည့် ညီညွတ်သောဒီမိုကရက်တစ်ပါတီပင်ဖြစ်သည်[66]။ ညီညွတ်သောဒီမိုကရက်တစ်ပါတီက ၂၀၁၀ ခုနှစ်တွင် ကိုယ်စားလှယ်လောင်း (၈၀) နှင့် ၂၀၁၅ ခုနှစ်တွင် ကိုယ်စားလှယ်လောင်း (၄၀) အထိဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအနှံ့၌ ကိုယ်စားလှယ်လောင်း (၁၁၃၁) ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည့်အချိန်မှစ၍ သံသယများမြင့်တက်လာခဲ့ခြင်းဖြစ်ကာ ယင်းဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသော ကိုယ်စားလှယ်လောင်းအရေအတွက်အားဖြင့် ပါတီကို ဒုတိယအကြီးဆုံးဖြစ်စေခဲ့သည်[67]။ မီဒီယာ အစီရင်ခံစာများက ထုတ်ဖော်တင်ပြသည်မှာ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၏ဥက္ကဋ္ဌ ဦးကျော်မြင့်သည် ၁၉၉၈ ခုနှစ်တွင် ငွေကြေးခဝါချမှုကိုကျူးလွန်ခဲ့ပြီး ထိုနှစ်တွင်ပင် မန္တလေးထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းတို့ပါဝင်သည်။ အဆိုပါအချက်များကြောင့်ပင် အာဏာပိုင်အဖွဲ့အစည်းများမှ ၎င်း၏အတိတ်ကာလနှင့် ဘဏ္ဍာရေးအခြေအနေများကို လက်ငင်း စုံစမ်းစစ်ဆေးမှုပြုလုပ်စေရန် လှုံ့ဆော်စေခဲ့ခြင်းဖြစ်သည်။ ကျော်မြင့်အနေဖြင့် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခံရပြီး အောက်တိုဘာလ ၁၅ရက်နေ့ တွင် သမ္မတရုံးက ကျော်မြင့်သည် ၂၀၁၅ခုနှစ်တွင် တရုတ်နိုင်ငံထံမှ (အမေရိကန် ဒေါ်လာ ၁၂.၄သန်း) မြန်မာကျပ်ငွေ ၁၆ ဘီလီယံကို လက်ခံရရှိခဲ့ပြီး ၎င်းပါတီ၏ လှုပ်ရှားဆောင်ရွက်မှုများကို ဘဏ္ဍာငွေကြေးထောက်ပံ့ရန် မြန်မာကျပ်ငွေ ၁.၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၁ သန်း) ကို အသုံးပြုခဲ့ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

---

[65] They are the 88 Generation Student Youth (Union of Myanmar) Party, the Union of Myanmar Federation of National Politics, the 88 Generation Brotherhood Party, the People Democracy Party, and the Union Democratic Party.

[66] https://uec.gov.mm/news_preview_detail.php?action=news_detail1&news_id=TcBk7RvUKUlwmYfb0Tf0mBGOKlWsh1KRxESbOpsDUj0%3D

[67] https://myanmar-now.org/en/news/a-lexus-3600-cognac-and-ex-military-men-shining-shoes-arrested-party-leaders-lavish-lifestyle

ညီညွတ်သောဒီမိုကရက်တစ်ပါတီအပေါ် စွပ်စွဲချက်များကပြင်းထန်ပြီး ယင်းစွပ်စွဲချက်များမှန်ကန်ပါက မြန်မာနိုင်ငံ၏ရွေးကောက်ပွဲဥပဒေများအရ ပါတီဖျက်သိမ်းခြင်းသည် လုံလောက်သော အကြောင်းအရင်း ဖြစ်သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆောင်ရွက်ချက်များမှာ မေးခွန်းထုတ်စရာ ဖြစ်ပေသည်။ ပထမဆုံးအချက်မှာ ယင်းပါတီကို နိုင်ငံရပ်ခြားရင်းမြစ်များက ရန်ပုံငွေထောက်ပံ့ခဲ့သည်ဟူသော ထွက်ဆိုချက်အပေါ် ခိုင်လုံစေမည့် သက်သေအထောက်အထားမရှိသေးချိန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးမှုများ[68] မပြုလုပ်ရသေးချိန် (သို့မဟုတ်) တရားရုံးမှအမိန့်တစ်စုံတစ်ရာမချမှတ်မီတွင် ညီညွတ်သောဒီမိုကရက်တစ်ပါတီအား ဖျက်သိမ်းစေခဲ့ခြင်းမှာ "အပြစ်ရှိသည်ဟု အမိန့်မချသေးသ၍ အပြစ်မရှိ" ဟူသော အခြေခံဥပဒေသကို ဆန့်ကျင်နေသည်။ လိမ်လည်နိုင်ချေရှိသောအဖွဲ့အစည်းတစ်ရပ်က ၎င်း၏ အကျိုးစီးပွားအတွက် ရွေးကောက်ပွဲနယ်ပယ်အတွင်းသို့ ဝင်ရောက်လာမှုကို တားဆီးလိုသည့်ရည်ရွယ်ချက်အပေါ် ANFREL အနေဖြင့် နားလည်သော်လည်း နိုင်ငံတကာစံနှုန်းများက နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းရာတွင် ဥပဒေအရ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပြီးပြတ်မှုအပေါ်တွင်သာ အခြေခံသင့်ကြောင်း ညွှန်းဆိုလျက် ရှိပါသည်။ နောက်ထပ်စိုးရိမ်ပူပန်မှုတစ်ရပ်မှာ ကြေညာချက်ထုတ်ပြန်မှုအချိန်ပင်ဖြစ်ပြီး ကြေညာချက်ကို ရွေးကောက်ပွဲနေ့မတိုင်မီ ၃ ပတ်အလိုတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မဲဆွယ်စည်းရုံးမှု မစတင်ခင်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ စေ့စေ့စပ်စပ်စစ်ဆေးမှုများကို အချိန်မီပြုလုပ်ခြင်းအားဖြင့် ထိုဖြစ်ရပ်ကို ဖော်ထုတ်တင်ပြသင့်ပါသည်။ သတင်းအချက်အလက်အချို့မှာ မကြာသေးမီက ပေါ်ထွက်လာခြင်းဖြစ်လင့်ကစား ကျော်မြင့်၏ ထွက်ပြေးတိမ်းရှောင်မှုနှင့် ၎င်းပိုင်ဆိုင်သည့် ကြွယ်ဝချမ်းသာမှု၏ မူလအရင်းခံနှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်ချက်များမှာမူ ၂၀၀၉[69] ခုနှစ်အစကပင် မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် စုံစမ်းစစ်ဆေးမှုကို ပိုမိုစောစီးစွာကပင် နှီးဆော်ဆောင်ရွက်သင့်ပေသည်။

ညီညွတ်သောဒီမိုကရက်တစ်ပါတီကိုဖျက်သိမ်းမှု၏ တိုက်ရိုက်အကျိုးသက်ရောက်မှုမှာ ပါတီက အမည်စာရင်းသွင်းရွေးချယ်ထားသည့် ကိုယ်စားလှယ်လောင်း (၁၁၃၁) ဦးအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်မယှဉ်ပြိုင်နိုင်တော့ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏အမည်များမှာမူ ဆန္ဒမဲလက်မှတ်များတွင် ပုံနှိပ်ရိုက်ထားပြီးဖြစ်သောကြောင့် ရှိနေဆဲပင်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံတိုင်းတွင် အဆိုပါကြေညာချက်ကိုကပ်ထားသော်လည်း ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်အချို့ပေးလိုက်သော ဆန္ဒမဲများသည် ပယ်မဲဖြစ်နိုင်သည့် အခြေအနေများ ရှိနိုင်ဆဲဖြစ်သည်။

## *ကိုယ်စားလှယ်လောင်းများ*

ကိုယ်စားလှယ်လောင်းများအတွက် မှတ်ပုံတင်ကာလသည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်မှ ဩဂုတ် လ (၇) ရက်အထိဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က လျှောက်လွှာ (၇,၀၂၆) စောင်ကို လက်ခံရရှိခဲ့သည်။ ဩဂုတ်လ (၃၀) ရက်နေ့၌ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်း (၆,၉၆၉) ဦးကို အတည်ပြုကြောင်း ကော်မရှင်ကကြေညာခဲ့ပြီး နိုင်ငံရေးပါတီ (၉၂) ပါတီမှ (၆,၆၈၉) ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း (၂၈၀) ဦးတို့ပါဝင်သည်။ သို့သော် International IDEA ၏အဆိုအရ

---

[68] https://www.mmtimes.com/news/rose-party-respect-poll-disqualification.html

[69] https://www2.irrawaddy.com/article.php?art_id=15174

ညီညွတ်သောဒီမိုကရက်တစ်ပါတီကို တရားဝင်ဖျက်သိမ်းခြင်းနှင့် အခြားကိုယ်စားလှယ်လောင်းများ အမည်စာရင်း ကထုတ်ပယ်ခံရခြင်း (သို့) ပယ်ဖျက်ခံရခြင်းတို့ကြောင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းဦးရေသည် (၅,၆၄၁) ဦးအထိ ကျဆင်းသွားသည်။ ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီး ကိုယ်စားလှယ်လောင်းအရေအတွက်မှာ ၉၀၂ ဦးဖြစ်သည်။ ယင်းအရေအတွက်မှာ စုစုပေါင်း ကိုယ်စားလှယ်ဦးရေ၏ ၁၆% ဖြစ်ပြီး ၂၀၁၅ခုနှစ်၏ ၁၃% ထက်စာလျှင် အနည်းငယ်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် အချို့ကိုယ်စားလှယ်လောင်းများ အမည်စာရင်းက ပယ်ဖျက်ခံရခြင်းမှာ လျှောက်လွှာတင်သွင်းစဉ်က အချက်အလက်မှားယွင်းခြင်းကဲ့သို့သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အကြောင်းအရင်းများအပေါ် အခြေခံဆုံးဖြတ်သော်လည်း ယင်းကိုယ်စားလှယ်လောင်းမွေးဖွားစဉ်က မိဘနှစ်ပါးမှာ မြန်မာနိုင်ငံသားမဟုတ်ခြင်းကလည်း အခြားသော အကြောင်းအရင်းတစ်ရပ်ဖြစ်ပေသည်[70]။ မြန်မာနိုင်ငံ၏ ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေသည် ခွဲခြားဆက်ဆံမှုရှိသည်ဟုလူပြောများပြီး လူတစ်ဦး၏ နိုင်ငံသားဖြစ်မှု အခြေအနေကို နိုင်ငံတွင်းအသိအမှတ်ပြုထားသော တိုင်းရင်းသားလူမျိုး[71]တစ်မျိုး၏ မျိုးနွယ်ဝင်ဖြစ်မှုနှင့် ချည်နှောင်ထားသောကြောင့်ဖြစ်သည်။ ၂၀၁၅ ခုနှစ်ကဲ့သို့ပင် နိုင်ငံသားဖြစ်မှုအပေါ် အခြေခံသည့်ငြင်းပယ်မှုများမှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အပြင်ပန်းအားဖြင့် လိုက်နာသည့်တိုင်အောင် အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ် လောင်းများအပေါ် မမျှတစွာသက်ရောက်မှုရှိစေခဲ့ပုံရပါသည်။

ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်ကိုယ်စားလှယ်လောင်း (၆) ဦးတွင် ငါးဦးသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (DHRP) ကဖြစ်ပြီး တစ်ဦးသည် တစ်သီးပုဂ္ဂလဖြစ်ကာ ၎င်းကိုယ်စားလှယ်လောင်းများကို ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကိုယ်စားလှယ်လောင်းအရည်အချင်း မပြည့်မီခြင်းကြောင့် အမည်စာရင်းက ပယ်ဖျက်ခံခဲ့ရသည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမတ်နေရာ အနိုင်ရရှိခဲ့သည့် DHRP ၏ ဥက္ကဋ္ဌ ဦးကျော်မင်းအပါအဝင် ပထမငါးဦးကို ကိုယ်စားလှယ်လောင်း အရည်အချင်း မပြည့်မီခြင်းကြောင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းမှပယ်ဖျက်ခံရခြင်းကို ဩဂုတ်လ[72]တွင်တွေ့မြင်ခဲ့ရပြီး နောက်ဆုံးတစ်ဦးဖြစ်သည့် မောင်တောမြို့နယ်ကဦးအေးဝင်းကို ကနဦး၌ ကိုယ်စားလှယ်လောင်းလက်မှတ်အား အတည်ပြုထုတ်ပေးပြီးနောက် မဲဆွယ်စည်းရုံးမှုကာလအတွင်းဖြစ်သည့် အောက်တိုဘာလ (၂) ရက်နေ့တွင် ကိုယ်စားလှယ်လောင်းအရည်အချင်း မပြည့်မီကြောင်း ကြေညာခဲ့ပါသည်[73]။ အမည်စာရင်းပယ်ဖျက်ခြင်း ခံရသော DHRP ၏ ကိုယ်စားလှယ်လောင်းအားလုံးသည် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ထံသို့ အယူခံဝင်သော်လည်း မအောင်မြင်ခဲ့ပေ။

ဧရာဝတီတိုင်း[74]ရှိ တစ်သီးပုဂ္ဂလ ရိုဟင်ဂျာကိုယ်စားလှယ်လောင်းတစ်ဦး၊ မွန်ပြည်နယ်[75]ရှိ အစ္စလာမ် ဘာသာဝင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ လူ့ဘောင်သစ်ဒီမိုကရေစီပါတီ (DPNS) မှ အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ်လောင်းတစ်ဦးအားလည်း အလားတူဆုံးဖြတ်ချက်မျိုး ချမှတ်ခဲ့သည်။ အစ္စလာမ်ဘာသာဝင်မဟုတ်သော ကိုယ်စားလှယ်လောင်းများ ဥပမာအားဖြင့် ရန်ကုန်တိုင်း

---

[70] Articles 8(b) and 10(e) of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region Hluttaw or State Hluttaw Election Law

[71] https://www.icj.org/wp-content/uploads/2019/06/Myanmar-Citizenship-law-reform-Advocacy-Analysis-Brief-2019-ENG.pdf

[72] https://www.bnionline.net/en/news/dhrp-appeal-against-rejection-its-muslim-candidates

[73] https://www.bnionline.net/en/news/muslim-candidates-bid-voided-late-stage-election-commission-reversal

[74] https://www.fortifyrights.org/mya-inv-2020-08-19/

[75] https://www.bnionline.net/en/news/mon-state-election-commission-rejects-independent-candidate

မြောက်ဒဂုံမြို့နယ်[76] မှ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) ကိုယ်စားလှယ်တစ်ဦးနှင့် ကယားပြည်နယ်[77]မှ USDP ပါတီ၏ ကိုယ်စားလှယ်လောင်းတစ်ဦးတို့သည်လည်း စည်းကမ်းချက်များနှင့်မညီညွတ်၍ အလားတူ အကြောင်းပြချက်များဖြင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းက ပယ်ဖျက်ခံခဲ့ရသည်။ ANFREL၏ ဆက်စပ် ပတ်သက်နေသူများစွာကို အင်တာဗျူးမေးမြန်းချက်မှရရှိလာသည့် အထောက်အထားများအရ မွတ်စလင် (သို့မဟုတ်) ရိုဟင်ဂျာများ၏ ရွေးကောက်ခံရုံးခန်းဖွင့်လှစ်ခြင်းနှင့် နိုင်ငံ၏ပြည်သူ့ရေးရာကိစ္စရပ်များတွင် ပါဝင်ခွင့် ဟူသော မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ရွေးကောက်ပွဲဥပဒေနှင့်နိုင်ငံသားဖြစ်မှုဥပဒေတို့ကို ပူးတွဲအသုံးချ၍ ဖိနှိပ်ခဲ့သည်ဟု ထင်မြင်ယူဆရပါသည်။

ဆက်စပ်မှုမရှိသော ရခိုင်ပြည်နယ်ရှိဖြစ်ရပ်တစ်ခုတွင် ရခိုင်အမျိုးသားပါတီ (ANP) က တာဝန်ထမ်းဆောင်ဆဲ ဖြစ်သော ပြည်သူ့လွှတ်တော်အမတ်တစ်ဦးကိုလည်း ကိုယ်စားလှယ်လောင်းအဖြစ် မူလက အတည်ပြု ထားသော်လည်း ၎င်း၏သားက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရခိုင့်တပ်မတော် (AA) တွင် ပါဝင်နေမှုကြောင့် ထိုသူကို အမည်စာရင်းက ပယ်ဖျက်ခဲ့ပါသည်။ ကျောက်ဖြူခရိုင်ကော်မရှင်အဖွဲ့ခွဲကတဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်[78]ကချမှတ်ခဲ့သည့် ဤဆုံးဖြတ်ချက်သည် နိုင်ငံတကာကအသိအမှတ်ပြု ထားသည့် "အပြစ်ရှိသည်ဟု အမိန့်မချသေးသ၍အပြစ်မရှိ"ဟူသောဥပဒေသနှင့် စုပေါင်းပြစ်ဒဏ်များကို တားမြစ်ခြင်း ဆိုင်ရာမူဝါဒများနှင့် ဆန့်ကျင်လျက်ရှိသည်။

၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများစွာ ပါဝင်ယှဉ်ပြိုင်ရန်ရှိသော်လည်း ၂၀၁၅ ခုနှစ်ကဲ့သို့ပင် တင်းကျပ်သောမှတ်ပုံတင်ရေးစံနှုန်းများကို ရွေးချယ်၍အာဏာသက်ရောက်စေမှုအပြင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများအရ မဲပေးခွင့်ရှိသူများအကြား ဝါစဉ်အဆင့်ဆင့်ကို ဖြစ်တည်လာစေသော တင်းကျပ်သည့် နိုင်ငံသားဖြစ်မှုဥပဒေများကြောင့် ANFREL အနေဖြင့် စိုးရိမ်ပူပန်နေဆဲဖြစ်သည်။ ထို့အပြင် အချို့သောကိုယ်စားလှယ်လောင်းများသည်လည်း မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းစတင်ပြီး အတော်ကြာပြီး နောက် အောက်တိုဘာလလယ်၌ ကိုယ်စားလှယ်လောင်းအမည်စာရင်းမှ ပယ်ဖျက်ခံခဲ့ရပြီး ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအရာရှိများအနေဖြင့် သေချာစွာ စိစစ်စုံစမ်းမှုကို အချိန်မီဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ပိုမို၍ တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော မှတ်ပုံတင်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်ကို သေချာ ဖြစ်ပေါ်စေရန်အလို့ငှာ မြန်မာနိုင်ငံ၏ တာဝန်ရှိသူများအနေဖြင့် ဥပဒေရေးရာပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရန် ကျွန်ုပ်တို့ကတိုက်တွန်းလိုက်ပါသည်။

[76] https://news-eleven.com/article/195435

[77] https://www.rfa.org/english/news/myanmar/disqualified-candidates-10142020175119.html

[78] https://www.irrawaddy.com/elections/rejected-candidate-myanmars-rakhine-state-says-hes-bullied-offballot.html

### *ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ခြင်းမရှိခြင်း*

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံခြေခံဥပဒေမှာ အခြေခံအားဖြင့် ဒီမိုကရေစီမဆန်သေးဘဲ ပြည်ထောင်စု လွှတ်တော်အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုရှိ လွှတ်တော်များတွင်ပါ တပ်မတော်ကခန့်အပ်သည့် ကိုယ်စားလှယ်များကို ၂၅% ပေးအပ်ထားရသည်[79]။ ယင်းပမာဏသည် ရွေးကောက်ခံကိုယ်စားလှယ် များ၏အာဏာနှင့် လွှတ်တော်၏တရားဝင်မှုကိုပါ ထိခိုက်စေပါသည်။ ထို့အပြင်လည်း တပ်မတော်နှင့် အဆင်ပြေသည့် နိုင်ငံရေးအင်အားစုများမှ အမတ်နေရာတစ်ဝက်ရရုံဖြင့် အစိုးရဖွဲ့စည်းနိုင်သည့်အတွက် လူနည်းစုအုပ်ချုပ်ရေး ဖြစ်ပေါ်လာနိုင်စရာရှိသည့်အတွက် ပြည်သူ့ဆန္ဒသည် အစိုးရ၏အခွင့်အာဏာ အပေါ် အခြေခံဖြစ်သည်ဟူသော အခြေခံမူနှင့်ပါ ဆန့်ကျင်နေသည်[80]။

ထို့အပြင် အခြေခံဥပဒေအရ တပ်မတော်သားအရာရှိများကို အဓိကကျသော ကာကွယ်ရေး၊ ပြည်ထဲ ရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးရာထူးများ ခန့်အပ်ပေးရသည်[81]။ ထို့အပြင် "နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ" (သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ တစ်ဦးဦး မိသားစုဝင်ထဲတွင် ပါဝင်ပါက ယင်းပုဂ္ဂိုလ်မှာ သမ္မတဖြစ်ခွင့်မရှိပေ[82]။ ယင်းပုဒ်မသည် ဒေါ်အောင်ဆန်းစုကြည်အား သမ္မတဖြစ်ခွင့်မရအောင် တားဆီးနိုင်ရန် ရေးဆွဲထားသည်ဟု လူပြောများ သည်။ ထို့ကြောင့်လည်း ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ခံခဲ့ရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသည် အဆိုပါအတားအဆီးကို ကျော်လွှားနိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးကို ဖန်တီးခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅% ကျော်ဖြစ်သော သာလွန်မဲအများစု လိုအပ်သည့်အလျောက်[83] ဥပဒေပြင်ဆင်ရေးအတွက် ကြိုးစား လာပါက တပ်မတော်က ဗီတိုအာဏာသုံး၍ ချက်ခြင်းပယ်ချခွင့်ရှိသည်။ ထို့အပြင်လည်း အချို့သော အခြေခံဥပဒေကို ကာကွယ်ပေးထားသည့် စာပိုဒ်များအရ ဥပဒေပြင်ဆင်ချက်များကို မဲပေးခွင့်ရှိသူများ အားလုံး၏ ၅၀% အနည်းဆုံး မဲလာပေးသော ဆန္ဒခံယူပွဲများဖြင့် ထောက်ခံချက် ရယူရန်လိုအပ်သည်။ ဤသို့သော ကန့်သတ်ချုပ်ခြယ်မှုများရှိနေသည့်တိုင် NLD အနေဖြင့် ၎င်း၏ ပထမသက်တမ်း ကာလအတွင်း အခြေခံဥပဒေပြင်ဆင်မှုပြုလုပ်ရန် ကြိုးပမ်းခဲ့သေးသည်။

[79] Articles 109, 141 and 161 of the Constitution of Myanmar
[80] Article 21(3) of the Universal Declaration of Human Rights
[81] Article 232(b) of the Constitution of Myanmar
[82] Article 59(f) of the Constitution of Myanmar
[83] Article 436 of the Constitution of Myanmar

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီမှ ဇူလိုင်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီမှ ဖြစ်နိုင်ခြေရှိသော ပြင်ဆင်ချက်များကို စဉ်းစားဆွေးနွေးခဲ့ကြပြီး အဆိုပြုချက်ပေါင်း ၃,၇၆၅ ခု ပါဝင်သည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ဝေခဲ့သည်[84]။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှစတင်၍ NLD က ဥပဒေကြမ်းနှစ်ရပ်ကို လွှတ်တော်တွင်တင်ပြဆွေးနွေးခဲ့ရာ ပြင်ဆင်ချက်ပေါင်း ၁၁၄ ခု ပါဝင်ပြီး ယင်းတို့တွင် တိုင်းရင်းသားပါတီများ၏ အဓိကတောင်းဆိုချက်ဖြစ်သော ဖယ်ဒရယ်စနစ်အတွက် ဒီမိုကရေစီအားကောင်းစေရေးကို အသားပေးထားသည်။ USDP နှင့် တပ်မတော်သား ကိုယ်စားလှယ်များကလည်း ဥပဒေမူကြမ်းငါးခုကို အပြိုင်တင်သွင်းပြီး ဆွေးနွေးခဲ့ကြပါသည်[85]။ ၂၀၂၀ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း လွှတ်တော်တွင်မဲခွဲဆုံးဖြတ်ရာ၌ ခန့်မှန်းထားသည့်အတိုင်းပင် အဆိုပြုထားသည့် ဥပဒေပြင်ဆင်ချက်အများစုမှာ ပယ်ချခံခဲ့ရသည်။ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးသည့်တိုင် ပါတီကညွှန်ကြားထားသည့်အတိုင်းပင် မဲပေးခဲ့ကြပါသည်[86]။ ပုဒ်မသုံးခုကိုသာ ပြင်ဆင်ရန် သဘောတူညီခဲ့ကြရာ နှစ်ခုမှာ မသန်စွမ်းသူများ (PWDs)[87] နှင့်သက်ဆိုင်သည့် စကားရပ်များကို မဆိုစလောက်သာ ပြောင်းလဲခြင်းဖြစ်ပြီး ကျန်တစ်ခုမှာလည်း မပြောပလောက်သည့် စကားလုံး ဖယ်ရှားခြင်းမျှသာဖြစ်သည်[88]။ ယင်းတို့မှအပ အရေးပါသော ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာ မပြုလုပ်နိုင်ခဲ့ကြပါ။

ဤသို့ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ပထမအကြိမ်ကြိုးပမ်းမှုမှာ ကျရှုံးခဲ့ရပြီး မည်မျှ ခက်ခဲသည်ဟူသောအချက်မှာ ပို၍ထင်ရှားလာခဲ့သည်။ နောင်လာမည့် ကာလတစ်ခုအတွင်းအထိ မြန်မာနိုင်ငံအနေဖြင့် အခြေခံဒီမိုကရေစီမူများကို မစောင့်ထိန်းနိုင်သော ဥပဒေစနစ်တစ်ရပ်ဖြင့် ခရီးဆက် ရဦးမည်ဖြစ်သည်။ သာဓကဆိုရသော် တပ်မတော်နှင့်အရပ်သား အစိုးရကြား အာဏာမျှဝေမှုတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်လာသည့်ကိစ္စဖြစ်သည်။ အနည်းဆုံး ၂၀၁၂ ခုနှစ်ကတည်းကစ၍ မမျှတသည့်မူဘောင်အတွင်းတွင် နိုင်ငံရေးပါတီအများစုမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ကြသော်လည်း လက်ရှိအခြေခံဥပဒေအောက်တွင်ကျင်းပသော ရွေးကောက်ပွဲများအားလုံးသည် တပ်မတော် အာဏာတည်မြဲရေးကိုသာ ရေးရှုစေသည်ဟုဆိုကာ သပိတ်မှောက်ထားကြသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့ကဲ့သို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများလည်း ရှိနေပါသေးသည်[89]။

[84] http://constitutionnet.org/sites/default/files/2019-07/Amendment%20Annex%20English%20Translation.pdf
[85] http://constitutionnet.org/vl/item/myanmar-proposed-constitutional-amendment-bills
[86] https://www.rfa.org/english/news/myanmar/constitutional-amendments-03122020171831.html
[87] http://constitutionnet.org/sites/default/files/2020-03/Myanmar%202008%20Constitution%20Amendment%20Proposals%20and%20Voting%20Results%20of%20Union%20Parliament_436%20A_Eng.pdf
[88] http://constitutionnet.org/sites/default/files/2020-03/Myanmar%202008%20Constitution%20Amendment%20Proposals%20and%20Voting%20Results%20of%20Union%20Parliament_436%20B_Eng.pdf
[89] https://www.youtube.com/watch?v=DrpMHPCM1Go

### *ရွေးကောက်ပွဲစနစ်ဆိုင်ရာ ပြောင်းလဲမှုအသစ်များ*

ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည်လည်း ယခင် ရွေးကောက်ပွဲစက်ဝန်းနှင့် ထပ်တူနီးပါးမျှဖြစ်ပြီး နည်းဥပဒေအနည်းငယ်မျှသာ အပြောင်းအလဲ ရှိသည်။ ပထမတစ်ခုမှာ မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့်ကျောင်းသားများ၏ မှီတင်းနေထိုင်မှုနှင့်စပ်လျဉ်းသော လိုအပ်ချက်များဖြစ်ကြသည်။ မိမိကိုယ်ပိုင် မဲဆန္ဒနယ်ပြင်ပ အခြားနေရာတွင် အနည်းဆုံးရက်ပေါင်း ၉၀ နေထိုင်ပါက ယင်းနယ်မြေရှိ မဲဆန္ဒရှင်စာရင်းတွင် ယာယီထည့်သွင်းပေးရန် တောင်းဆိုလာနိုင်ပြီး ယခင်ကမူ ရက်ပေါင်း ၁၈၀ နေထိုင်ရန်လိုအပ်သည်။ ဤ ပြဋ္ဌာန်းချက်ကြောင့် ရွှေ့ပြောင်းအလုပ်သမားများစွာတို့အနေဖြင့် ပိုမိုလွယ်လင့်တကူ မဲပေးလာနိုင်ခဲ့ သော်လည်း တိုင်းရင်းသားပါတီများ၏ ကန့်ကွက်မှုကို မခံရဘဲမနေပါချေ။ တိုင်းရင်းသားပါတီများ၏ အဆိုအရ ဗမာအများစုပါဝင်သည့် နိုင်ငံရေးအင်အားစုများကိုသာ အဓိက အကျိုးရှိစေလိမ့်မည်ဟု သိရသည်[90]။

ဤအချက်နှင့်ပတ်သက်၍ ရွေးကောက်ပွဲလေ့လာသူများကြားတွင်လည်း သဘောထားကွဲလွဲမှုရှိသည်။ Myanmar Network Organization for Free and Fair Elections (MYNFREL) ၏ အမှုဆောင် ဒါရိုက်တာ ဒေါ်ဇင်မာဦး ကမူ မဲလာပေးသူအရေအတွက် တိုးပွားလာစေရေးအတွက် မည်သည့် ဆောင်ရွက်မှုမျိုးကိုမဆို လက်ခံသည်။ “ကျွန်မတို့အနေနဲ့ လူများများ မဲလာပေးအောင် ဘယ်လိုလုပ် ရမလဲဆိုတာ စဉ်းစားသင့်ပါတယ်။ ဒေသခံရွှေ့ပြောင်းသွားလာသူတွေအနေနဲ့ လက်ရှိနေထိုင်ရာ မြို့နယ်များမှာ မဲပေးခွင့်ရမယ်ဆိုရင် ပိုတောင် အဆင်ပြေပါသေးတယ်[91]” ဟု ၎င်းကဆိုသည်။ တစ်ဖက်တွင်မူ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်က “ပိုကောင်းတဲ့စနစ်တစ်ခုကို အစားထိုးသင့်ပါတယ်။ [...] ကျွန်တော်တို့ အကြံပြုချင်တာကတော့ ရက်ပေါင်း ၁၈၀ နေထိုင်ဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို ရုပ်သိမ်းပြီး ကြိုတင်မဲပေးခွင့်ပြုဖို့ပါပဲ။ မိသားစုလိုက်နေရာသစ်တစ်ခုကို ပြောင်းရွှေ့သွားတယ်ဆိုတဲ့ အခြေအနေမျိုး မှာ မဲပေးခွင့်ပေးတာ ပြဿနာမရှိပါဘူး။ ဒါပေမယ့် နေရာတစ်နေရာမှာ ခဏတာ နေထိုင်ရုံနဲ့တော့ အဲဒီဒေသမှာရှိတဲ့ ရွေးကောက်ပွဲမှာ မဲပေးဖို့ခွင့်မပြုသင့်ပါဘူး[92]” ဟုဆိုသည်။

ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်သူ ၉.၂ သန်းခန့်ရှိသည်ဟု တရားဝင် ခန့်မှန်းကိန်းဂဏန်းများအရ သိရသောကြောင့်[93] ရွှေ့ပြောင်းအလုပ်သမားများနှင့်ကျောင်းသားများအတွက် မဲပေးသည့်စနစ်များ အပေါ် မည်သို့ပြုပြင်ပြောင်းလဲသည်ဖြစ်စေ ရွေးကောက်ပွဲရလဒ်များအပေါ် အကြီးအကျယ် သက်ရောက်မှု ရှိပေလိမ့်မည်။ သို့သော်လည်း ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်နေသူများအနေဖြင့်

---

[90] https://www.irrawaddy.com/news/burma/ethnic-parties-myanmar-worried-proposed-voter-registration-changes-will-hurt-election-chances.html

[91] https://www.mmtimes.com/news/ethnic-parties-blast-poll-laws-change.html

[92] https://www.irrawaddy.com/dateline/will-millions-myanmar-migrant-workers-vote-2020-election.html

[93] http://www.dop.gov.mm/sites/dop.gov.mm/files/datamapdocuments/excel_data_on_migration_and_urbanization.xlsx

ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ရှိမှုကိုမထိခိုက်စေဘဲ မဲပေးသူအရေအတွက် တိုးပွားလာအောင် ပြုလုပ်နိုင်မည့် နည်းလမ်းတစ်ခုခုတွင် သဘောတူညီမှုရဖို့ရာ ကြိုးစားသင့်ပါသည်။

ရွေးကောက်ပွဲနည်းဥပဒေနှင့်စပ်လျဉ်းသည့် နောက်ထပ် အထင်ကရ ပြင်ဆင်ချက်တစ်ခုမှာ တပ်မဲရုံများနှင့်သက်ဆိုင်သည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကစ၍ တပ်မတော်သားနှင့် ၎င်းတို့၏မိသားစုဝင်များအနေဖြင့် ရွေးကောက်ပွဲနေ့တွင် တပ်ပိုင်မြေပရဝုဏ်အတွင်း မဲမပေးကြ ရတော့ဘဲ[94] ခန့်မှန်းဦးရေ တစ်သန်းမျှရှိသော တပ်နှင့်ဆက်စပ်သည့်မဲဆန္ဒရှင်များသည် ၆၃၅ ခုသော "စုပေါင်း" မဲရုံများတွင် အရပ်သားများနှင့်အတူမဲပေးကြရသည်။ အချို့သော တပ်အခြေစိုက်စခန်းများမှာ အရပ်သားများနေထိုင်ရာနှင့် ကွာလှမ်းလွန်းလှသည်ဖြစ်ရာ တပ်မဲဆန္ဒရှင်များအတွက် သီးသန့်ရည်ရွယ်၍ မဲရုံ ၁၂၇ ရုံကို တပ်ဝင်းပြင်ပတွင် ဆောက်လုပ်ပေးခဲ့သည်။

အဆိုပါ ပြုပြင်ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်သားများမဲပေးရာ၌ နိုင်ငံတကာ စံနှုန်းများဖြင့် ပိုမိုကိုက်ညီလာစေခဲ့ပြီး ရွေးကောက်ပွဲနေ့ မဲပေးသည့်လုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာ မှုကိုလည်း သိသိသာသာ ပိုမိုအားကောင်းလာစေခဲ့သည့်အတွက် ယင်းဆောင်ရွက်ချက်ကို ANFREL က ကြိုဆိုပါသည်။ သို့သော်လည်း တပ်မတော်သားများ၏ များပြားလှသော အချိုးအစားတစ်ခုသည် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲများဖြင့် ဆန္ဒပြုကြပြီး ဤသည်ကို တပ်ပရဝုဏ်အတွင်း လေ့လာမှု အနည်းငယ် (သို့မဟုတ်) လုံးဝမရှိသည့်အခြေအနေတွင် ပြုလုပ်ကြခြင်းဖြစ်သည်။ မြန်မာပြည်သူများ၏ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ်ထားရှိသည့် ယုံကြည်မှု ပိုမိုအားကောင်းလာစေရန်အတွက် နောင်တွင် ဤကိစ္စကိုလည်း ကိုင်တွယ်ဖြေရှင်းလာကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## *ဆက်လက်ဖြစ်ပွားနေဆဲ မဲဆန္ဒနယ်အချိုးအစားမညီမျှမှုနှင့် မဲပေးခွင့်ဆုံးရှုံးခြင်း*

မြန်မာနိုင်ငံ ရွေးကောက်ပွဲစနစ်နှင့် ၎င်းစပ်လျဉ်း၍ အချိန်အတော်ကြာကတည်းကပင် ANFREL က စိတ်ပူပင်မိကြောင်းပြောကြားခဲ့သည့် ကိစ္စတစ်ခုရှိပါသည်။ ယင်းမှာ မဲဆန္ဒနယ်မြေနယ်နိမိတ်များ သတ်မှတ်ရာ၌ လူဦးရေပြန့်နှံ့တည်ရှိမှုကို ဂရုမထားဘဲ အုပ်ချုပ်ရေးယူနစ်အတိုင်း သတ်မှတ်ခြင်း ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များအတွက် မဲဆန္ဒနယ် များသည် နိုင်ငံ၏ မြို့နယ် ၃၃၀ အပေါ်တွင် အခြေခံခြင်းဖြစ်ပြီး ၎င်းတို့တွင် လူဦးရေ ကွာဟချက် ကြီးမားပြီး အချို့သောမဲဆန္ဒရှင်များသည် အချို့ထက် ပိုမို၍အရေးပါကြသည်။

[94] https://www.irrawaddy.com/news/burma/myanmar-election-commission-seeks-abolish-military-polling-stations-2020-election.html

နောက်ဆုံးကောက်ယူရရှိထားသည့် သန်းခေါင်စာရင်းဒေတာများအရ မြန်မာနိုင်ငံရှိ အသေးဆုံး မြို့နယ်မှာ ကချင်ပြည်နယ်က အင်ဂျန်းယန်မြို့နယ်ဖြစ်ပြီး နေထိုင်သူဦးရေ ၁၇၃၂[95] သာရှိပြီး အကြီးဆုံးမှာ ပဲခူးမြို့နယ်ဖြစ်ပြီး လူဦးရေ ၄၉၁၄၃၄[96] ရှိသည်။ သို့တိုင် မြို့နယ်နှစ်ခုစလုံးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် အတွက် အမတ်နှစ်ဦးစီ ရွေးကောက်တင်မြှောက်ကြရသည်။ ဤသို့သော မမျှတသည့် ရွေးကောက်ခံ ကိုယ်စားလှယ်ခွဲတမ်း (တစ်နည်းအားဖြင့် မဲဆန္ဒနယ် အချိုးအစားမညီမျှမှု) သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကဲ့သို့သော စာတမ်းများပါ တူညီသောမဲပေးခွင့်ဆိုင်ရာ အခြေခံ စည်းမျဉ်းကို ထိခိုက်စေသည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများတွင်ကဲ့သို့ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးတစ်ခုချင်းစီတွင် လူဦးရေ မည်မျှစီရှိစေကာမူ အထက်လွှတ်တော်တွင် တန်းတူ ကိုယ်စားပြုခွင့်ပေးရန် နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်ထားသည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် များတွင် ရေ့နည်းတူ ပြဿနာရှိသော်လည်း အတိုင်းအတာ သေးငယ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရွေးကောက်ပွဲစနစ်ကို ၎င်းနှစ်သက်ရာ ရွေးချယ်အသုံးပြုနိုင်သည့် အချုပ်အခြာ အာဏာ အခွင့်အရေးရှိသည်မှာမှန်သော်လည်း ရွေးကောက်ပွဲတရားမျှတမှုနှင့် ဥပဒေပြုလွှတ်တော် များတွင် ကိုယ်စားပြုမှု ပိုမိုအားကောင်းစေဖို့ရာ မဲဆန္ဒနယ်များကို ပို၍ သာတူညီမျှဖြစ်အောင် ပိုင်းခြားပေးရန်ဟူသော ယခင်တောင်းဆိုချက်များကို ANFREL အနေဖြင့် ထပ်မံပြုလုပ်လိုပါသည်။

ရွေးကောက်ပွဲဆိုင်ရာ တရားဥပဒေမူဘောင်၏ နောက်ထပ် ထောက်ပြစရာအချက်တစ်ခုမှာ တိုင်းပြည် လူဦးရေ၏ ကြီးစွာသော အစိတ်အပိုင်းများ မဲပေးခွင့်မရသည့်ကိစ္စမှာ အမြစ်တွယ်လျက်ရှိနေခြင်း ဖြစ်သည်။ ပထမတစ်ခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၉၂ (က) အရ သာသနာ့ဝန်ထမ်းများအားလုံး မဲပေးခွင့်မရကြခြင်းဖြစ်ပြီး ယင်းပမာဏမှာ မနည်းလှချေ။ ဗုဒ္ဓဘာသာ ရဟန်းတော်များ အရေအတွက် သက်သက်ပင်လျှင် ငါးသိန်းကျော်ရှိသည်[97]။ ခရစ်ယာန်နှင့်ဟိန္ဒူဘုန်းကြီး၊ မယ်သီလရှင်တို့မှာ မဲပေးခွင့် မရှိသော်လည်း ထိုထဲတွင် မွတ်ဆလင်ဘာသာရေးခေါင်းဆောင်များ မပါသည့်အတွက်[98] အမျိုးသားရေး ဝါဒီများကြား မကျေနပ်မှု ဖြစ်ပေါ်စေပါသည်။

ရဟန်းတော်များကို မဲပေးခွင့်ရှိသူများစာရင်းမှ ဖယ်ထုတ်ရသည့် အခြေခံအကြောင်းရင်းဖြစ်သော ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့များအပေါ် ANFREL အနေဖြင့် ရိုသေလေးစားမှုရှိပါသည်။ သို့သော်လည်း သာသနာ့ဝန်ထမ်းများသည်လည်း နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ

---

95 http://www.themimu.info/sites/themimu.info/files/documents/BaselineData_Census_Dataset_Township_MIMU_16Jun2016_ENG.xlsx

96 The largest township in Myanmar was previously Hlaingtharya in Yangon region, until it was separated into two in 2019.

97 In 2016, there were 282,347 Buddhist monks, 252,962 novices, and 60,390 nuns in Myanmar. See http://www.mahana.org.mm/en/religious-affairs/the-account-of-wazo-monks-and-nuns-in-1377-2016-year/

98 Articles 2(i) of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region or State Hluttaw Election Law

မဲပေးပိုင်ခွင့်ကို ကျင့်သုံးဖို့ရာ ယနေ့ခေတ် ဒီမိုကရေစီစနစ်တွင် နေရာပေးလာနိုင်ပြီဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါသည်။ ဤနည်းဖြင့် ရွေးကောက်ပွဲများတွင်လည်း အများပါဝင်မှုနှင့်ကိုယ်စားပြုမှု ပိုမို အားကောင်းလာပါလိမ့်မည်။

မြန်မာနိုင်ငံတွင် နောက်ထပ် မဲပေးခွင့်ဆုံးရှုံးသူများမှာ အများသိကြသည့်အတိုင်း ရိုဟင်ဂျာများပင် ဖြစ်ပါသည်။ ဖိနှိပ်ချုပ်ခြယ်မှုများလွန်းလှသော မြန်မာနိုင်ငံသားဥပဒေများဖြင့် ကာလရှည်ကြာစွာ ခွဲခြားဆက်ဆံမှု ခံခဲ့ကြရသည့်အတွက် ရိုဟင်ဂျာ အများစုတွင် တင်းပြည့်နိုင်ငံသားဖြစ်မှုနှင့် သက်သေခံ စာရွက်စာတမ်းများ မရှိကြပါ။ ၂၀၁၀ ခုနှစ်တွင် “Whit Card” ဟု ခေါ်သော ယာယီသက်သေခံကဒ်ပြား ကိုင်ထားသူများကို ထိုခေတ်အခါက တပ်မတော်အစိုးရက မဲပေးခွင့်ပြုခဲ့ပါသည်။ ဤသည်မှာ ရခိုင် တိုင်းရင်းသားများ၏မဲများကို ယှဉ်ပြိုင်နိုင်ရန် နိုင်ငံရေးအရ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ၂၀၁၅ ခုနှစ်တွင် ရိုဟင်ဂျာများ မဲပေးခွင့်ရစေရေး အလားတူ ဆောင်ရွက်ချက်မျိုးကို ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီများက ဖိအားပေးလာသည့်အတွက် ရုတ်ချည်း ရပ်ဆိုင်းလိုက်ရသည်။[99]

ထိုစဉ်ကတည်းက ကောင်းမွန်သောအခြေအနေဘက်သို့ ပြန်လည်ဦးတည်မလာတော့ချေ။ ၂၀၁၆ ခုနှစ် မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ရိုဟင်ဂျာများအားဖိနှိပ်မှုနှင့် လူမျိုးစုရှင်းလင်းမှုများ မြင့်တက်လာသည့် အခါ ၎င်းတို့၏ ဆင်းရဲဒုက္ခတွေ့ကြုံနေရခြင်းကို ကမ္ဘာကအာရုံစိုက်လာခဲ့သည်။ သို့သော်လည်း NLD အစိုးရနှင့် အခြားသောအစိုးရဌာနများကပါ ရိုဟင်ဂျာလူနည်းစုများကို ဆက်လက် ဖယ်ကြဉ်ထားကြပြီး မြန်မာ့ နိုင်ငံရေးတွင် ပါဝင်ခွင့်မပြုတော့ချေ။ အကျိုးဆက်အနေဖြင့် မဲပေးရန် အသက်ပြည့်ပြီး ရိုဟင်ဂျာ ဦးရေ ခန့်မှန်းခြေ ၆၀၀,၀၀၀ ခန့်မှာ ရခိုင်ပြည်နယ်တွင်နေထိုင်လျက်ရှိကြပြီး ယခုတစ်ဖန် မဲပေးခွင့်ဆုံးရှုံးကြ လိမ့်ဦးမည်ဖြစ်သည်။ အလားတူ ၂၀၁၆ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားကြသည့် ၁ သန်းမျှသော ရိုဟင်ဂျာများလည်း မဲပေးခွင့် ဆုံးရှုံးမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ရိုဟင်ဂျာ အဖွဲ့အစည်းများက ပူးတွဲ အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားပြီး ၎င်းတို့အား ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပေးရန် UEC အားတောင်းဆို ခဲ့ကြသည်[100]။ စာပါ ကြေညာချက်အရ “ကျွန်ုပ်တို့သည် မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။ လာမည့်ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်နှင့် ပါဝင်ခွင့်ရရှိစေရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျွန်ုပ်တို့၏ နိုင်ငံသားအခွင့်အရေးများကို ပြန်လည်ပေးအပ်ရန်နှင့် ထိန်းသိမ်းကာကွယ်ပေးသင့်ပါသည်” ဟု ဆိုထားပါသည်။ ရိုဟင်ဂျာများ ၎င်းတို့၏ အခြေခံနိုင်ငံရေး ရပိုင်ခွင့်များကို တောင်းဆိုရာတွင် ANFREL သည်လည်း ၎င်းတို့နှင့်အတူ ခိုင်ခိုင်မာမာ ရပ်တည်နေပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ

[99] https://edition.cnn.com/2015/02/12/asia/myanmar-rohingya-voting-rights/index.html
[100] https://progressivevoicemyanmar.org/2020/09/03/the-union-election-commission-should-recognize-the-voting-rights-of-rohingya-refugees-in-the-november-8-general-election-in-myanmar/

မဟာမင်းကြီးကလည်း ဤကဲ့သို့ "နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ချိုးဖောက်မှုများ"နှင့် ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်မိကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ပါသည်[101]။

[101] https://www.ohchr.org/FR/NewsEvents/Pages/DisplayNews.aspx?NewsID=26431&LangID=E

# ရွေးကောက်ပွဲ စီမံအုပ်ချုပ်ရေး

*မဲစာရင်း*

ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဓိက အလေးထားဆောင်ရွက်ရသည့် ကိစ္စများအနက်တစ်ခုမှာ မဲပေးခွင့်ရှိသူများ စာရင်းပြုစုရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မဲစာရင်းအတွက် အခြေခံအသုံးပြုစရာ ဗဟိုစာရင်းထိန်းစနစ်မရှိသည့်အတွက် ဤသည်မှာ ခက်ခဲသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ထိုအခါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့် ရှိပြီးသားမဲစာရင်းများအပါအဝင် အရင်းမြစ်ပေါင်းစုံမှ ဒေတာများကို စုဆောင်းပြုစုရတော့သည်။

၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမတိုင်မီ မဲစာရင်းထုတ်ပြန်ကြေညာမှုနှစ်ကြိမ် ပြုလုပ်ပေးခဲ့ရာ ပထမအကြိမ်မှာ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၁၇ ရက်နေ့အထိဖြစ်ပြီး ဒုတိယအကြိမ်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၄ ရက်နေ့အထိဖြစ်သည်။ ဤတွင် အထူးဖော်ပြလိုသည်မှာ ဥပဒေအရ မဲစာရင်းတစ်ကြိမ်သာ ထုတ်ပြန်ရန်လိုအပ်ပြီး အမှားအယွင်းများပြင်ဆင်ပေးရန် ဒုတိယအကြိမ်ထုတ်ပြန်ပေးခြင်းသည် UEC ၏ ချီးကျူးဖွယ်ရာ ဆောင်ရွက်ချက်ဖြစ်ပါသည်။ မဲစာရင်းတစ်ကြိမ်ထုတ်ပြန်တိုင်း UEC မှ မဲဆန္ဒရှင်အသိပညာပေး စာရွက်စာတမ်းများ ဝေငှပေးခြင်းကို ပြုလုပ်ပေးခဲ့ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ပြင်ဆင်မှုပြုလုပ်ရန်ရှိပါက မဲစာရင်းထုတ်ပြန်သည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးသို့ ဖောင်ပုံစံ ၃ (က) တင်သွင်း၍ လျှောက်ထားနိုင်ပါသည်။ ပထမအကြိမ် မဲစာရင်းထုတ်ပြန်အပြီးတွင် စုစုပေါင်း စာရင်းပါ မဲဆန္ဒရှင် ၃၈ သန်းခန့်တွင် ခြောက်သန်းအတွက် ပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့ပါသည်။

ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်ကြေညာခြင်းနှင့်အတူ ၂၀၁၅ ခုနှစ်တွင်ကဲ့သို့ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်ဆိုင်ရာ အချက်အလက်များနှင့်မဲရုံများကို စစ်ဆေးကြည့်ရှုနိုင်ရန် UEC က ဝက်ဘ်ဆိုဒ်[102] တစ်ခုလွှင့်တင်ပေးခဲ့သည်။ သို့သော်လည်း မဲဆန္ဒရှင်များအနေဖြင့် အွန်လိုင်းကတစ်ဆင့် အမှားအယွင်းပြင်ဆင်ရန် လျှောက်ထားခြင်း မပြုလုပ်နိုင်ဘဲ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့သာ လူကိုယ်တိုင်သွားရောက်ရန် လိုအပ်သည့်အတွက် ဤသည်မှာ ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း stay-at-home အမိန့်များ ထုတ်ပြန်ထားချိန်တွင် အချို့သောသူများအတွက် အတားအဆီးဖြစ်နိုင်သည်။ နောင်အနာဂတ်တွင် မဲဆန္ဒရှင်များ အွန်လိုင်းမှတစ်ဆင့် အမှားပြင်ဆင်မှုပြုလုပ်ရန် လျှောက်လွှာတင်ခွင့်ပြုဖို့ရာ ဥပဒေပြင်ဆင်ချက်တစ်ရပ် ပြုလုပ်ပေးနိုင်မည်ဆိုပါက ကြိုဆိုရမည် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲဆိုင်ရာအရာရှိများက မဲဆန္ဒရှင်များသို့ မဲစာရင်းပါ အမှတ်စဉ်အတိုင်း သက်ဆိုင်ရာမဲရုံသို့ မိမိဘာသာသွားရောက်နိုင်စေဖို့ရာ ဖြတ်ပိုင်းစာရွက်များ ဝေငှပေးခဲ့ကြသည့်အတွက် မဲပေးသည့်လုပ်ငန်းစဉ်ကို အဆင်ပြေချောမွေ့စေခဲ့သည်။ ယင်းဆောင်ရွက်မှုကို ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစ၍ ရပ်ဆိုင်းလိုက်သော်လည်း မြန်မာနိုင်ငံနေရာဒေသအချို့က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့ (သာဓက အားဖြင့်

---

102 https://findyourpollingstation.uec.gov.mm/

ရန်ကုန်နှင့် မကွေးတိုင်းဒေသကြီး) က ယခုနှစ်တွင် ဖြတ်ပိုင်းစာရွက်များ ဝေငှပေးခဲ့ကြခြင်းမှာ မဲဆန္ဒရှင်များအတွက် အထောက်အကူဖြစ်စေသည့် ချီးကျူးဖွယ်ရာ ဆောင်ရွက်ချက်တစ်ခုဖြစ်ပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းသည် ယခင်အသုံးပြုခဲ့သော မဲစာရင်းများထက် သာလွန်ကောင်းမွန်သည်ဟု ယုံကြည်ကြောင်း UEC က ထုတ်ပြန်ပြောကြားခဲ့သည်။ သို့သော်လည်း မဲစာရင်း အရည်အသွေးနှင့် စပ်လျဉ်း၍ ANFREL က ဆန်းစစ်လေ့လာခဲ့ရာ တစ်စုံတစ်ရာ ကောက်ချက်ချက်၍မရနိုင်ပါ။ ဆက်စပ်ပတ်သက်သူအမြောက်အမြားကို အင်တာဗျူးပြုလုပ်ခဲ့ရာ၌ ၎င်းတို့၏ထင်မြင်ချက်အရ မဲစာရင်းသည် အသင့်အတင့်ကောင်းမွန်မှုရှိသည်ဟုဆိုသော်လည်း အခြားများစွာသောသူတို့ကမူ သဘောမတူကြချေ။ ယခင် ရွေးကောက်ပွဲများတွင် မဲပေးခဲ့သူများအချို့ဆိုလျှင် မကြာသေးမီ ၂၀၁၉ ခုနှစ်၊ ဧပြီလက ပြုလုပ်ကျင်းပခဲ့သည့် ရန်ကုန်စည်ပင်သာယာရွေးကောက်ပွဲတွင် ပါဝင်မဲပေးခဲ့ကြသော်လည်း ယခုမဲစာရင်းတွင် ၎င်းတို့အမည်မပါရှိခဲ့ ဟူသော ပြောကြားချက် အမြောက်အမြားလည်း ထွက်ပေါ်လာခဲ့သည်။ လူဦးရေ ၅၅ သန်းနီးပါးမျှ ရှိသော တိုင်းပြည်တွင် မဲစာရင်းများနှင့်ပတ်သက်သည့် စစ်ဆေးချက်တစ်ခုမပြုလုပ်ဘဲ မဲစာရင်းပြဿနာ မည်သည့် အတိုင်းအတာထိ ဖြစ်ပွားလျက်ရှိသည်ကို တိုင်းတာရန် ခက်ခဲပါသည်။ သို့သော်လည်း UEC က ရွေးကောက်ပွဲလေ့လာသူများ (သို့မဟုတ်) အခြားဘက်မလိုက်သော တတိယအုပ်စုများအား မဲစာရင်းရယူစစ်ဆေးခြင်းကို ခွင့်မပြုပေးခဲ့ပါ။ သို့ဖြစ်ပါ၍ ANFREL က တိုက်တွန်းလိုသည်မှာ နိုင်ငံတကာစံချိန်စံညွှန်းများ[103]နှင့် ကိုက်ညီစေရေးအတွက် စာရင်းစစ်များအား မဲစာရင်းများစစ်ဆေးခွင့်ပြုပေးခြင်းဖြင့် ရွေးကောက်ပွဲတာဝန်ရှိသူများ အပါအဝင် မြန်မာအာဏာပိုင်များအနေဖြင့် မဲစာရင်းအပေါ် အများပြည်သူ ယုံကြည်မှု တိုးပွားလာစေပြီး လိုအပ်သည်များရှိပါက ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။

### *ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (EMCs)*

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်များ လိုက်နာစေရေးတို့နှင့်စပ်လျဉ်းသည့် အငြင်းပွားဖွယ်ရာကိစ္စရပ်များ ပေါ်ထွက်လာပါက အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နည်းလမ်းတစ်သွယ်အဖြစ်အသုံးပြုရန် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီကတည်းက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ (EMCs) ကို UEC က ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါ တသမတ်တည်းသောနည်းလမ်းကိုပင် ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့တွင် ကျင့်သုံးခဲ့ရာ ကောင်းစွာ ထိရောက်မှုရှိခဲ့ပြီး မြောက်မြားစွာသော အငြင်းပွားမှုတို့ကို မြို့နယ်အဆင့်၌ ဖြေရှင်းပေးနိုင် ခဲ့သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ် ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ရည်မှန်းချက်ဖြင့် ရွေးကောက်ပွဲ အငြင်းပွားမှုဖြေရှင်းရေးကို UEC က ၎င်း၏မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ တွင် မဏ္ဍိုင်တစ်ရပ်အနေဖြင့် ထည့်သွင်းခဲ့ပါသည်။ ယခုနှစ်အစောပိုင်းတွင် EMC များကို ရွေးကောက်ပွဲ နည်းဥပဒေတွင် ထည့်သွင်းခဲ့ခြင်းဖြင့် တရားဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်စေခဲ့သည်။ EMC ၏ ဆုံးဖြတ်ချက်များမှာ ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသော်လည်း ၎င်း၏အခြေခံရည်မှန်းချက်မှာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး

[103] For instance Article III(b)(2) of the Dili Indicators of Democratic Elections

ကာလအတွင်း ပဋိပက္ခဖြစ်ပွားမှုများလျှော့ချရာ၌ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်ရယူသည့်နည်းဖြင့် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို သတ်မှတ်ကြေညာပြီးသည့်နောက်တွင် EMC များကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်များ၌ ဖွဲ့စည်းကြပါသည်။ EMC တွင် အငြင်းပွားမှု တိုင်ကြားနိုင်သည့် သက်ဆိုင်သူများမှာ အငြင်းပွားမှုတွင်ပါဝင်သည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာ အစိုးရဌာနများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အငြင်းပွားမှုတွင် ပါဝင်နေသည့် မဲဆန္ဒရှင်များဖြစ်ကြပါသည်။ EMC အစည်းအဝေးများကို အများပြည်သူ ကြားနာသိရှိနိုင်ပြီး လေ့လာသူများနှင့် မဲဆန္ဒရှင်များလည်း တက်ရောက်နိုင်သည်။

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရာတွင် အငြင်းပွားမှုများကို ကိုယ်တွယ်ဖြေရှင်းရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်အတွက် လမ်းညွှန်စာအုပ်[104] ကို UEC က ထုတ်ဝေပေးခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ EMC အဖွဲ့ဝင်များအတွက် UEC က အွန်လိုင်းသင်တန်းများ အစဉ်တစိုက် ပြုလုပ်ပေးခဲ့သည်။ တစ်ဖက်တွင်လည်း စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်ပတ်သက်သူများကို ပညာပေးရန်အတွက် ဗီဒီယို[105] တစ်ခုနှင့်ပိုစတာ[106] တစ်ခုကို UEC က ပြုလုပ်ပေးခဲ့သည်။

ANFREL က ဆက်စပ်ပတ်သက်သူများနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးများအရ မဲဆွယ်စည်းရုံးရေးကာလအတွင်း ဖြစ်ပွားသည့် ရွေးကောက်ပွဲအငြင်းပွားမှုများအား EMC များကတဆင့် လျင်မြန်စွာဖြေရှင်းပေးနိုင်ခဲ့ရာ မြို့နယ်အဆင့်အထက်သို့ ရောက်ရှိသွားသည့်အမှုကိစ္စဟူ၍ လွန်စွာနည်းပါးသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်၍ ဤလုပ်ထုံးလုပ်နည်းသည် ဆက်စပ်ပတ်သက်သူများနှင့်အဖွဲ့အစည်းများကြား ပြေငြိမ်းမှုနှင့်စေ့စပ်ညှိနှိုင်းမှု အားကောင်းလာစေရေးတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အကျိုးရှိသောလမ်းစဉ်တစ်ရပ်ဖြစ်ပါသည်။

*မဲဆွယ်စည်းရုံးရေးရန်ပုံငွေ*

မြန်မာနိုင်ငံရွေးကောက်ပွဲဥပဒေများအရ မည်သည့်လွှတ်တော်အတွက် ရွေးကောက်ပွဲဝင်စေကာမူ အသုံးစရိတ်ကျပ်ငွေ သိန်း ၁၀၀ ကန့်သတ်ထားသည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင်မူ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်လောင်းများအတွက် အသုံးစရိတ်ပမာဏ ကျပ်ငွေ သိန်း ၁၅၀ အထိ တိုးမြှင့်ခွင့်ပြုခဲ့သည်။ မဲဆန္ဒနယ် တစ်ခုနှင့်တစ်ခုကြား အရွယ်အစားကွာခြားသည်ဖြစ်ရာ ဤကဲ့သို့ အားလုံးအတွက် တပြေးညီခြုံငုံ၍ အသုံးစရိတ်သတ်မှတ်လိုက်ခြင်းသည် မညီမမျှ ဖြစ်စေနိုင်သည်ဟူသောစိုးရိမ်မှုများ ပေါ်ပေါက်လာစေသည်။ သာဓကအားဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တစ်ခုချင်းစီသည် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်များထက် အရွယ်အစား နှစ်ဆပိုမိုကျယ်ပြန့်သော်လည်း ကိုယ်စားလှယ်လောင်းနှစ်မျိုးလုံးအတွက် အသုံးစရိတ် တပြေးညီသတ်မှတ်ပေးထားသည်။ အခြားတစ်ဖက်တွင်မူ မဲဆွယ်စည်းရုံးရေးရန်ပုံငွေ စည်းမျဉ်းစည်းကမ်းများတွင် နိုင်ငံရေးပါတီများ၏ အသုံးစရိတ်နှင့် ကိုယ်စားလှယ်လောင်းများ၏အသုံးစရိတ်များကြား တိကျရှင်းလင်းသော ပြဌာန်းချက်

[104] https://merin.org.mm/sites/merin.org.mm/files/publication/mediation_guide_en.pdf
[105] https://www.facebook.com/609520065840362/videos/919037571852278/
[106] https://www.facebook.com/uecmyanmar/photos/a.609541812504854/2875207495938263/

မရှိပေ။ ဤသည်မှာ ညီတူညီမျှမရှိသော ယှဉ်ပြိုင်မှုအနေအထားကို ဦးတည်စေပြီး ပါတီငယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအပေါ် မျှတမှုမရှိဘဲ ထိခိုက်နစ်နာစေသည်။

စည်းမျဉ်းစည်းကမ်းများအရ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲရလဒ်များကြေညာပြီး ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ မဲဆွယ်အသုံးစရိတ်စာရင်းရှင်းတမ်းကို တင်ပြရန် လိုအပ်သည်။ ပျက်ကွက်ပါက ရွေးကောက်ခံကိုယ်စားလှယ်ကို ရွေးကောက်ခံအဖြစ်မှ ပယ်ဖျက်သည်အထိ အရေးယူနိုင်သည်။ အဆိုပါ မဲဆွယ်အသုံးစရိတ် စာရင်းရှင်းတမ်းများကို အမှန်တကယ်အသုံးပြုသည့် ပမာဏ အလိုက် အများပြည်သူမှ ကြည့်ရှုစစ်ဆေးနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာ အသုံးစရိတ်များအပေါ် UEC ၏ စောင့်ကြည့်စစ်ဆေးမှုမှာ အားနည်းသော်လည်း မဲဆွယ်စည်းရုံးရေးရန်ပုံငွေ စည်းမျဉ်းစည်ကမ်းများကို အာဏာပိုင် များဘက်က အရေးယူဆောင်ရွက်သည်ထက် ပါတီနှင့်ကိုယ်စားလှယ်များဘက်မှ ၎င်းတို့ဘာသာ လိုက်နာ ဆောင်ရွက်မှုမှာ ပိုမိုအားကောင်းသည်ကိုတွေ့ရသည်။

မဲဆွယ်စည်းရုံးရေးရန်ပုံငွေနှင့်ပတ်သက်သည့် မြန်မာနိုင်ငံရှိဥပဒေများမှာ လုံလောက်မှုမရှိသေးပါ။ ခိုင်မာအား ကောင်းသော မဲဆွယ်စည်းရုံးရေး ရန်ပုံငွေဆိုင်ရာဥပဒေများရှိလာသည့်တိုင် ရွေးကောက်ပွဲ စီမံခန့်ခွဲသည့် အဖွဲ့အစည်းများအနေဖြင့် ဥပဒေများကို အပြည့်အဝနှင့်ညီတူညီမျှ စောင့်ကြည့်လေ့လာရန်နှင့် အသက်ဝင်အောင် ပြုလုပ်ရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲဥပဒေများတွင် မဲဝယ်ခြင်းကို တားမြစ်ထားသော်လည်း ANFREL က အင်တာဗျူးခဲ့သည့် မဲဆန္ဒရှင်များ၏ ထုတ်ဖော်ပြောကြားချက်များအရ နိုင်ငံရေးပါတီများက မဲရရန် မဲဆန္ဒရှင် များအား ငွေပေးသည့်ဖြစ်စဉ်များကို မကြာခဏတွေ့ရှိရပါသည်။ မဲဝယ်ခြင်း၊ မဲဆွယ်စရိတ် အလွန်အကျွံ အသုံးပြုခြင်းတို့နှင့် ပတ်သက်သည့် တိုင်ကြားချက်များအပေါ် ကောင်းစွာ စုံစမ်းစစ်ဆေးမှုပြုလုပ်သင့်ပါသည်။

### *UEC ၏ ဘက်မလိုက်မှုနှင့်ပွင့်လင်းမြင်သာမှု*

မြန်မာနိုင်ငံ၏ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်ဟူသမျှကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်အပ်နှင်းခြင်းခံရသည့် အမြဲတမ်း အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ အနည်းဆုံး အဖွဲ့ဝင်ဦးရေ ငါးဦးသတ်မှတ်ထားပြီး (လက်ရှိ ၁၅ ဦးရှိပြီး အားလုံးမှာ အမျိုးသားများ ဖြစ်ကြသည်) အဖွဲ့ဝင်အားလုံး ကို သမ္မတကခန့်အပ်သည်။ UEC ၏တာဝန်များကို (နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင်) ပြည်နယ်နှင့် တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ၁၅ ခု၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲ ၈၂ ခု၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ၃၂၆ ခု နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ၁၇,၀၆၇ ခုတို့က ကူညီဆောင်ရွက်ပေးကြရသည်။ ရွေးကောက်ပွဲ ကာလအတွင်း လုပ်ငန်းတာဝန်များဆောင်ရွက်ရန် UEC လိုအပ်သော ဝန်ထမ်းအများစုကို အခြားသော အစိုးရဌာန များမှ ဖြည့်ဆည်းပေးသည်။

လက်ရှိ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို ၂၀၁၆ ခုနှစ် မတ်လနှင့်နောက်ပိုင်းတွင် ခန့်အပ်ခဲ့ခြင်းဖြစ်သည့်အတွက် UEC ၏ ဖွဲ့စည်းမှုတစ်ရပ်လုံးမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပပြီးချိန်မှစ၍ ပြောင်းလဲသွားသည့် သဘောဖြစ်သည်။ UEC သည် ဘက်မလိုက်သော အဖွဲ့အစည်းဖြစ်ရမည်မှန်သော်လည်း အဖွဲ့ဝင်အားလုံးကို လက်ရှိ အစိုးရမှခန့်အပ်ခြင်းသည် ယင်းအဖွဲ့အစည်းအား ဘက်လိုက်သည်ဟု စွပ်စွဲပြောဆိုရန် လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားသည်။ ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကာလတစ်လျှောက်လုံးတွင် ဤသို့သော ပြောဆိုမှုများ ပျံ့နှံ့လျက်ရှိပြီး ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းသည် အာဏာရပါတီကို မျက်နှာသာပေးသည်ဟု နိုင်ငံရေးပါတီအများစုက စွပ်စွဲခဲ့ကြသည်။

လူပြောများသည့် သာဓကတစ်ခုမှာ မဲဆွယ်စည်းရုံးရေး စတင်သည့်ရက်ဖြစ်သည်။ များစွာသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ပြောကြားချက်အရ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် မဲဆွယ်စည်းရုံးမှုများ စတင်ပြုလုပ်နိုင်သည်ဟူသော UEC ကြေညာချက်ကို ယင်းနေ့မတိုင်မီ နှစ်ရက်အလိုမှ သိရသည်ဟုဆိုသည်။ ၎င်းတို့၏အဆိုအရ NLD ပါတီမှာမူ အကျောပေးခြင်းခံရသည့်အတွက် မဲဆွယ်စည်းရုံးရေး အစပြုသည့်အနေဖြင့် နိုင်ငံအဝှမ်းတွင် အလံတင်အခမ်းအနားများကျင်းပရန် အချိန်အလုံအလောက်ရရှိခဲ့သည်။ အဆိုပါစွပ်စွဲချက်များကို အတည်ပြုရန်မဖြစ်နိုင်သော်လည်း ဘက်မလိုက်သောအဖွဲ့အစည်းအဖြစ် ရပ်တည်ရမည်ဖြစ်သော UEC ၏ ဂုဏ်သိက္ခာကို အများအမြင်၌ ထိခိုက်ကျဆင်းစေသည်။

NLD အပေါ် ဘက်လိုက်သည်ဟူ၍ အတိုက်အခံပါတီများကြား ဝေဖန်မှုများ ထွက်ပေါ်စေခဲ့သည့် UEC ၏ အခြားသော ဆုံးဖြတ်ချက်များတွင် ကိုဗစ် ၁၉ ဖြစ်ပွားစဉ်အတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်း၊ နိုင်ငံ၏ အချို့သောနေရာများ၌ ရွေးကောက်ပွဲများရွှေ့ဆိုင်းခြင်း၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) အား အချိန်နောက်ကျပြီးမှ ဖျက်သိမ်းခြင်းတို့လည်း အပါအဝင်ဖြစ်ပါသည်။ ANFREL က အဆိုပါကိစ္စရပ်များကို သုံးသပ်စစ်ဆေးကြည့်သောအခါ အချို့သောစွဲချက်များမှာ တိုက်ဆိုင်နေသည်ကိုတွေ့ရသည့်အတွက် ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် အမှန်တကယ်ပင် ပြိုင်ဖက်ပါတီများအပေါ် အသာစီးရခဲ့ဟန်တူပါသည်။

သို့သော်လည်း ANFREL အနေဖြင့် ယုံကြည်သည်မှာ ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းအပေါ် ဝေဖန်မှုများ ဖြစ်ပေါ်လာရခြင်းမှာ ၎င်းအနေဖြင့် ဆုံးဖြတ်ချက်များပြုလုပ်ရာ၌ ဆွေးနွေးတိုင်ပင်မှု မရှိခြင်းကြောင့်ဖြစ်သည်။ UEC က ပုံမှန်သတင်းစာရှင်းလင်းပွဲများကျင်းပပြီး နိုင်ငံပိုင်နှင့်လူကြည့်များသော သတင်းမီဒီယာများမှ ကြေညာချက်များ ထုတ်ပြန်လေ့ရှိသော်လည်း ယင်းဆုံးဖြတ်ချက်များကို မည်သို့ချမှတ်ခဲ့ရပုံ၊ မည်သည့်အကြောင်းကြောင့် ချမှတ်ခဲ့ရပုံတို့နှင့်စပ်လျဉ်း၍ အနည်းအကျဉ်းမျှသာသိရသည်။ ယင်းနှင့်ပတ်သက်၍ လုံခြုံရေးအကြောင်းပြချက်ကြောင့် ရွေးကောက်ပွဲများရွှေ့ဆိုင်းခဲ့ရခြင်းမှာ အကောင်းဆုံးသော သာဓကတစ်ခုဖြစ်သည်။ ဤတွင် UEC ၏ဆုံးဖြတ်ချက်မှာ တသမတ်တည်းမဖြစ်ရုံသာမက ကြေညာချက်များမထုတ်ပြန်မီ ဆက်စပ်ပတ်သက်သည့် ဒေသခံအဖွဲ့အစည်းများနှင့်လည်း တိုင်ပင်ဆွေးနွေးရန် ပျက်ကွက်ခဲ့သည်။

ANFREL က အင်တာဗျူးခဲ့သည့် များစွာသောအရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ထင်မြင်ချက်အရ လက်ရှိရွေးကောက်ပွဲကော်မရှင်သည် ယခင်ရွေးကောက်ပွဲကော်မရှင်ထက်စာလျှင် အဆက်အသွယ်ပြုလုပ်ရန်၊ သတင်းအချက်အလက်များရယူရန် ပိုမိုခက်ခဲသည်ဟုဆိုကြသည်။ ကမ္ဘာအဝှမ်းရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်အပေါ် အများယုံကြည်မှု မြင့်မားလာစေဖို့ရာ ၎င်းတို့၏ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှုရှိသည်ထက်ရှိစေရန် ကြိုးစားဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။ UEC အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဒေတာအချက်အလက်များကို အများကြည့်ရှုနိုင်ရန် ပိုမိုဖွင့်ပေးခြင်း၊ ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးမှုများ ပုံမှန်ပြုလုပ်ခြင်း (သို့မဟုတ်) ပိုမိုပြီးပြည့်စုံပြီး အများသဘောတူညီမည့်မူဝါဒများ အကောင်အထည်ဖော်နိုင်ရန် ဆက်ဆံရေးအစီအမံများ ထားရှိခြင်းတို့ကို စဉ်းစားနိုင်ပါသည်။ နိဂုံးချုပ်ဆိုရသော် UEC အနေဖြင့် ရှင်းလင်းတိကျပြီး အချိန်နှင့်တပြေးညီ ဆက်သွယ်မှုများပြုလုပ်ခြင်းဖြင့် ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်နေသူများသည်လည်း သတင်းအချက်အလက်များရရှိပြီး ကော်မရှင်၏ ဆုံးဖြတ်ချက်များအပေါ် ပိုမို၍ ထောက်ခံမှုရှိလာအောင် ဆောင်ရွက်ရန် ကျွန်ုပ်တို့ တိုက်တွန်းလိုပါသည်။

# မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့်ရွေးကောက်ပွဲလေ့လာခြင်း

---

## *ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) ၏ မဲဆန္ဒရှင်အသိပညာပေးခြင်းအစီအစဉ်များ*

ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်တွင် နိုင်ငံသားများနှင့်မဲဆန္ဒရှင်များအား အသိပညာပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ တစုံတရာပြောကြားထားခြင်းမရှိပေ။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများတွင် မဲဆန္ဒရှင်စာရင်းပြုစုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖော်ပြပေးထားသော်လည်း မဲဆန္ဒရှင်အသိပညာပေးရေးကိစ္စကိုဆောင်ရွက်ရန် UEC ကို အတိအလင်းအာဏာအပ်နှင်းထားခြင်းမရှိပေ။ UEC မဟာဗျူဟာ စီမံကိန်း ၂၀၁၉-၂၀၂၂[107] (မဟာဗျူဟာ ပဥ္စမမဏ္ဍိုင်) တွင် နိုင်ငံသားများနှင့်မဲဆန္ဒရှင်များအား အသိပညာပေးရေးကို ချဲ့ထွင်ဆောင်ရွက်ရန် ပြောထားသော်လည်း COVID-19 ကပ်ရောဂါကြောင့် ယင်းကြိုးပမ်းမှုများမှာ အားနည်းသွားခဲ့သည်။

ကပ်ရောဂါကြောင့် UEC အနေဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုအပါအဝင် လူသုံးများသည့်မီဒီယာများအပြင် Bill board ကြော်ငြာများ၊ SMS မတ်ဆေ့ချ်များနှင့် လူမှုကွန်ရက်များမှတစ်ဆင့်သာ နိုင်ငံသားနှင့်မဲဆန္ဒရှင် အသိပညာပေးရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့သည်။ မဲပေးသည့်လုပ်ငန်းစဉ်များနှင့် COVID-19 လမ်းညွှန်ချက်များအကြောင်း ရှင်းလင်းတင်ပြထားသည့် Infographic များ၊ ဗီဒီယိုများကို UEC က ၎င်း၏ ဖေ့စ်ဘုတ်ပေ့ချ်တွင်တင်၍ မဲဆန္ဒရှင်များအတွက် သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးခဲ့ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိအမည်ကို မဲစာရင်းတွင် မည်သို့စစ်ဆေးနိုင်သည်၊ ထုတ်ပြန်ကြေညာချက်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ အစရှိသည့် မဲဆန္ဒရှင်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကိုလည်း ဖြန့်ဖြူးပေးခဲ့ပါသည်။ နှစ်နှစ်ကျော်ကြာ အသုံးမပြုသည့် ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာကို ပြန်လည်အသုံးပြုလာခဲ့ရာ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် follower ၉၇၀,၀၀၀ ကျော် ရရှိလာခဲ့သည်[108]။

ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မဲဆန္ဒရှင်များ ပါဝင်လာစေရေးအတွက်လည်း မြန်မာဘာသာဖြင့် တေးသီချင်းမြောက်မြားစွာကိုလည်း UEC က ထုတ်လုပ်ပေးခဲ့ပါသေးသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တိုင်းရင်းသားရိုးရာဝတ်စုံများဖြင့် ရိုက်ကူးထားသည့် တေးသရုပ်ဖော်များကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ထုတ်ဝေပေးခဲ့ပြီး UEC ၏ ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင်လည်း လွှင့်တင်ပေးခဲ့ပါသည်။ မဲဆန္ဒရှင်ပညာပေးရန်နှင့် အသိပညာတိုးပွားရန်ရည်ရွယ်၍ International IDEA နှင့်ပူးပေါင်းပြီး ပညာပေးဖျော်ဖြေရေး အချစ်ဇာတ်လမ်းတစ်ပုဒ်ရိုက်ကူးကာ MRTV နှင့်ဖေ့စ်ဘုတ်တို့မှ ထုတ်လွှင့်ပေးခဲ့ပါသည်။ အစိုးရသတင်းမီဒီယာများကသာမက ပုဂ္ဂလိကသတင်းရုပ်သံလိုင်းများမှလည်း ရွေးကောက်ပွဲအတွက် သီးသန့်ရည်ရွယ်သည့် အစီအစဉ်များ ထုတ်လွှင့်ခဲ့ကြပါသည်။

မဲဆန္ဒရှင်များ အချက်အလက်လုံလောက်စွာဖြင့် ဆုံးဖြတ်ချက်များပြုလုပ်နိုင်ရန် အာရှဖောင်ဒေးရှင်း၊ International IDEA၊ အီးယူအထောက်အပံ့ခံ STEP Democracy project တို့၏ အကူအညီဖြင့် ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆိုင်ရာ သတင်းအချက်အလက်များပါဝင်သော mVoter 2020 မိုဘိုင်း

---

107 https://merin.org.mm/sites/merin.org.mm/files/publication/07032019_uec_national_strategic_plan_2019_2022_english_version.pdf

108 https://www.facebook.com/uecmyanmar

အက်ပလီကေးရှင်းတစ်ခုကိုလည်း မိတ်ဆက်ပေးခဲ့ပါသည်[109]။ ယင်းအက်ပလီကေးရှင်းကို ဝက်ဘ်ဆိုဒ်ပုံစံဖြင့်လည်း ပြုလုပ်ပေးထားပြီး ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒပြုသည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လူမေးအများဆုံး မေးခွန်းများထည့်သွင်းပေးထားပါသည်။ International IDEA ၏ အဆိုအရ အက်ပလီကေးရှင်းတွင် UEC စုဆောင်းထိန်းချုပ်သော တရားဝင်ဒေတာများ ပါဝင်သည်ဟု သိရပါသည်[110]။ သို့သော်လည်း အက်ပလီကေးရှင်း မိတ်ဆက်ပြီးသည်နှင့်တပြိုင်နက် လူမျိုးရေးဘာသာရေး သွေးထိုးပေးသည်ဟူသော ပြင်းထန်သော ဝေဖန်ချက်များဖြင့်ရင်ဆိုင်ခဲ့ရသည်။ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များကိုဖော်ပြရာ၌ "လူမျိုး" ၊ "ဘာသာ" နှင့် "မိဘများ၏လူမျိုး" ဟူသော အချက်အလက်များပါဝင်နေသည်ကို အမှန်တကယ်လည်း တွေ့ရပါသည်[111]။ အနည်းဆုံး ရိုဟင်ဂျာ ကိုယ်စားလှယ်လောင်းနှစ်ဦးကို ရိုဟင်ဂျာများအား အင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်အခြေချသူများဖြစ်ကြသည်ဟူ၍ ရည်ရွယ်သမုတ်သည့် "ဘင်္ဂလီ" (ရိုဟင်ဂျာများ လက်မခံသည့်အမည်) ဟု တံဆိပ်ကပ်ခြင်းအတွက်လည်း အဝေဖန်ခံရပြန်ပါသည်။ အဆိုပါ အက်ပလီကေးရှင်းတွင် ပါဝင်ဆောင်ရွက်မှုမှ International IDEA က နှုတ်ထွက်ခဲ့ပါသည်[112]။

UEC ၏ မီဒီယာမှတစ်ဆင့် ဆောင်ရွက်မှုများကိုတွေ့မြင်ရသော်လည်း ANFREL က အင်တာဗျူးခဲ့သည့် ဆက်စပ်ပတ်သက်သူများ၏ ပြောကြားချက်များအရ မဲဆန္ဒရှင်အသိပညာပေးသည့်အဆင့်မှာ အထူးသဖြင့် ကျေးလက်နေ မဲဆန္ဒရှင်များကြားတွင် နိမ့်ပါးလျက်ရှိနေသေးသည်ဟုသိရသည်။ အမှန်တကယ် ထိရောက်မည့် သတင်းစကားများမှာ အများအားဖြင့် အင်တာနက်မရသည့် ကျေးလက်လူထုထံသို့ မရောက်ရှိနိုင်ချေ။ မဲဆန္ဒရှင် အသိပညာပေးရေးလုပ်ငန်း အနည်းငယ်မျှကိုသာ UEC က မြေပြင်အထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့ရာ ဤသည်မှာ ကပ်ရောဂါကြောင့်ဖြစ်ပွားလာသည့် ခက်ခဲသောအခြေအနေကြောင့်လည်း တစိတ်တပိုင်း ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်မူ UEC ၏ မဲဆန္ဒရှင်အသိပညာပေးရေး ဆောင်ရွက်မှုများသည် လူနည်းစုတိုင်းရင်းသားနှင့် ဘာသာစကားအရလူနည်းစုများကို များစွာဂရုမထားသည်ကိုတွေ့ရသည်။ ပညာပေးအစီအစဉ်များတွင် တရားဝင်ရုံးသုံး မြန်မာဘာသာဖြင့်သာ အဓိက အသုံးပြုတင်ဆက်သည့်အတွက် နိုင်ငံ့လူဦးရေ၏ ကြီးစွာသော အစိတ်အပိုင်းများကို ပစ်ပယ်ထားသလိုဖြစ်နေသည်။ သာဓကအားဖြင့် ANFREL အင်တာဗျူးခဲ့သည့် ဆက်စပ်ပတ်သက်သူများ၏အဆိုအရ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရပ်ရွာပြည်သူများအတွက် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ပေးကြသူများမှာ တိုင်းရင်းသားနိုင်ငံရေးပါတီများဖြစ်ကြပြီး ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများ မဟုတ်ကြပေ။ ကိုးကန့်တိုင်းရင်းသားအများစုမှာ မြန်မာဘာသာစကား နားမလည်ကြသည့် အတွက် မဲပေးသည့်လုပ်ငန်းစဉ်ကို နားမလည်ကြဘဲ မဲဆန္ဒရှင်စာရင်းကို စစ်ဆေးရန်နှင့်ပြင်ဆင်ရန် လိုအပ်သည်ကိုလည်းမသိကြချေ။ အလားတူပင် ကရင်ပြည်နယ်တွင် ပအိုးဝ်၊ မွန် အစရှိသည့် တိုင်းရင်းသားများအတွက် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းကို PPP ကဲ့သို့သော နိုင်ငံရေးပါတီများက ပြုလုပ်ပေးခြင်းဖြစ်ပြီး အများစုမှာ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်လောင်း အတွက် ဆန္ဒမဲပေးနိုင်မှုကိုပင် သိရှိခြင်းမရှိပေ။

---

109 https://www.idea.int/news-media/news/statement-mvoter2020-myanmar

110 https://www.idea.int/news-media/news/statement-mvoter2020-myanmar

111 https://apnews.com/article/race-and-ethnicity-technology-religion-smartphones-myanmar-fa116850fa0c396508fc3bce475f4a6e

112 https://www.idea.int/news-media/news/statement-mvoter2020-myanmar

နိုင်ငံအဝှမ်းလုံးတွင် နိုင်ငံရေးပါတီများမှနေ၍ မဲဆန္ဒရှင်များကို ဆန္ဒမဲလက်မှတ်ပုံစံငယ်ကို အသုံးပြုပြီး မည်ကဲ့သို့ မဲပေးရန်နှင့် ၎င်းတို့၏ လိုဂိုအမှတ်အသားများကိုမှတ်မိစေရန် သင်ကြားပေးခဲ့ကြသည်။ ကိုယ်စားလှယ်လောင်းများနှင့် ဝန်းရံသူများသည် အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာ၌ အသိပညာပြည့်ဝစွာဖြင့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးဟူသော စေတနာသန့်သန့်ထက်စာလျှင် မိမိအကျိုးစီးပွားအတွက် ရည်ရွယ်၍ ဆောင်ရွက်ကြသည်မှာမှန်သော်လည်း မဲပေးရာ၌ ကောင်းမွန်မှန်ကန်စွာ ပြုလုပ်နိုင်စေရေးမှာလည်း အဓိက ကျသော ကိစ္စရပ်ဖြစ်ပါသည်။

***အရပ်ဘက်လူမှုအဖွဲ့ အစည်းများ (CSOs) ၏ မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်များ***

မဲဆန္ဒရှင်များအား အသိပညာပေးခြင်းကို အစီအစဉ်ပေါင်းစုံဖြင့်ဆောင်ရွက်ရာ၌ ဒေသခံ CSO များသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြဖူးပါသည်။ သို့သော်လည်း ပြည်သူ့ကျန်းမာရေး အခက်အခဲများကြောင့် များစွာသော CSO များသည် ကပ်ရောဂါဒဏ်ခံစားကြရသူများအတွက် လိုအပ်သော ဆေးဝါးအစားအစာနှင့် နေရာထိုင်ခင်းများ ဖြည့်ဆည်းပေးဖို့ရာအာရုံထားပြီး ၎င်းတို့၏အရင်းမြစ်များကို အသုံးပြုခဲ့ကြရာ မဲဆန္ဒရှင်အသိပညာပေးရေးလုပ်ငန်းများမှာ လစ်ဟာခဲ့ရသည်။ မဲဆန္ဒရှင်အသိပညာပေးနှင့် အသိပညာမြင့်မားရေးကိစ္စများကိုမူ CSO များအနေဖြင့် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြပြီး ယင်းဆောင်ရွက်မှုအများစုကိုလည်း အွန်လိုင်းကတဆင့်သာ ပြုလုပ်နိုင်ခဲ့ကြသည်။ အမျိုးသမီး၊ တိုင်းရင်းသားလူနည်းစု၊ ပထမဆုံးအကြိမ် မဲပေးမည့်သူ၊ မသန်စွမ်းသူများနှင့် အခြားသောဖယ်ချန်ထားခြင်းခံရသည့်အုပ်စုများကို အဓိကဦးစားပေးသော CSO များ၏ နိုင်ငံသားနှင့်မဲဆန္ဒရှင်အသိပညာရေး အစီအမံများမှာ ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများကြောင့် အားနည်းသွားခဲ့ရသည်။

COVID-19 မဖြစ်ပွားမီကာလများ၌ပင် CSO များအနေဖြင့် နိုင်ငံသားနှင့်မဲဆန္ဒရှင် အသိပညာရေး ဆောင်ရွက်ရာ၌ ဒေသန္တရအစိုးရများထံမှ ခွင့်ပြုချက် တောင်းခံကြရသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုပိုင်းတွင် အတားအဆီးများနှင့် တွေ့ကြုံရလေ့ရှိသည်ဟုကြားသိရသည်။ ခွင့်ပြုမိန့်တောင်းခံရာ၌ တရားဝင် သတ်မှတ်ပေးထားသည့် လုပ်ထုံးလုပ်နည်းမရှိခြင်း၊ အတည်ပြုချက်ပေးရန် မည်ရွေ့မည်မျှ ကြာမည်ဟူသော ရက်အကန့်အသတ်မရှိခြင်းတို့ကြောင့် ယင်းအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအစီအစဉ် ချမှတ်ရာတွင်နှင့် အကောင်အထည်ဖော်ရာတွင် အခက်အခဲရှိသည်။

ရွေးကောက်ပွဲမကျင်းပပြီး မြန်မာနိုင်ငံအဝှမ်းရှိ ဒေသခံ CSO များသည် လူအနည်းငယ်ဖြင့်သာ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရသည်။ အများစုမှာ အွန်လိုင်းအစည်းအဝေးများမှတဆင့် မဲဆန္ဒရှင်များနှင့်ထိတွေ့ခဲ့ကြသည်။ နိုင်ငံရေးပါတီများမှ ပြုလုပ်သည့် ပါတီအကျိုးစီးပွားအတွက် ရည်ရွယ်သော မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများနှင့် ဆန့်ကျင်စွာပင် CSO များ၏ မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများသည် ပြည်သူများ အချက်အလက်စုံလင်စွာ ရွေးချယ်မှုပြုလုပ်နိုင်စေရေးအတွက် ရည်ရွယ်ကာ နိုင်ငံသားအခွင့်အရေးနှင့် အသိပညာတိုးပွားရေးကို အသားပေးဆောင်ရွက်ကြသည်။

ယခင်မကြုံတွေ့ဖူးသည့် COVID-19 အခြေအနေမျိုး၌ပင်လျှင် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းကို မြင့်တင်ဆောင်ရွက်ရန် CSO များက တီထွင်ဖန်တီးမှုများ ပြုလုပ်လာခဲ့ကြသည်။ သာဓကအားဖြင့် New Myanmar Foundation (NMF) ၊ Myanmar Network Organization for Free and Fair Election (MYNFREL) ၊ ပဒေသာမိုးတို့မှ ပထမဆုံးအကြိမ် မဲပေးမည့်သူများ၊ စစ်ဘေးရှောင်ဒုက္ခသည်များ အစရှိသူတို့အတွက် အွန်လိုင်းဗီဒီယိုကွန်ဖရင့်များမှတဆင့် တွေ့ဆုံပွဲများပြုလုပ်ခဲ့ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် Women

LEAD အဖွဲ့သည် အမျိုးသမီးများအတွက် မဲဆန္ဒရှင်များနှင့်နိုင်ငံသား အသိပညာပေးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကို ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် ပို့ချပေးခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကမ္ဘောဇလူငယ် စာကြည့်တိုက်သည် ရပ်ရွာပြည်သူများထံသို့ စာအုပ်ငယ်များ ဝေငှပေးခဲ့သည်။ ယင်းစာအုပ်ငယ်များတွင် ဒီမိုကရေစီ၏အနှစ်သာရ၊ မဲပေးသည့်လုပ်ငန်းစဉ်၊ မဲဆန္ဒရှင်၏တာဝန်များ အစရှိသည်တို့ကို ထည့်သွင်းဖော်ပြထားသည်။

အခြားထင်ရှားသော မဲဆန္ဒရှင်အသိပညာပေး လှုပ်ရှားမှုများတွင် MYNFREL ၏ "မဲစာရင်းကြည့်ကြပါစို့" နှင့် "မဲသွားပေးရအောင်" လှုပ်ရှားမှုများလည်း အပါအဝင်ဖြစ်သည်။ ဤလှုပ်ရှားမှုတွင် ၎င်းတို့ကိုယ်တိုင် ကျေးရွာများသို့ သွားရောက်ကာ အသံချဲ့စက်များဖြင့် အများပြည်သူသိရှိစေရန် ကြေညာခြင်း၊ အများပြည်သူ သွားလာသည့် နေရာများတွင် ပိုစတာများကပ်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ လူငယ်ရေးရာကိစ္စများ အဓိကဆောင်ရွက်သည့် ဒေါင်းတို့မျိုးဆက်မှလည်း လူအုပ်စုအနည်းငယ်ဖြင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဤတွင် ကျေးရွာများအတွင်းမှ လူအနည်းငယ်ဖြင့်ဝိုင်းဖွဲ့၍ ၎င်းတို့အား မဲပေးသည့် လုပ်ငန်းစဉ်များကို သင်ကြားပြသပေးပါသည်။

ANFREL ကလည်း ၂၀၂၀ ရွေးကောက်ပွဲ နီးကပ်လာသည့်အချိန်တွင် မဲဆန္ဒရှင်အသိပညာပေး လှုပ်ရှားမှု တစိတ်တဒေသအဖြစ် "မဲပေးကြမယ် Go Vote" အမည်ဖြင့် ဖေ့စ်ဘုတ်စာမျက်နှာတစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။ ပြည်သူများ၏ နိုင်ငံရေးအခြေခံအသိပညာတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ဒစ်ဂျစ်တယ် ပညာပေး အကြောင်းအရာများကို ဘာသာစကားပေါင်းစုံဖြင့် ထုတ်ဝေခဲ့ရာ စတင်ဖွင့်လှစ်ချိန်မှစ၍ follower ၂,၅၀၀ ခန့် ရရှိခဲ့ပါသည်။

### *ရွေးကောက်ပွဲလေ့လာရေး*

ပြည်တွင်းပြည်ပ အရပ်ဘက်အဖွဲ့အစည်းများ၊ သံတမန်အသိုင်းအဝိုင်းနှင့် အခြားသောအစိုးရအဖွဲ့များမှ ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကိုလေ့လာခြင်း လုပ်ငန်းအပါအဝင် အခြားသောအစီအစဉ်များမှတဆင့် မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆက်လက်စောင့်ကြည့်ရင်း အကူအညီပေးလျက်ရှိပါသည်။

ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲလေ့လာရေးအတွက် လျှောက်ထားသော ပြည်တွင်းရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ၁၃ဖွဲ့ က လေ့လာသူပေါင်း ၇,၂၃၂ ဦးကို လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ရွေးကောက်ပွဲလေ့လာရေးအတွက် လျှောက်ထားသူ ၂၃ဖွဲ့က စောင့်ကြည့်လေ့လာသူ ၉၈၅ဦးကိုလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခဲ့ပါသည်။

ANFREL အပြင် Carter Center[113] ၊ the European Union[114] နှင့် ဂျပန်အစိုးရ[115] တို့က ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကိုလေ့လာမှုပြုရန် တတ်နိုင်သောအချိုးအစားအလိုက် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ စေလွှတ်ခဲ့ကြပါသည်။ UEC ကလည်း စုစုပေါင်း နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူ ၆၁ ဦး၊ သံတမန်လေ့လာသူ ၁၈၂ ဦးနှင့် ရွေးကောက်ပွဲအကူအညီပေးသူများထံမှ ၅၈ ဦး (IFES နှင့် International IDEA) တို့ကို ခွင့်ပြုပေးခဲ့ပါသည်။

113 https://www.irrawaddy.com/elections/carter-center-launches-election-monitoring-mission-myanmar.html
114 https://www.mmtimes.com/news/eu-sends-four-monitors-myanmar-polls.html
115 https://elevenmyanmar.com/news/japan-to-send-special-delegation-to-observe-2020-election

# ဘေးဖယ်ချန်ထားခြင်းခံရသောလူ့အဖွဲ့အစည်းများ၏ပါဝင်မှု

*အမျိုးသမီးများ၏ပါဝင်နိုင်မှု*

၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃ - ၂၀၂၂) က "လူ့အဖွဲ့အစည်း၏အဆင့်အားလုံး၌ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အမျိုးသမီးတို့၏ တန်းတူညီမျှသောပါဝင်မှုကို သေချာစေရန် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် အလေ့အကျင့်များ" ကိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် တိုက်တွန်းထားပါသည်။ ဤရည်မှန်းချက်ပန်းတိုင်ကို ရရှိစေရန် "ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့ရှိ ဆုံးဖြတ်ချက်ချမှတ်ခြင်း၌ အမျိုးသမီးတို့၏ ပါဝင်မှုကိုသေချာစေရန်" ဝေပုံကျနှုန်းထားစနစ်ကို အသုံးပြုခြင်းရန်ပါဝင်ပါသည်။ သို့ရာတွင် ယင်းမဟာဗျူဟာသည် စည်းနှောင်မှုမရှိသောကတိကဝတ်တစ်ရပ်ဖြစ်ခြင်းကြောင့် ၂၀၁၁ - ၂၀၁၅ ခုနှစ်အထိ တာဝန်ယူခဲ့သော အစိုးရအနေဖြင့် ကျား၊ မရေးရာတန်းတူညီမျှစွာပါဝင်နိုင်မှုကို တိုးတက်လာစေရန် အနည်းငယ်မျှသော လက်တွေ့ကျသည့် ဆောင်ရွက်မှုကိုသာပြုလုပ်ခဲ့ပါသည်[116]။ သို့ရာတွင် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတွင် အမျိုးသမီး ရွေးကောက်ခံကိုယ်စားလှယ် (၃.၈) ရာခိုင်နှုန်းမျှသာရှိခဲ့သည်နှင့်နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးရွေးကောက်ခံအမတ် (၁၂.၇) ရာခိုင်နှုန်းအထိ ရှိလာသည့်အတွက်ကြောင့် အမျိုးသမီးတို့၏ကိုယ်စားပြုမှုကို မြင့်တက်လာစေသည့် ပိုမိုကောင်းမွန်သော အလှည့်အပြောင်းတစ်ရပ်ကို ဖြစ်ပေါ်လာစေခဲ့ပါသည်။

၂၀၂၀ ရွေးကောက်ပွဲအတွက်မူ International IDEA[117] ၏အဆိုအရ ကိုယ်စားလှယ်လောင်းစုစုပေါင်း အရေအတွက် (၅၆၄၁) ဦး၏ ၁၆ ရာခိုင်နှုန်းကိုကိုယ်စားပြုသည့် အမျိုးသမီးကိုယ်စားလှယ်လောင်းပေါင်း (၉၀၂) ဦးရှိခဲ့ပါသည်။ ထို့ကြောင့် အမျိုးသမီးကိုယ်စားလှယ်လောင်း (၈၀၀) အောက် ပိုမိုနည်းသော ၂၀၁၅ ရွေးကောက် ပွဲထက် ကိုယ်စားလှယ်လောင်းဦးရေ ပိုမိုမြင့်မားလာပါသည်။ ခန့်မှန်းခြေအားဖြင့် မဲဆန္ဒရှင် (၃၈) သန်းထဲမှ ၁၉ သန်းမှာ အမျိုးသမီးမဲဆန္ဒရှင်များဖြစ်ပါသည်[118]။

မြန်မာနိုင်ငံတွင် နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများပါဝင်ရေးအတွက် ဥပဒေပိုင်းဆိုင်ရာအဟန့်အတားများ မရှိသော်လည်း အမျိုးသမီးများအား ထုံးတမ်းစဉ်လာများကိုလိုက်နာရန် တွန်းအားပေးနေသည့် လူမှုရေးဆိုင်ရာ နှုန်းစံများရှိနေဆဲပင်ဖြစ်သည်။ ANFREL ၏ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများက အင်တာဗျူး မေးမြန်းထားသည့် အဓိက သတင်းအချက်အလက်ပေးသူများက နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် မဟာဗျူဟာများမရှိကြောင်း ၎င်း၏အမြင်ကိုဖွင့်ဟခဲ့သည်။ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာ ဆန်းစစ်သုံးသပ်သူများက အင်တာဗျူးမေးမြန်းထားသည့် အမျိုးသမီးကိုယ်စားလှယ်လောင်းအချို့က အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် ခွဲခြားဆက်ဆံမှုများရှိနေဆဲပင်ဖြစ်ပြီး ယင်းအချက်က အမျိုးသား

---

116 https://asiafoundation.org/wp-content/uploads/2016/05/Gender_in_Equality_in-the-Governance-of-Myanmar_ENG.pdf

117 http://stepdemocracy.eu/uploads/publications/election-sataglance-(A4).pdf?fbclid=IwAR0IcqQKUiCMq5QmO1j-_4kux7vjS5rrJIj7V94iAYBM6cv-QYEXRs_YBJg

118 http://stepdemocracy.eu/uploads/publications/election-sataglance-(A4).pdf?fbclid=IwAR0IcqQKUiCMq5QmO1j-_4kux7vjS5rrJIj7V94iAYBM6cv-QYEXRs_YBJg



*ကချင်ပြည်နယ်ရှိ အမျိုးသမီးမဲဆန္ဒရှင်များက ကြိုတင်မဲပေးခြင်းဖြစ်စဉ်တွင် မဲစာရင်းစစ်ဆေးနေပုံ*

နိုင်ငံရေးသမားများအပေါ် မဲဆန္ဒရှင်တို့က ပိုမိုအလေးပေးကြကြောင်း သက်သေသာဓကတစ်ခုဖြစ်သည်။ အမျိုးသမီးနိုင်ငံရေးသမားများအနေဖြင့် အရေးပေါ်အခြေအနေများ (သို့မဟုတ်) လူထုရေးရာကိစ္စရပ်များကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် ညအချိန်တွင် အပြင်မထွက်နိုင်ကြသည့်အပြင် ဇနီးမယား (သို့မဟုတ်) အမေဟူသည့် တာဝန်ဝတ္တရားများထက်စာလျှင် နိုင်ငံရေးရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြသည့်အတွက် အမျိုးသမီးများ အနေဖြင့် ဝေဖန်မှုများကိုခံကြရပါသည်။

အမျိုးသမီးများ၏စွမ်းဆောင်ရည်ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် အရေးဆိုတင်ပြနေသည့် ပဲခူးမြို့ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများက အမျိုးသမီးများကို စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ကျား၊ မရေးရာတန်းတူ ညီမျှမှုရရှိရန် ကနဦးဆောင်ရွက်ချက်များအတွက် အဖွဲ့အစည်းဆိုင်ရာပံ့ပိုးမှု ကင်းမဲ့လျက်ရှိကြောင်းကို မှတ်ချက် ပြုထားပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်မှဖြေကြားသူများက သတင်းအချက်အလက်အများဆုံးရရှိသည့် မဲဆန္ဒရှင်များက ပိုမိုနည်းပါးသည့်သတင်းအချက်အလက်များကိုသာရရှိသည့်လူ့အဖွဲ့အစည်းများထက်နှိုင်းစာလျှင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား လက်ကမ်းကြိုဆိုကြကြောင်း ဖော်ပြခဲ့ပါသည်။ ထို့အပြင် လုံခြုံရေးသည်လည်း အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် အဓိကကျသည့် အခြားစိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် ဖေ့စ်ဘုတ်ကဲ့သို့သော လူမှုမီဒီယာပလက်ဖောင်းများပေါ်က သတင်းတုများ၏ လှုံ့ဆော်မှုဖြင့် ရုပ်ပိုင်းနှင့်နှုတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတို့က အမှန်တကယ်ပင်ဖြစ်ပျက်လျက်ရှိပါသည်။

တိုင်းရင်းသားဖြစ်မှုကလည်း ၎င်းတို့၏နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုများကို ဘေးဖယ်ချန်ထားစေရန် သက်ရောက်မှုရှိပြီး အထူးသဖြင့် ပိုမိုဖယ်ချန်ထားခြင်းခံရသည့်တိုင်းရင်းသားလူ့အဖွဲ့အစည်းများအတွက် သက် ရောက်မှုရှိပါသည်။ ANFREL ကမေးမြန်းခဲ့သည့် နိုင်ငံရေးပါတီတစ်ခု၏ မဲဆွယ်စည်းရုံးရေးမန်နေဂျာဖြစ်သူ အစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ဦးက မှျဝေသည်မှာ အစ္စလာမ်ဘာသာက အမျိုးသမီးများအား ပြည်သူ့ရေးရာ

ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းကို ကန့်သတ်ထားခြင်းမရှိသည့်အချက်ကို သက်သေပြနိုင်ရန်အတွက် အစ္စလာမ်ဘာသာဝင်အမျိုးသမီးများအနေဖြင့် နိုင်ငံရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် အရေးကြီးလှကြောင်း ပြောဆိုထားပါသည်။

သို့သော် အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် ခွဲခြားဆက်ဆံခြင်းက အမျိုးသားများထံကသာ လာခြင်းမဟုတ်ပေ။ ANFREL ကမေးမြန်းခဲ့သည့် အမျိုးသမီးမဲဆန္ဒရှင်တစ်ဦးက အမျိုးသမီးများသည် စိတ်နှလုံးပျော့ပြောင်းသောကြောင့် နိုင်ငံရေးသမားကောင်းများဖြစ်လာလိမ့်မည်မဟုတ်ကြောင်း မျှဝေထားပါသည်။ ထို့အတူပင် မန္တလေးတိုင်းမှ အစ္စလာမ်ဘာသာဝင်အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦးက သူမအနေဖြင့် ၎င်းတို့ပါတီကိုဝန်းရံသူများထံကပင် ခွဲခြားဆက်ဆံမှုကို ကြုံတွေ့နေရကြောင်း မျှဝေခဲ့သည်။

### *တိုင်းရင်းသားလူနည်းစုများ၏ ပါဝင်နိုင်မှု*

အဓိကသတင်းအချက်အလက်ပေးသူများ၏မျှဝေပြောကြားချက်အရ ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်တိုင်းရင်းသားလူနည်းစုများ၏ပါဝင်မှုကို တိုင်းရင်းသားလူ့အဖွဲ့အစည်းက ပါဝင်လာအောင် ဆောင်ရွက်ခြင်းနှင့်နှိုင်းယှဉ်ပါက ခက်ခဲလှကြောင်းသိရပါသည်။ ပဲခူးတိုင်းတွင် ယာယီနိုင်ငံသား စိစစ်ရေးကဒ်ရရှိထားသည့် အစ္စလာမ်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်မဲဆန္ဒရှင်အချို့သည် မှတ်ပုံတင်ရရှိရေးလုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ကြရသည်။

ANFREL ၏လေ့လာသူတစ်ဦးက မေးမြန်းထားသည့် ရခိုင်ပြည်နယ်တောင်ပိုင်းမှ အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ်လောင်းတစ်ဦး၏အဆိုအရ ၂၀၂၀ ခုနှစ်တွင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းထံသို့ ၎င်း၏ကိုယ်စားလှယ်လောင်းလျှောက်လွှာကို တင်သွင်းသည့်အခါတွင် နိုင်ငံသားဖြစ်မှုအခြေအနေကို စိစစ်အတည်ပြုရန်အတွက် ၎င်းနှင့်၎င်းမိဘများ၏နိုင်ငံသားစိစစ်ရေးကဒ်ကို မှန်ကန်ကြောင်းစစ်ဆေးမှုလုပ်ငန်းစဉ်မှာ လူနည်းစုမဟုတ်သည့်ကိုယ်စားလှယ်လောင်းများကို စစ်ဆေးသည်ထက် ပို၍ကြာခဲ့ကြောင်းကို မှတ်ချက်ပြုထားပါသည်။

မွန်ပြည်နယ်တွင် ANFREL ၏ရွေးကောက်ပွဲလေ့လာသူများက အစ္စလာမ်ဘာသာဝင် မဲဆန္ဒရှင်များကို မေးမြန်းရာတွင် ကိုယ်စားပြုမှုသိပ်မရှိသည့်လူနည်းစုများအနေဖြင့် အွန်လိုင်းကတိုက်ခိုက်ခံရမှုများနှင့် နိုင့်ထက်စီးနင်းပြုမှုတို့ကို ခံစားကြရသည့်အပြင် “ဘာသာရေးနှင့်တိုင်းရင်းသားဖြစ်မှုတို့က တရားဝင်ကိုယ်စားလှယ်လောင်းဖြစ်ရေးဟူသည့်လမ်းကြောင်းတွင် တည်ရှိလျက်ရှိသည်” ဟူ၍ မှတ်ချက်ပြုခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံရေးပါတီဝင်တစ်ဦး၏အဆိုအရ ရိုဟင်ဂျာကိုယ်စားလှယ်လောင်းများကို ခွဲခြားဆက်ဆံမှုများရှိနေပြီး ၎င်းတို့မိဘများ၏နောက်ကြောင်းကို ပြန်လည်စုံစမ်းကာ နိုင်ငံသားဖြစ်မှုအခြေအနေ မရှိဟူသောစွပ်စွဲချက်ဖြင့် ၎င်း၏လူမျိုးဆိုင်ရာဖြစ်တည်မှုကြောင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းက ဖျက်သိမ်းခြင်းခံရကြောင်း သိရှိရသည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၉) ခုတွင် ရွေးကောက်ပွဲဖျက်သိမ်းခြင်းသည့် တိုင်းရင်းသားလူ့အဖွဲ့အစည်းများအပေါ် ခွဲခြားဆက်ဆံမှုပုံစံတစ်မျိုးပင်ဖြစ်ကြောင်း ၎င်း၏ထင်မြင်ချက်ကို ဖွင့်ဟ ခဲ့သည်။

ဧရာဝတီတိုင်းတွင် ANFREL ကမေးမြန်းခဲ့သည့်ကိုယ်စားလှယ်လောင်းများက ကရင်တိုင်းရင်းသားများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏အခွင့်အရေးများကို မြှင့်တင်ပေးလိမ့်မည်ဟု မျှော်မှန်းခဲ့ကြသော်လည်း ၎င်းတို့အနေဖြင့် ဖယ်ချန်ထားခြင်းခံနေရဆဲပင်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သို့ရာတွင် ၎င်းတို့အနေဖြင့် တိုးတက်မှုတစ်စုံတစ်ရာကိုမတွေ့ခဲ့ရသည့်အပြင် မြန်မာနိုင်ငံတွင် ၎င်းတို့၏အသံများကို ထုတ်ဖော်ပြောကြားခွင့်မရှိသူများအဖြစ် ခံစားလာကြရသည်။ ပုံစံ (၁၅-က) ကိုဖြည့်ထားပြီးဖြစ်သည့် ကရင်လူမျိုးများအနေဖြင့်

မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှုမရသည့်ဖြစ်ရပ်များကို ၎င်းတို့အနေဖြင့် မှတ်တမ်းတင်ထားကြသည်။ ကရင်ပြည်သူ့ပါတီ (KPP) အနေဖြင့် ၎င်းတို့၏ပြည်နယ်ထဲတွင် အကြမ်းဖက်မှု (သို့မဟုတ်) လုံခြုံရေးဆိုင်ရာကိစ္စရပ်များမရှိသော်လည်း ရွေးကောက်ပွဲမကျင်းပသည့်ကိစ္စရပ်အပေါ် ကျေနပ်မှုအားရမှုမရှိကြောင်း သိရသည်။

### *လိင်စိတ်/လိင်ဝိသေသလက္ခဏာခံယူဖော်ပြမှုကွဲပြားသူများ(LGBTQs) ၏ပါဝင်နိုင်မှု*

မြန်မာနိုင်ငံ၏ပထမဆုံးလိင်တူချစ်သူကိုယ်စားလှယ်လောင်း မျိုးမင်းထွန်းက မန္တလေးတိုင်းရှိ အောင်မြေသာဇံမြို့နယ်တွင် တိုင်းဒေသကြီးလွှတ်တော်အမတ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းမြို့နယ်သည် ဆန်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်နေထိုင်သူ အမျိုးသမီးများနှင့် အခြားသော LGBT များကို ရဲများ၏ မှားယွင်းစွာဖမ်းဆီးမှု၊ ရိုက်နှက်မှုနှင့် အလွဲသုံးစားပြုမှုတို့နှင့်စပ်လျဉ်း၍ မကျေနပ်မှုများကြာရှည်စွာရှိနေသည်။ ၎င်းကဆိုသည်မှာ "LGBT များ၏ အခွင့်အရေးများကင်းမဲ့လျက်ရှိခြင်း၊ ရဲအရာရှိတို့နှင့်၎င်းတို့ကြားက ပြဿနာရပ်များနှင့် ရဲအရာရှိတို့၏ တရားဥပဒေမဲ့စွာ LGBT များကို ဖမ်းဆီးခြင်းများကို LGBT များကသာ သဘောပေါက်နားလည်ကြသည်။ ၎င်းမှာလည်း ထိုထဲမှတစ်ဦးဖြစ်၍ LGBTများကို နားလည်လက်ခံသည်[119]" ဟူ၍ဖြစ်သည်။ မျိုးမင်းထွန်းသည် လူငယ်များအပေါ်ဦးစားပေးပြီး၊ ကျား၊ မရေးရာခွဲခြား ဆက်ဆံမှုကို အလေးထားကိုင်တွယ်မည့် ပြည်သူ့ရှေ့ဆောင်ပါတီ(PPP) က ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

### *ရွေးကောက်ပွဲဖြစ်စဉ်တွင် မသန်စွမ်းသူများ ပါဝင်နိုင်မှု*

၂၀၁၅ ခုနှစ်တွင် လွှတ်တော်အနေဖြင့် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် မသန်စွမ်းသူများ ရွေးကောက်ပွဲ ဖြစ်စဉ်တွင် ပါဝင်နိုင်သည့် အခွင့်အရေးများကိုမြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်အရ မသန်စွမ်းသူမဲဆန္ဒရှင်ပေါင်း (၈၀၀၀၀) ခန့်ရှိပါသည်[120]။

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) က မသန်စွမ်းသူများနှင့် ဖယ်ချန်ထားခြင်းခံရသည့်အုပ်စုများအတွက် နိုင်ငံသားအသိပညာပေးခြင်းကို အစပျိုး ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် မဲရုံများကို လူတိုင်း အလွယ်တကူ လက်လှမ်းမီသွားလာနိုင်သည့်နေရာများအဖြစ် အကောင်အထည်ဖော်ရန် နည်းပညာဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုတို့ကို ဖော်ဆောင်ခဲ့သည်။ မသန်စွမ်းသူများ အားလုံးလက်လှမ်းမီရယူသုံးစွဲနိုင်ရေး အစီအမံများတွင် ဘီးချဲအသုံးပြုသူများအတွက် ဆင်ခြေလျှောလမ်းများပြင်ဆင်ခြင်း၊ မျက်မမြင်လက်စမ်းစာဖြင့် မဲပေးနိုင်ရန်စီစဉ်ခြင်းနှင့် လက်သင်္ကေတ ဘာသာပြန်ဆိုမှုတို့ကို ထားရှိပေးထားခြင်းတို့ပါဝင်သည်။ သို့သော် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံများ၏ အားလုံးလက်လှမ်းမီ ရယူသုံးစွဲနိုင်မှုအား စစ်ဆေးမှုခြင်း ရှိမရှိကိုမူ မရှင်းလင်းပေ။

---

[119] https://myanmar-now.org/en/news/myanmars-first-openly-gay-mp-candidate-vows-to-stand-up-to-police-abuse-of-lgbt-people

[120] https://soundcloud.com/myanmar_radio/taawpisis25n

အားလုံးလက်လှမ်းမီသွားလာနိုင်သည့် မဲရုံများအကောင်အထည်ဖော်ရန် မဲရုံများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီများထားရှိသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အကောင်အထည်ဖော်မှုကမူ မညီညာပေ။ ANFREL အနေဖြင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ ကြိုတင်မဲပေးမှုကို လေ့လာရာတွင် မဲရုံအများစု၌ ဝှီးချဲလ်အသုံးပြုသူများအတွက် အသုံးပြုရမလွယ်ကူကြောင်း တွေ့ရှိမှတ်သားခဲ့ရသည်။ မဲရုံများတွင် မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် အကူအညီများမှာ လိုအပ်မှသာ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဖြစ်ရပ်တစ်ခုချင်းစီအပေါ်အခြေခံ၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

### *ပဋိပက္ခနှင့် ကိုဗစ်-၁၉ ရောဂါတို့ကြောင့် အဟန့်အတားဖြစ်ခဲ့ရသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ရွေးကောက်ပွဲတွင်ပါဝင်နိုင်မှု*

ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြဌာန်းလိုက်သည့် ပိတ်ဆို့မှုများနှင့်စပ်လျဉ်း၍ အထိခိုက်ခံရမှု အများဆုံးဖြစ်ပုံရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နယ်စပ်များတွင် သောင်တင်နေသော ပြည်တွင်းနေရပ်စွန့်ခွာသူများကို မဲပေးရန်ခွင့်ပြုထားသည့်တိုင် အများစုမှာ ပထမအကြိမ်နှင့် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းတို့ကို မစစ်ဆေးနိုင်ကြပေ။

ကချင်ပြည်နယ်တွင် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)နှင့် တပ်မတော်တို့ကြားရှိ ပဋိပက္ခကြောင့် ဒုက္ခသည်စခန်းပေါင်း (၁၃၆)[121] ခုခန့်ရှိသည်။ ယင်းစခန်းများထဲရှိ ပြည်တွင်းနေရပ်စွန့်ခွာသူ ၂၀,၀၀၀ ခန့်သည် မဲပေးခွင့်ရှိသူများဖြစ်သည်။ ANFREL ကမေးမြန်းခဲ့သည့် အဓိကသတင်းပေးသူတစ်ဦး၏အဆိုအရ ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် မဲပေးခြင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်မစုံမပို့လောက်ကိုသာ ရရှိခဲ့ကြသည်။ ပြည်တွင်းနေရပ်စွန့်ခွာသူများသည် လူဦးရေထူထပ်သည့်နေရာများတွင် နေထိုင်ကြပြီး ရေ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် မျက်နှာနှင့်နှာခေါင်းစည်း(Mask) ကဲ့သို့သော လိုအပ်သည့်ပစ္စည်းများကို ရရှိနိုင်မှုပိုမိုနည်းပါးကြသည်။ ရွေးကောက်ပွဲမတိုင်ခင်တွင် ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ရွေးကောက်ပွဲနေ့တွင် လူဦးရေထူထပ်မည်ကို စိုးရိမ်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် စခန်းများတွင် ရောဂါလွယ်ကူစွာပြန့်ပွားသွားမည်ကို ကြောက်ရွံ့ခဲ့ကြသည်။ ယင်းအချက်က နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများဆီသို့ ဝင်ရောက်ရန် မဖြစ်နိုင်သည့် အဓိကအကြောင်းရင်းများထဲမှ တစ်ခုလည်းဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနီးပါးက မဲဆန္ဒရှင် အသိပညာပေးရေးလုပ်ငန်းများကိုဆောင်ရွက်ရန် အခွင့်အရေးမရှိခဲ့ကြပေ။ အကြောင်းရင်းမှာ ၎င်းတို့ကိုခွင့်မပြုခဲ့ကြသောကြောင့်ဖြစ်သည်။ သို့သော်ငြားလည်း ပဒေသာမိုးကဲ့သို့အဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အွန်လိုင်းမှပေးခြင်းဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများထံသို့ သတင်းအချက်အလက်များ ရောက်ရှိအောင်ကြိုးစားခဲ့ကြသည်။

### *ရွေးကောက်ပွဲဆိုင်ရာလုပ်ရှားဆောင်ရွက်မှုများတွင် လူငယ်များပါဝင်ခြင်း*

လူငယ်မဲဆန္ဒရှင်များ၏ အရေးပါသည့်အခန်းကဏ္ဍကို အလေးထားရန် IFES က 2020 Youth Innovation Summit ကိုကျင်းပခဲ့ပြီး ယင်းညီလာခံ၌ လူငယ်ခေါင်းဆောင်များပါဝင်သည့် အဖွဲ့ (၇) ဖွဲ့က ပထမဆုံးအကြိမ် မဲပေးမည့်

---

[121] https://reliefweb.int/map/myanmar/myanmar-idp-sites-kachin-state-31-august-2020

မဲဆန္ဒရှင်များကို ရွေးကောက်ပွဲမတိုင်ခင်တွင် ချိတ်ဆက်ဆောင်ရွက်ရန်၊ စိတ်ဓါတ်ခွန်အားမြှင့်တင်ရန်နှင့် ပညာပေးရန် နည်းလမ်းအသစ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်[122]။

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် အားလုံးအကျုံးဝင်ပါဝင်မှုကိုမြှင့်တင်ရာတွင် လူငယ်များ၏ အရေးကြီးသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုထားပြီးဖြစ်သည်။ ဥပမာအားဖြင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) က လားရှိုးမြို့နယ်တွင် တစ်အိမ်တက်ဆင်းမဲဆွယ်စည်းရုံးမှုနှင့် စတစ်ကာများအသုံးပြု၍ မဲဆွယ်စည်းရုံးမှုတို့ဆောင်ရွက်ရန် ၎င်း၏ပါတီဝင်လူငယ်များကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ အလားတူပင် လူနည်းစုတိုင်းရင်းသားများနှင့်လူငယ်များကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီတစ်ခုမှ အဓိကသတင်းအချက်အလက်ပေးသူကတွေးဆသည်မှာ လူငယ်များက နိုင်ငံရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍတွင် ရှိသည်ဟူ၍ ဖြစ်ပြီး ၎င်းအနေဖြင့် ရွေးကောက်ပွဲအပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူငယ်များ ပိုမိုပါဝင်လာကြစေရန် မျှော်လင့်လျက်ရှိသည်။

ပဋိပက္ခဒေသများတွင် လူငယ်ပါဝင်မှုက အကန့်အသတ်ရှိသည်။ ရခိုင်ပြည်သူတစ်ဦး၏ ပြောကြားချက်အရ “လူငယ်များက ကြောက်ရွံ့နေပြီး ၎င်းတို့ထောက်ခံသည့်ပါတီအတွက် ဆန္ဒမထုတ်ဖော်ဝံ့ကြပေ။ ၎င်းတို့၏မိဘများကိုယ်တိုင်ကလည်း ကြောက်ရွံ့နေကြသည့်အတွက် ၎င်းတို့အနေဖြင့် ဤအကြောက်တရားကို မိဘများထံမှ လက်ဆင့်ကမ်းသယ်ယူခဲ့ခြင်းဖြစ်သည်။ အတိတ်တွင် နိုင်ငံရေးလုပ်ဆောင်သော လူငယ်များအနေဖြင့် ထောင်ထဲတွင်သာ အဆုံးသတ်ကြရသောကြောင့် လူငယ်တစ်ဦး နိုင်ငံရေးတွင်စိတ်ဝင်စားလာပါက မိဘများအနေဖြင့် လူငယ်များ နိုင်ငံရေးအပေါ်စိတ်ဝင်စားခြင်းကို ယနေ့ထိတိုင် တားမြစ်တတ်ကြသည် ဟုသိရသည်။ လူငယ်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ကိုယ်စားလှယ်လောင်းများက ဆွေးနွေးလေ့မရှိကြပေ။ နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးမှုများတွင် ဆွေးနွေးကြသည့်ခေါင်းစဉ်အများစုမှာ လုပ်ခလစာနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ်ကို ဦး တည်လေ့ရှိကြသည်။

---

[122] https://www.ifes.org/news/myanmar-youth-innovate-engage-first-time-voters

# သတင်းမီဒီယာ အခင်းအကျင်း

တက်ကြွလှုပ်ရှားမှုအားကောင်းသော သတင်းမီဒီယာအခင်းအကျင်းသည် လွတ်လပ်မျှတပြီး အားလုံးပါဝင်မှုရှိသော ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် လွန်စွာအရေးပါလှပါသည်။ မြန်မာနိုင်ငံရှိ သတင်းမီဒီယာများ အနေဖြင့်လည်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စိန်ခေါ်မှုများနှင့် ဆက်တိုက်ကြုံတွေ့ခဲ့ရသည့်တိုင် ၎င်းတို့တာဝန်ကို အကောင်းဆုံးဆောင်ရွက်ခဲ့ကြပါသည်။

ဂျာနယ်လစ်များအနေဖြင့် အစိုးရဌာနများ၊ နိုင်ငံရေးပါတီများ အစရှိသည့် သတင်းရင်းမြစ်များမှ သတင်းအချက်အလက်များ ရယူကြရာ၌ အခက်အခဲများ တွေ့ကြုံခဲ့ကြပါသည်။ သတင်းဝက်ဘ်ဆိုဒ်များစွာမှာ ရွေးကောက်ပွဲ မတိုင်မီ အပိတ်ခံခဲ့ရပါသည်။ ကိုရိုနာဗိုင်းရပ်အသစ်ပြန့်ပွားမှုကိုထိန်းချုပ်ရန် ပြုလုပ်ထားသည့် ကန့်သတ်ချက်များကြောင့် သတင်းမီဒီယာ၏ လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်မှုဖြစ်စေခဲ့ပါသည်။ အကဲဆတ်သော အရေးကိစ္စများကို တင်ဆက်နေကြရသည့် သတင်းမီဒီယာအဖွဲ့သားများအတွက် ဥပဒေအကြောင်းအရ တရားစွဲဆိုခံရနိုင်သည့် ဘေးအန္တရာယ်များအပြင် ဖော်ပြပါအခက်အခဲများကိုပါ ထပ်တိုးခံကြရသည်။

### *ဂျာနယ်လစ်များအား ဥပဒေဖြင့်အနှောက်အယှက်ပေးခြင်း*

ပါရီအခြေစိုက် သတင်းမီဒီယာအဖွဲ့အစည်းဖြစ်သော *Reporters Sans Frontières* (RSF - နယ်စည်းမခြား သတင်းထောက်များ) ကပြုစုသည့် သတင်းစာလွတ်လပ်ခွင့်အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် "ခက်ခဲသော အနေအထား" တွင် ရှိသည်ဟုဖော်ပြထားပြီး ၂၀၂၀ ခုနှစ်စစ်တမ်းပါ နိုင်ငံပေါင်း ၁၈၀ အနက် ၁၃၉ အဆင့် သတ်မှတ်ချက်ရရှိထားသည်။ မြန်မာနိုင်ငံ၏အဆင့်သတ်မှတ်ချက်မှာ ၂၀၁၈ ခုနှစ်ကတည်းကစ၍ တောက်လျှောက်ကျဆင်းလျက်ရှိရာ ယနေ့အချိန်ထိ အဆင့်သတ်မှတ်ချက်အမြင့်ဆုံးအဖြစ် ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၃၁ မှ ၂၀၁၈ ခုနှစ်တွင် ၁၃၇ သို့ ကျဆင်းသွားခဲ့သည်[123]။

လူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်သော *အသံ* က ထုတ်ဝေသည့် အစီရင်ခံစာတစ်စောင်တွင် ဂျာနယ်လစ်များအား တရားစွဲဆိုအရေးယူသည့် အမှုကိစ္စ ၆၇ ခုကို အသေးစိတ်ဖော်ပြခဲ့ပါသည်။[124] အမှုကိစ္စအများစုကို အစိုးရ (သို့မဟုတ်) တပ်မတော်မှ တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး အသုံးအများဆုံးသောဥပဒေမှာ ဆက်သွယ်ရေးဥပဒေ ဖြစ်ကြောင်းတွေ့ရသည်။ ANFREL မစ်ရှင်အဖွဲ့က ပြုလုပ်ခဲ့သည့်အင်တာဗျူးများအရ ပေါ်လွင်ထင်ရှားသည့် အချက်မှာ မြေယာအငြင်းပွားမှု၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် သစ်အရောင်းအဝယ်၊ တိုင်းရင်းသားဒေသများရှိ အကြမ်းဖက်တိုက်ခိုက်မှုတို့ကဲ့သော အကဲဆတ်သည့်အကြောင်းအရာများကို သတင်းတင်ဆက်ရခြင်းသည် နိုင်ငံ၏ နေရာအနှံ့အပြားတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။ သတင်းမီဒီယာများအနေဖြင့် အထူးတလည် သတိထားကြရပြီး တခါတရံတွင် သတင်းရေးသားရာ၌ မိမိဘာသာ ဆင်ဆာဖြတ်ရသည်လည်း တွေ့ရှိရသည်။

၂၀၂၀ ခုနှစ် တစ်နှစ်တည်းတွင်ပင် လက်နက်ကိုင်ပဋိပက္ခနှင့် အခြားဆက်စပ်အကြောင်းအရာများကို ဖော်ပြသည့်အတွက် သတင်းထောက်များ တရားစွဲဆိုခံရသည့် အမှုကိစ္စများစွာ ပေါ်ထွက်ခဲ့ပါသည်။ ၎င်းတို့အနက် အချို့ကို

---

123 https://rsf.org/en/myanmar

124 https://web.facebook.com/athan.foe.myanmar/posts/707268793165522

ဖော်ပြရသော် အစိုးရမှ အကြမ်းဖက်အဖွဲ့အဖြစ်ကြေညာထားသည့် ရက္ခိုင့်တပ်မတော် (AA) ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်နှင့်အင်တာဗျူးကို ဖော်ပြသည့် Voice of Myanmar အယ်ဒီတာ ဦးကိုနေလင်း[125]နှင့် နေဥ္ဆရာသတင်း အယ်ဒီတာချုပ် ဦးခိုင်မြတ်ကျော်[126]၊ တပ်မတော်နှင့် AA ကြား ဖြစ်ပွားသည့်တိုက်ပွဲများကိုဖော်ပြသည့် ဧရာဝတီ သတင်းဌာနက ဦးရဲနိုင်[127]နှင့် ရခိုင်ပြည်နယ်အတွင်း လက်နက်ကြီးကျည်ကျရောက်၍ သေဆုံးခဲ့သည့် ရိုဟင်ဂျာ မွတ်ဆလင် အမျိုးသမီးနှစ်ဦးအကြောင်း သတင်းဖော်ပြခဲ့သည့် ရိုက်တာသတင်းဌာန[128]တို့ ပါဝင်ကြပါသည်။ ဒွဲပြော အွန်လိုင်းသတင်းဌာန အယ်ဒီတာချုပ် ဦးဇော်ရဲထက်အား ကရင်ပြည်နယ်အရှေ့ပိုင်းတွင် COVID-19 ဖြင့် သေဆုံးသူတစ်ဦးရှိခဲ့သည်ဟု မှားယွင်းဖော်ပြခဲ့သည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။ အဆိုပါသတင်းမှားယွင်းကြောင်းသိရှိသည်နှင့်တပြိုင်နက် အယ်ဒီတာမှ တရားဝင်တောင်းပန်မှု ပြုခဲ့ပါသေးသည်။[129]

### *အင်တာနက်နှင့်ဝက်ဘ်ဆိုဒ်များ ပိတ်ဆို့ထားခြင်း*

၂၀၂၀ ခုနှစ် မတ်လတွင် ဝက်ဘ်ဆိုဒ်များကိုပိတ်ပစ်ရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည့်အတွက် သတင်း ဝက်ဘ်ဆိုဒ်များပါ အပိတ်ခံခဲ့ရပါသည်။ ယင်းတို့အနက် Development Media Group၊ နေဥ္ဆရာသတင်းဌာန[130]၊ Mandalay In-Depth News၊ မဲခေါင်သတင်း၊ Voice of Myanmar နှင့် Karen News[131] တို့ ပါဝင်ကြပြီး COVID-19 "သတင်းမှား" ဖြန့်ချိသည်ဟူသော အကြောင်းပြချက်အပါအဝင် အခြားသောအကြောင်းပြချက်များဖြင့် အပိတ်ခံခဲ့ ရခြင်းဖြစ်ပါသည်။[132] မိုဘိုင်းဖုန်းအော်ပရေတာ တယ်လီနောမြန်မာ၏ ထုတ်ပြန်ကြေညာချက်အရ ဝက်ဘ်ဆိုဒ်များ ပိတ်ရန် အာဏာပိုင်များဘက်မှ ပေးပို့လာသည့် ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်မှာ "အများပြည်သူ အကျိုးစီးပွား" နှင့်စပ်လျဉ်းသော ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၇ ဖြစ်သည်ဟုသိရပါသည်။ "သတင်းမီဒီယာ ကျင့်ဝတ်ဖောက်ဖျက် မှုများနှင့် ငြိစွန်းမှုမရှိကြောင်း၊ သတင်းမှားနှင့်သတင်းတုများ ရေးသားဖြန့်ဝေခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိ ခဲ့ရသည့်"အတွက် အမည်မဖော်ပြထားသော ဝက်ဘ်ဆိုဒ်သုံးခုကို အောက်တိုဘာလ ၉ ရက်နေ့တွင် ပြန်လည် ဖွင့်ပေးခဲ့ပါသည်[133]။

အမေရိကန်အခြေစိုက် ပညာရှင်အဖွဲ့ဖြစ်သော Freedom House ၏ ၂၀၂၀ ခုနှစ် "Freedom on the Net" အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အမှတ် ၁၀၀ ဖိုးအနက် ၃၁ မှတ်သာရရှိခဲ့ပြီး "လွတ်လပ်မှုမရှိ" ဟု သတ်မှတ် ယူဆထားသည်။ ဤတွင် အခြားထင်ရှားသောဖြစ်စဉ်များအနက် ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင်ရှိ မြို့နယ်ပေါင်းများစွာတွင် မိုဘိုင်းဖုန်းအင်တာနက်များ ဖြတ်တောက်ထားခြင်းနှင့် သတင်းဝက်ဘ်ဆိုဒ်များ

[125] https://www.irrawaddy.com/news/burma/myanmars-special-branch-police-sue-editor-counter-terrorism-law.html
[126] https://cpj.org/2020/05/myanmar-editor-in-hiding-facing-terrorism-charges/
[127] https://www.irrawaddy.com/news/burma/myanmar-military-case-irrawaddy-editor-move-ahead.html
[128] https://uk.reuters.com/article/uk-myanmar-reuters/myanmar-army-sues-reuters-for-criminal-defamation-police-idUKKBN20W1ZO
[129] https://rsf.org/en/news/myanmar-journalist-jailed-two-years-reporting-covid-19-death
[130] https://www.frontiermyanmar.net/en/operators-split-as-telenor-rejects-govt-order-to-block-fake-news-sites/
[131] https://freedomhouse.org/country/myanmar/freedom-net/202
[132] https://www.mmtimes.com/news/telenor-follows-myanmar-orders-block-alleged-fake-news-sites.html
[133] https://www.telenor.com.mm/en/article/blocking-websites-myanmar-updated-9-september-2020

ပိတ်ဆို့ခြင်းတို့ကို ကိုးကားဖော်ပြခဲ့ပါသည်[134]။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့ရှိ မြို့နယ်ကိုးခုတွင် "မိုဘိုင်းဖုန်းအင်တာနက်လိုင်းများ ရပ်ဆိုင်းထားရန်" အမိန့်ထုတ်ပြန်ခဲ့သည်[135]။ ၂၀၂၀ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မောင်းတောမြို့နယ်တွင် အင်တာနက်လိုင်းများ ပြန်ဖွင့်ပေးခဲ့သော်လည်း[136] အခြားမြို့နယ်ရှစ်မြို့နယ်တွင်မူ 2G ကွန်ရက်သာ ပြန်ဖွင့်ပေးခဲ့သည့်အတွက် voice call ခေါ်ဆိုမှုများနှင့် ဒေတာအကန့်အသတ်နှင့် အသုံးပြုခွင့်ကိုသာ ရရှိခဲ့ကြသည်။[137]

များစွာသော လူ့အခွင့်အရေးအဖွဲ့အစည်းများ ပူးပေါင်းထုတ်ပြန်သည့် ကြေညာချက်တစ်ခု[138]တွင် "ရွေးကောက်ပွဲ အလွန်ကာလအထိ အကျိုးသက်ရောက်မှုရှိသော အင်တာနက်ဖြတ်တောက်မှုအား သက်တမ်းတိုးရန်အတွက် ဆက်သွယ်ရေးကုမ္ပဏီများသို့ အမိန့်ပေးခဲ့သော အစိုးရ၏ နောက်ဆုံးထွက်ရှိထားသည့် အမိန့်ညွှန်ကြားစာအပေါ် များစွာစိုးရိမ်မိပါသည်" ဟုဖော်ပြခဲ့ကြသည်။ 2G ကွန်ရက်ကန့်သတ်ချက်ကို ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အဆုံးသတ်ရန် စီစဉ်ထားသော်လည်း တယ်လီနော၏ထုတ်ပြန်ချက်အရ အင်တာနက်ကန့်သတ်မှုများကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းတိုးရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ မိုဘိုင်းဖုန်းအော်ပရေတာများအားလုံးကို ညွှန်ကြားထားသည်ဟု သိရသည်။[139]

### *ရွေးကောက်ပွဲ သတင်းတင်ဆက်မှုများ*

ANFREL က အင်တာဗျူးခဲ့သည့် ဂျာနယ်လစ်များနှင့် သတင်းဌာနများ၏အဆိုအရ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ် အတွင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို သတင်းတင်ဆက်ရာ၌ ပိုမိုလွတ်လပ်ခွင့်ရရှိလာပြီး အထွေထွေ ရွေးကောက်ပွဲမတိုင်မီ ကြိုတင်မဲကောက်ခံစဉ်အတွင်း၌လည်း မဲရုံများသို့ သွားရောက်သတင်းယူနိုင်ကြသည့်အပြင် ဒေသအာဏာပိုင်များ၏ နှောက်ယှက်ခြင်းမျိုးလည်း မကြုံတွေ့ရဟုသိရသည်။

သတင်းအချက်အလက်ရယူနိုင်ရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှုပိုင်းတွင် တိုးတက်လာ သည်ဟု ANFREL မစ်ရှင်အဖွဲ့အား ပြောကြားခဲ့သော်လည်း အစိုးရအရာရှိများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် (UEC) ကဲ့သို့သော အစိုးရဌာနများမှ သတင်းအချက်အလက်များရယူရာ၌မူ သတင်းထောက်များ အနေဖြင့် အခက်အခဲများရင်ဆိုင်နေကြရသေးသည်။ လူများအနေဖြင့်လည်း စကားပြောမှားလျှင် (သို့မဟုတ်) ဖြေဆိုလိုက်သော အချက်အလက်လွဲမှားသွားပါက ၎င်းတို့ပါ ဒုက္ခရောက်မည်စိုး၍ မီဒီယာနှင့်စကားပြောရန် ဝန်လေးလျက်ရှိနေကြသေးသည်။

မြန်မာသတင်းထောက်များသည် ယေဘုယျအားဖြင့် ၎င်းတို့လုပ်ငန်း၏ ကျင့်ဝတ်စံနှုန်းများအပေါ် တန်ဖိုးထား ကြပြီး ရုံးတွင်းချမှတ်ထားသည့်ကျင့်ဝတ်များနှင့် လူမှုအသိုက်အဝန်းက သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ

[134] https://freedomhouse.org/country/myanmar/freedom-net/2020
[135] https://www.article19.org/resources/myanmar-one-year-on-internet-shutdown-imperils-human-rights-in-myanmar/
[136] https://myanmar-now.org/en/news/internet-ban-lifted-in-maungdaw-township
[137] https://www.mmtimes.com/news/rakhine-chin-internet-restored-only-2g.html
[138] https://web.facebook.com/FreeExpressionMyanmar/posts/3405547552892143
[139] https://www.telenor.com/network-restrictions-in-myanmar-1-august-2020/

ကိုလည်း လိုက်နာမှုရှိကြသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (MPC) မှ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက် ရည်ရွယ်၍ ၎င်း၏ သတင်းမီဒီယာကျင့်ဝတ်များနှင့်ကျင့်ထုံးများအပေါ်အခြေခံကာ ရွေးကောက်ပွဲသတင်းများ တင်ဆက်ရာ၌ သတင်းမီဒီယာသမားများအနေဖြင့် လိုက်နာဆောင်ရမည့် လမ်းညွှန်ချက်များကို ရေးဆွဲပေး ထားသည်[140]။

သို့သော်လည်း Myanmar Network Organization for Free Elections (MYNFREL) ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာဖော်ပြချက်များနှင့်စပ်လျဉ်းသည့် ကနဦးတွေ့ရှိချက်များအရ သတင်းမီဒီယာများသည် အထင်ကရ ပါတီကြီးနှစ်ခုဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) တို့ကိုသာ အဓိကအာရုံစိုက်ခဲ့ကြကြောင်းသိရသည်။ MYNFREL အနေဖြင့် သတင်းစာငါးစောင်၊ တီဗီချန်နယ်လိုင်းခြောက်ခု၊ ရေဒီယိုသတင်းဌာနငါးခုနှင့် ဝက်ဘ်ဆိုဒ်ခုနစ်ခုတို့၏ သတင်းတင်ဆက်ပုံတို့ကို လေ့လာသုံးသပ်ခဲ့ခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်နှင့်နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာများတွင် NLD အကြောင်းကို အများဆုံးဖော်ပြကြပြီး ဒုတိယအများဆုံးမှာ USDP ဖြစ်၍ တတိယမှာ PPP ဖြစ်သည်။ NLD အကြောင်း ဖော်ပြရာ၌ သတင်းမီဒီယာများဘက်မှ အကောင်းမြင်ကြပြီး တိုင်းရင်းသားလူနည်းစုပါတီများမှာ ဖော်ပြခံရသည့် အကြိမ်ရေ နည်းပါးသည်။

မြောက်မြားစွာသော နိုင်ငံရေးပါတီများမှ ANFREL သို့ ပြောကြားချက်အရလည်း သတင်းမီဒီယာအခင်းအကျင်း တစ်ခုလုံးသည် အာဏာရပါတီဘက်သို့ ယိမ်းသည်ဟု ၎င်းတို့အနေဖြင့် ခံစားနေကြရသည်ဟုဆိုသည်။ NLD နှင့် USDP ကြားပြိုင်ဆိုင်မှုကို မကြာခဏဆိုသလို အလေးပေး ဖော်ပြတတ်ကြသော်လည်း ပါတီအငယ်များကိုမူ သတင်းမီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် သတင်းရေးသား ဖော်ပြလေ့မရှိကြချေ။ ထို့အပြင် MYNFREL မှ ANFREL သို့ ပြောကြားချက်အရ သတင်းမီဒီယာများသည် ယေဘုယျအားဖြင့် ရွေးကောက်ပွဲကို လွတ်လပ်မျှတသည်ဟု ရေးသားဖော်ပြကြသော်လည်း တိုင်းရင်းသားလူနည်းစု၊ အမျိုးသမီးနှင့် လူငယ်နိုင်ငံရေးသမားများ အစရှိသည့် ထိခိုက်လွယ်ပြီးဘေးဖယ်ခံရလေ့ရှိသူများအကြောင်းကိုမူ ရေးသားတင်ဆက်မှု အနည်းငယ်တွေ့ရသည့်တိုင် လုံလောက်မှုမရှိသေးသည့်အတွက် ပိုမိုလွှမ်းခြုံမှုရှိသော သတင်းတက်ဆက်မှုမျိုးပြုလုပ်ရန် လိုအပ်သည်ဟု သိရသည်။

### *COVID-19 ၏ ရိုက်ခတ်မှု*

ရောဂါပြန့်ပွားမှု ပိုမိုမဖြစ်ပွားစေရန် ထိန်းချုပ်သည့်အနေဖြင့် ခရီးသွားလာမှု ကန့်သတ်ထားခြင်းကြောင့် သတင်းထောက်များအတွက် အလုပ်လုပ်ကိုင်ရာ၌ အတားအဆီးဖြစ်စေသောကြောင့် COVID-19 ကပ်ရောဂါသည် ၎င်းတို့အား အခက်အခဲဖြစ်စေသည်။ မြန်မာနိုင်ငံ၏ တင်းကြပ်လှစွာသော stay-at-home အမိန့်များအောက်တွင် မီဒီယာသည်လည်း ခြွင်းချက်ပြုခြင်းမခံရသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အကယ်၍သာ ခြွင်းချက်ရရှိခဲ့ပါက အများပြည်သူအတွက် သတင်းတင်ဆက်ရန် ခွင့်ပြုချက်များ ရရှိနိုင်မည်ဖြစ်ပါသည်[141]။ နိုင်ငံတကာ ပုဂ္ဂလိက

[140] https://en.unesco.org/news/myanmar-press-council-launches-media-guidelines-election-coverage

[141] https://www.nytimes.com/2020/09/28/world/myanmars-virus-restrictions-keep-journalists-at-home.html

လေကြောင်းလိုင်းများကို ပျံသန်းသွားလာခွင့် ပိတ်ထားသည့်အတွက်ကြောင့်လည်း နိုင်ငံတကာ သတင်းမီဒီယာများမှ ၂၀၂၀ ရွေးကောက်ပွဲကို လုံလောက်စွာ သတင်းဖော်ပြနိုင်ရန် အခက်အခဲကြုံခဲ့ရသည်[142]။

COVID-19 ၏ စီးပွားရေးဂယက်ရိုက်ခတ်မှုကို များစွာသောသတင်းဌာနအသစ်များမှလည်း ခံစားခဲ့ကြရပြီး ဝန်ထမ်းဦးရေ လျှော့ချခဲ့ရသည့်အတွက် ရွေးကောက်ပွဲသတင်းတက်ဆင်မှုနှင့် အခြားအရေးကြီးသော သတင်းဖော်ပြမှုများကိုပါ လျော့နည်းစေခဲ့သည်။ ရခိုင်ပြည်နယ်တွင် COVID-19 ရောဂါပြန့်ပွားမှုကြောင့် ဩဂုတ်လကတည်းကစ၍ သတင်းစာပေးပို့မှုများအားလုံး ရပ်ဆိုင်းသွားခဲ့သည်ကို ANFREL က လေ့လာတွေ့ရှိခဲ့ရပါသည်။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးမှုကို အကန့်အသတ်နှင့်သာ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့်လည်း ရွေးကောက်ပွဲမတိုင်မီကာလ သတင်းမီဒီယာတင်ဆက်မှုကို လျော့ပါးသွားစေခဲ့သည်။

### *လုပ်ကြံသတင်းများ*

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း သတင်းလုပ်ကြံဖြန့်ချိမှုများစွာကိုလည်း တွေ့ရှိခဲ့ရပါသည်။ ယင်းတို့အနက် NLD အပေါ် ယုံကြည်မှုကျဆင်းလာသည်ဟူသော ရွေးကောက်ပွဲအကြိုစစ်တမ်း ဇယားကွက်အတုကို မြောက်မြားစွာသော ဖေ့စ်ဘုတ်ပို့စ်များ ဘလော့ဂ်များဖြင့် မျှဝေခဲ့ကြပြီး[143]၊ ဝက်ဘ်ဆိုဒ်တစ်ခုတွင်မူ လွတ်လပ်သောအာရှအသံ (Radio Free Asia) ၏ဒီဇိုင်းပုံကိုကူးချပြီး လုပ်ကြံသတင်းများနှင့် အမုန်းစကားများဖြန့်ဝေခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်[144]။

UEC က လူမှုကွန်ယက်စာမျက်နှာများတွင် မမှန်သတင်း ဖြန့်ချိသည့်ကိစ္စ အထူးသဖြင့် နိုင်ငံရေးပါတီများသည် ကြိုတင်မဲပေးသည့် ကိစ္စနှင့်ပတ်သက်၍ ပြဿနာရှိသည်ဟူသော ပြောကြားချက်မျိုးနှင့်စပ်လျဉ်း၍ သတိပေးပြောဆိုခဲ့သည်။ "အဆိုပါသတင်းများတွင် မှန်ကန်သော သတင်းများသာမက မှားယွင်းသောအချက်အလက်များ၊ ချဲ့ကားမှုများ၊ သတင်းအတိအကျကိုထိန်ချန်ပြီး မဲဆန္ဒရှင်များအား အမြင်လွဲမှားစေနိုင်သည့် အချက်များနှင့် လိုရင်းမရောက်သော သတင်းအချက်အလက်များလည်းပါဝင်သည်" ဟု UEC က ပြောကြားခဲ့ပါသည်။ ထို့အပြင်လည်း UEC မှနေ၍ "မဲပေးသည့်လုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲပျက်ပြားစေရန်ရည်ရွယ်၍ မမှန်သတင်း၊ အခြေအမြစ်မရှိသောသတင်းများကို ပြောဆိုခြင်း၊ ရေးသားခြင်း၊ မျှဝေခြင်းကို တွေ့ရှိပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၈ (ဃ) ကို ချိုးဖောက်ရာရောက်သည်[145]" ဟု သတိပေးထားပါသည်။

ANFREL က အင်တာဗျူးခဲ့သည့် ဂျာနယ်လစ်များနှင့် သတင်းမီဒီယာအဖွဲ့ဝင်များ၏ ပြောကြားချက်အရ ၎င်းတို့အနေဖြင့် လုပ်ကြံသတင်းများကြောင့် ၂၀၂၀ ရွေးကောက်ပွဲကို ထိခိုက်စေလိမ့်မည်ဟု အထူးတလည် စိတ်မပူမိသော်လည်း မြောက်မြားစွာသောပြည်သူများမှ သတင်းတု၊ သတင်းမှားများကို လူမှုကွန်ယက်ပေါ်တွင် မျှဝေနေကြသည့်ကိစ္စကို သတိပြုမိကြသည်။ ဤတွင် MIDO ၏ "Real or Not"[146]၊ AFP Myanmar Fact Check[147]၊ Boom

---

[142] https://www.mmtimes.com/news/foreign-reporters-cannot-enter-myanmar-cover-election-run.html
[143] https://factcheck.afp.com/fake-survey-results-about-declining-public-trust-myanmars-ruling-party-circulate-facebook-ahead
[144] https://www.rfa.org/english/news/myanmar/media-fake-10132020104123.html
[145] https://www.gnlm.com.mm/announcement-about-spreading-election-disinformation/
[146] https://www.mmtimes.com/news/mido-fact-check-facebook-news.html
[147] https://factcheck.afp.com/afp-myanmar

Myanmar[148] နှင့် Fact Crescendo Myanmar[149] အစရှိသည့် မြန်မာနိုင်ငံအတွင်း သတင်းတုနှင့်သတင်းမှားများ ဖော်ထုတ်ရေးကို ဆောင်ရွက်သည့် သတင်းအချက်အလက်စစ်ဆေးရေး ပေ့ချ်များ ပေါ်ထွက်လာခဲ့ပါသည်။

MIDO ၏ ပြောကြားချက်အရ လုပ်ကြံသတင်းများသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပစဉ်ကထက်ပင် ပို၍ ပြန့်နှံ့လျက်ရှိသည်။ နည်းပညာများဖွံ့ဖြိုးလာပြီး ပိုမိုအဆင့်မြင့်လာသည့်အတွက် အွန်လိုင်းပလက်ဖောင်း စာမျက်နှာများကို တလွဲအသုံးချသည့်နေရာ၌ ပို၍ပင်စနစ်ကျလာသည်။ အွန်လိုင်းအသုံးပြုသည့် လူဦးရေမှာလည်း တိုးပွားလာခဲ့သည်။ ဖေ့စ်ဘုတ်ကဲ့သို့သော ပလက်ဖောင်းများမှ အရေးယူတုံ့ပြန်ဆောင်ရွက်ရာတွင် တိုးတက်မှု အချို့ရှိလာသည်ကို MIDO က အသိအမှတ်ပြုသော်လည်း လုံလောက်မှုမရှိသေးဟုသိရသည်။ MIDO ၏ အကြံပြုချက်အရ လူမှုကွန်ရက်များအနေဖြင့် ရှုထောင့်စုံလင်သည့် ချဉ်းကပ်မှုတစ်ရပ်ကို အသုံးပြုပြီး လုပ်ကြံ သတင်းများကို တိုက်ဖျက်ရာ၌ ဆက်စပ်ပတ်သက်သူများအားလုံးကို ပါဝင်စေသင့်သည်။

ဖေ့စ်ဘုတ်မှလည်း မြန်မာနိုင်ငံရွေးကောက်ပွဲကျင်းပပြုလုပ်စဉ် အတောအတွင်း ၎င်းပလက်ဖောင်းကို တလွဲအသုံး ပြုခြင်း၊ မကောင်းသောရည်ရွယ်ချက်ဖြင့် အသုံးချခြင်းများမဖြစ်ရလေအောင် ဆောင်ရွက်ထားသည်များကို အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးခဲ့ပါသည်။[150] ဥပမာအားဖြင့် လူအများမဲမပေးနိုင်စေရန်ကြိုးပမ်းခြင်း (သို့မဟုတ်) ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ရှိမှုကို ထိခိုက်စေခြင်းတို့ကိုဖြစ်စေနိုင်သည့် လုပ်ကြံသတင်းများကို ဖယ်ရှားရေးအတွက် ၎င်း၏မူဝါဒကိုချဲ့ထွင်ဆောင်ရွက်ခြင်း၊ ၎င်းအခြေခံမူများကို ဖောက်ဖျက်သည့် အမုန်းစကား များကို ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်[151]။

---

[148] https://www.boommyanmar.com/about-us/

[149] https://myanmar.factcrescendo.com/english/

[150] https://techcrunch.com/2020/09/23/facebook-gives-more-details-about-its-efforts-against-hate-speech-before-myanmars-general-election/

[151] https://about.fb.com/news/2020/08/preparing-for-myanmars-2020-election/